www.burmeseclassic.com

တက္ကသိုလ်

# နေဘုန်းဦး

## ကျွန်တော့်ဆွေမျိုး



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် နေဘုန်းဦး

# ကျွန်တော့်ဆွေမျိုး

( နှစ်အုပ်တွဲ သိုင်းစာစဉ် )

## ပထမပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## နဂါးနက်ကိုကြီး၏သခင်

ချန်ရှင်း အိပ်ရာမှနိုးလာသောအခါ နေမွန်းတည့်ပြီး၊ ခုတင်တစ်ခုပေါ်တွင် သူရောက်နေသည်။

အခန်းထဲတွင် မည်သူမျှမရှိ။

အခန်းတံခါး ပွင့်လာသည်။

အမျိုးသမီးငယ်တစ်ဦး ဝင်လာသည်။

ချန်ရှင်း ခုတင်ပေါ်မှ ထလိုက်သည်။

'ရှင် အိပ်ရာကနိုးပြီကိုး'

ချန်ရှင်း မိန်းကလေးကိုမြင်လိုက်သည်နှင့် အံ့ဩသွားသည်။

မိမိ သည်နေရာသို့အဘယ်ကြောင့်ပြန်ရောက်လာရသနည်း။

'ရှင့်ဝါ အစ်ကိုကို တစ်ညလုံးထိုင်စောင့်နေတာ'

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည်....

သူ့ရှိနေသော ကာလအတွင်း တာဝန်ကျေခဲ့သော မိန်းကလေး တစ်ဦး ဖြစ်သည်။

အခုနေကြာလာသော နှစ်တွေကို မိန်းကလေး အမှတ်ရနေ ပုံရသည်။

ချန်ရှင်း မိန်းကလေးကို တစ်ချက်ခေါ့ကြည့်လိုက်သည်။

မိန်းကလေး စရိုက်တာသို့ ငေးမောနေသည်။

သူ့ကိုလှည့်မကြည့်ဘဲ မိန်းကလေးပြောသည်။

'ရှင့်ကို တစ်ပါတည်းခေါ်ခဲ့ရမယ်တဲ့'

'အော်.... ဒါဖြင့် ခဏစောင့်'

ချန်ရှင်း ထလိုက်စဉ် ရှုတ်တရက် ယိုင်ထိုးသွားသည်။

'ရှင် အရမ်းမထနဲ့လေ'

မိန်းကလေး သူ့ကိုလာတွဲသည်။

'ကျေးဇူးတင်ပါတယ်'

'ခဏနေဦး နွားနို့ပူပူလေး သောက်လိုက်ဦး'

စားပွဲတစ်ခုတွင် သူ့ကိုပြန်ထိုင်ခိုင်းသည်။

နွားနို့ခွက်ကို မိန်းကလေး သူ့ရှေ့သို့ထိုးပေးသည်။

မိန်းကလေး သူ့ကိုစိုက်ကြည့်နေသည်။

သူကတော့....

နွားနို့ကိုသာ ကုန်အောင်သောက်နေသည်။



'ရှင့်ကို မမဟွာဟင် ဒီကိုမြန်မြန်ခေါ်လာတာ'

အဆက်အစပ်မရှိသော စကားတို့ကို မိန်းကလေးပြော နေလည်း။

သူ ဖူကျင်းမြို့ကိုတာဝန်နှင့်သွားပြီးအပြန် လမ်းတွင်လဲကျ သွားမှန်း နောက်ဆုံးသိရသည်။

နောက်တော့ သူ တာမျှမသိတော့။

မိမိနှင့် ဟွာဟင် ချစ်သူတွေဖြစ်မှန်းကိုမိန်းကလေးသိသည်။

မိန်းကလေးက

မိမိအား တစ်ဖက်သတ် ကြိုက်နေမှန်းကိုလည်း ချန်ရှင်း သိသည်။

ခုနက....

မိမိကိုလာတွဲစဉ်ကပင် မိမိတို့နှစ်ယောက် အမူအယာပျက် ခဲ့ကြသည်။

ဒါပေမယ့်....

မိမိရော မိန်းကလေးပါ ထိန်းသိမ်းခဲ့ကြသည်။

ဒါကို မိန်းကလေး သိသည်။

သူ့တွင် တာဝန်တွေက တသီတသန်းကြီး ရှိသေးသည်။

'ကဲ.... သွားလို့ရပြီ'

သူ ရှေ့ဝါနောက်က လိုက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



လူသွားစကြံတစ်ခုကို ဖြတ်ကျော်လာရသည်။

ကြီးမားသော အဆောက်အအုံ၊ ဂိုဏ်းချုပ်ကြီးနေထိုင်သော ခန်းမ ဒီအထဲသို့ အရေးကြီးသောအကြောင်းရှိမှဝင်ရသည်။

ဂိုဏ်းချုပ်ကြီး ကုလားထိုင်တစ်လုံးတွင် ထိုင်နေသည်။

ကျားသားရေသည့် ဂိုဏ်းချုပ်ကြီး၏ နူးညံ့သောခြေဖဝါးတို့ကို နွေးထွေးစေသည်။

ဂိုဏ်းချုပ်ကြီး၏ညာဘက်တွင် ကျန်ချေ၊ ဘယ်ဘက်တွင် ဟွာဟင်မိန်းကလေး။

ချန်ရှင်း ဂိုဏ်းချုပ်ကြီးကို အရိုအသေပြုလိုက်သည်။

သူ သတိထားမိလိုက်သည်က ကျန်ချေပင်။

မြေမြေချင်း ခြေမြင်သည့်သဘောပင်။

ဟွာဟင်မိန်းကလေး သူ့ကိုစိုက်ကြည့်နေသည်။

ဂိုဏ်းချုပ်ကြီးသည် ချန်ရှင်းကို တစ်ချက်ပြုံးပြပြီး....

'ဖင်းရဲသတ္တိကိုတော့ ချီးကျူးပါတယ်၊ ဖူကျုံင်းကတော့ ကိုတို့ အသိအမှတ်ပြုနိုင်ပါပြီ'

ဂိုဏ်းချုပ်ကြီး၏ ချီးကျူးသံကို မနှာလိုသည်က ကျန်ချေ ပင် ဖြစ်သည်။



ဒါတွေကို သူ့ဂရုစိုက်တတ်သူမဟုတ်မှန်း သူသိသည်။

ဂိုဏ်းချုပ်ကြီး သူ့ကို စလွယ်တစ်ခု ချီးမြှင့်သည်။

ဂိုဏ်းချုပ်ကြီး သူ့ကို စေ့စေ့ကြည့်ပြီး ထွက်သွားပေပြီ။

ကျန်ချေလည်း နောက်ကလိုက်သွားသည်။

ဂိုဏ်းချုပ်ကြီး၏လက်ရုံး ဟွာဟင်တစ်ယောက်သာ ကျန်တော့သည်။

သူ့လက်ထဲတွင်....

တောင်ဝှေးတစ်ချောင်း ကိုင်ထားသည်။

သူမ၏ရုပ်သွင်သည်....

သိုင်းသမားတစ်ယောက်လိုရုပ်မျိုး မဟုတ်။

နန်းတော်ထဲက အပျိုတော်ရုပ်သွင် ဖြစ်နေသည်။

ချန်ရှင်း သူ့ကို...

'ကျုပ်ကို ဒီအထိပြန်ခေါ်လန်တဲ့အတွက် ကျေးဇူးတင်ပါတယ် ဟွာသခင်မလေး'

ဟွာဟင်သည် တစ်ချက်ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင်က ကျေးဇူးတရားကို သိတတ်သားပဲ'

သူ့ကို ရွဲ့ပြောနေမှန်း သူသိသည်။

ဒါပေမယ့် မသိချင်ယောင် ဆောင်လိုက်သည်။

'တကယ် ကျေးဇူးတင်တာပါ'

···★···

## ချစ်သူအတွက် ဘဝကျိန်စာ

စုခင်းတောင်တန်း....

ယင်းတောင်တန်းသည် အမြဲစိမ်းလန်း စိုပြေနေသော တောင်တန်းဖြစ်၍ သာယာလှသည်။

ရှုမငြီးအောင် ဖြစ်သည်။

စမ်းချောင်းလေးများ တသွင်သွင်စီးနေသည်။

ဤတောင်တန်းသည် ကဗျာဆန်နေတော့သည်။

အထူးသဖြင့်....

ချစ်ကြည်နူးကြသူများအတွက် ချစ်ကြည်မှုအမှတ်တရ ဖြစ်သည်ဆိုလျှင် ပို၍မှန်ကန်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင်...

ရှေ့ခြင်းထောင်ဘိန်း စမ်းချောင်းလေးထဲက ချမ်းသွန်ရှုံးဦး အဘွားတော့ စမ်းရေနှင့်အတူ အေးမြနေသည်။

ချမ်းစားလေးများ ဖောင်ဖွဲ့၍ပင် မကုန်နိုင်တော့ပေ။

ချမ်းသုံးပန်းကလေးတစ်ပွင့်သည် ကောင်မလေးဆီမျော၍ လာသည်။

ထိုပန်းကလေးကို ကောင်မလေးဆယ်၍ မန်းလိုက်သည်။

လုလင်ကား....

ချန်ရှင်းဖြစ်ပြီး လုံမငယ်မှာ ဟွာဟင်ပင်ဖြစ်သည်။

ဟွာဟင်သည်....

နဂါးနက်ဂိုဏ်း၏ အားအထားရဆုံးတပည့်မ ဖြစ်သည်။

ထို့ကြောင့်...

ဂိုဏ်းချုပ်သည် သူမအား တစ်နေ့ကျလျှင် ဂိုဏ်းချုပ်၏ အမွေဆက်ခံမည့်သူတစ်ယောက်အဖြစ် သတ်မှတ်ထားသည်။

နဂါးနက်ဂိုဏ်းသည်...

ထိုအချိန်က တိပ်ထိပ်ကျဲဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်။

ထိုအချိန်ဝယ်....

ချန်ရှင်းသည် အသက်နှစ်ဆယ်ပြည့်ရုံလေး ဖြစ်သည်။

နုပျိုသားနား ရှုချင်စဖွယ်သိုင်းသမားတစ်ယောက်ဖြစ်၏။



သို့သော်...

ယူ့ သိုင်းပညာများ ထူးခြားအံ့သြဖွယ်တုတ်မြောက်သည်။

တစ်နည်းဆိုသော်....

သိုင်းပညာအဆင့်အတန်း ထိပ်ဆုံးရောက်နေပြီဖြစ်၏။

ချန်ရှင်းကတော့....

မိမိသိုင်းပညာကို သတိမထား၊ ဂရုမပြုမိပေ။

တမှန်ဆိုသော်....

မိမိပညာကို ဂုဏ်ယူဝင့်ကြွားခြင်းမရှိသူတစ်ယောက်ဖြစ်၏။

ထို့သို့....

သိုင်းအကျော်အမော် ခေတ်လူငယ်မျိုးကို နဂါးနက်ဂိုဏ်းချုပ်ကြီး မွေးမြူလေ့ရှိလေသည်။

ယစ္စာတော် ခံခွင့်ပေးထားသည်။

တစ်နည်းဆိုသော်....

အဖွဲ့တွင် ချန်ရှင်းလိုလူငယ်ပေါင်းများစွာရှိသည်။

သို့ပေမယ့်....

ချန်ရှင်းလောက် ဂိုဏ်းချုပ်ကြီးမျက်နှာသာပေးခံရသူမရှိပေ။

ဒါကြောင့်လည်း....

ဟွာဟင်သည် ယူ့အပေါ် လေးစားမိသည်။ ကြည်ညိုမိသည်။

ထိုမှတစ်ဆင့်တက်၍....

မေတ္တာသက်ဝင်သည်အထိ ဖြစ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို--

မျက်စိ၈၂ါးမွေးစူးသူက ကျွန်ချေဖြစ်သည်။

ကျွန်ချေသည်....

ဟွာဟင်ကို တ ဲဖက်သပ် ကြိုက်နေသူဖြစ်သည်။

သူတို့အတွဲတွင်....

ဟွာဟင်နှင့်သူ လက်ယာရံလက်ဝဲရံဖြစ်သည်။

ဒါကို....

ဟွာဟင်က သူ့အားကျော်လွှား၍ ချန်ရှင်းကို နှစ်သက်နေသည်ကို သူ နည်းနည်းမှမကျေနပ်ပေ။

ချန်ရှင်း၏ပျော့ကွက်များကို အမြဲထောက်ထောက်ကြည့်နေသည်။

သူ့ကို...

တစ်နေ့ ပညာပေးဖို့ ချောင်းမြောင်းနေသလို ဖြစ်သည်။

ဒီအကြောင်းတွေကို သူတို့နှစ်ဦးစလုံး မသိကြပေ။

ကျွဲခတ်ခံရသောအသည်း အမြဲနာနေသည်။

ချန်ရှင်းကို သူရှင်းပစ်မှ သူ့အဖို့အေးမည်။

ချန်ရှင်းရှိနေသရွေ့....

သူနှင့်ဟွာဟင် နီးစပ်ဖို့အဆင်မပြေနိုင်ပေ။



မေတ္တာစိတ်ကြောင့်...

ဖေါ်သမီး တစ်ဟုန်းဟုန်း တောက်နေသည်။

မနာလိုမုန်းတီးမှုများ တဖွားဖွားပေါ်နေသည်။

ချန်ရှင်းကိုသတ်ရမည်။

အပြတ်ရှင်းရမည်။

သို့သော်....

သိုင်းပညာ တစ်ဖက်ကမ်းခတ်တတ်မြောက်နေ ချန်ရှင်းအား သူမည်သို့အပျောက်ရှင်းရမည်နည်း။

ဘယ်ပုံစံနှင့်မျှမရ။

မည်သို့ဖြစ်စေ....

မစားရသည့်အမဲ သဲနှင့်ပက်တော့မည်။

ထို့ကြောင့်....

ချန်ရှင်းနှင့်ဟွာဟင်တို့ကို ကောက်ကျစ်စဉ်းလဲမှုတွေ လုပ်တော့သည်။

ချန်ရှင်း၏ဘိုးဘွားလက်ထက်ကပိုင်ဆိုင်ခဲ့သော ဆေးကျမ်းတစ်ကျမ်းရှိသည်ကို သူသိသည်။

ထိုကျမ်းကို....

မျက်နှာလုပ်၍ဂိုဏ်းချုပ်ကြီးအား ပြောလိုက်လျှင်သဘောကျမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာကျွယ်...

ချန်ရှင်းကို ဂိုဏ်းချုပ်ကြီးသူခိုင်းမှာဖြစ်သည်။

ဒီအခွင့်အရေးဘည်း...

သူ့အတွက် အသုံးဝင်သောအခွင့်အရေးတစ်ခုပင်။

"ဘီလူးချက်နှာဘွားဘွားသည် ထိုအကြံကို သဘောတူလိုက်သည်။

ကျန်ချေကိုဦးစီးဖို့ စီစဉ်ခိုင်းသည်။

ကျန်ချေသည်....

တစ်ဖက်တွင် စေတနာထားသလိုနှင့် တစ်ဖက်တွင် အလွန်ကောက်ကျစ်တော့သည်။

ဂိုဏ်းချုပ်ကြီးသည်...

သိုင်းကျမ်း ချန်ရှင်းဆီမှာရှိသည် ဆိုကတည်းက ဘယ်သူ့တေတေ ငတေမာရင်ငြိုးရာပုံစံဖြစ်သွားလည်း။

သူမ၏...

နဂါးနက်ဂိုဏ်းအဖွဲ့ အာဏာကြီးစိုးရေးကို သူတစ်ဖက်သပ်ကြံစည်နေသောသူဖြစ်သည်။

မိမိသည်....

လောကကြီးတစ်ခုလုံး ကြီးစိုးသူအဖြစ် ခံယူချင်သည်။

ထိုအတွက်ဆိုလျှင်...

ဘယ်အရာနှင့်လဲရလဲရ သူလဲမည်ဖြစ်သည်။



တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ သူ စဉ်းစားနိုင်စွမ်းမရှိတော့ပေ။

ချန်ရှင်းကို အနုနည်းနှင့်စည်းရုံးကြည့်သည် မရ။

သူ့ကို အဖွဲ့၏ခိုင်းသောတာဝန်များတွင် ရန်သူနှင့်အတူ အဖွဲ့မှ သိုင်းအကျော်အမော်တို့ပါ ပူးပေါင်း တိုက်ခိုက်သည်။

ဒါပေမယ့်....

တာဝန်ကျေပွန်စွာ ထမ်းဆောင်တတ်သော ချန်ရှင်းကို မည်သူမျှမနိုင်ပေ။

ထိုအခါ....

ဂိုဏ်းချုပ်ကြီးသည် ဗိုလ်ချခြင်းလာသည်။

စိတ်မကျေမနပ်၊ စိတ်မချမ်းမလာဖြစ်လေတိုင်း အပြစ်မဲ့သောချန်ရှင်းကို အညိုးကြီးလာသည်။

ခုနကမိတ်ဆွေ၊ အခု ရန်သူဖြစ်လာသည်။

ဒေါသကြောင့် အမှောင်ဖုံးလာသည်။

အမှောင်ဖုံးလေ မိုက်တွင်းနက်လာလေ ဖြစ်တော့သည်။

အခွင့်အခါကို ချောင်းနေသော....

ကျန်ချေအဖို့ ခရီးလမ်း ပိုဖြောင့်သွားသည်ဟု ထင်မိသည်။

သူ့အတွက်....

ခလုတ်တစ်ခုလျော့သွားတော့မည်ဟု သူထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြားမှ....

လူဋ္ဌမ်းကောင်းများဖြင့် ချန်ရှင်းကို အနိုင်မရလေသော အခါ သူ သမ်းကြောင်းပြောင်းဖို့ကြိုးစားရပြန်သည်။

အကွက်သမားတစ်လောက်အဖို့....

ဒီအကွက်ဖြင့်မရနိုင်လျှင် နောက်ထစ်ကွက်ရွှေ့ဖို့ဝန်မလေးပေ။

တကယ်တော့....

ကျွန်ချော၏အဓိကပစ်မှတ်သည် ချန်ရှင်း အမြစ်ပြုတ်ရေးပင်ဖြစ်သည်။

ဒီအတွက်....

သူညာဏ်သုံးသည်၊ ကောက်ကျစ်သည်၊ လူဆိုးမ်းကောင်းတို့ လုပ်အပ်မလုပ်အပ်သည်ကို သူထည့်မတွက်နိုင်၊

သူအသာရဖို့က အဓိကဖြစ်နေသည်။

ချန်ရှင်းမရှိလျှင်....

သူ ဟွာဟင်ကို တစ်ယောက်တည်းရမည်။

ဒီအခွင့်အရေးမျိုး သူလိုချင်နေသည်။

သူနှင့်ဟွာဟင်....

ပျော်ရွှင်စွာ ဂိုဏ်းကိုထိန်းသိမ်းဖို့ရာ ခလုတ် တစ်ခုက အရေးထဲအချောပေါ်နေသည်။



ဂိုဏ်းချုပ်ကြီး၏အစီအမံကို သူထမြောက်အောင် တွန်းပို့ပေးဆဲဖြစ်သည်။

လူအချင်းခြင်း....

ပညာတူရန်သူအဖြစ် သူတစ်ယောက်တည်း တစ်ဖက်သတ် သတ်မှတ်လိုက်သည်။

အချစ်အတွက်....

အညိုးကြီးစွာ သူ့အားထုတ်ပေးနေပြီ။

အချိန်အတော်ကြာသော်....

ဂိုဏ်းချုပ်ကြီးကို နောက်အစီအစဉ်တစ်ခု ထပ်မံ တင်ပြသည်။

ထိုအစီအစဉ်က....

ဟွာဟင်နှင့် ချန်ရှင်း နီးစပ်မှုများ ဂိုဏ်းချုပ်ကြီးသိသည်။

သို့အတွက်ကြောင့်....

အစီအစဉ်အရ ဓားသိုင်းကျွမ်းကို ဟွာဟင် မိန်းမတို့ မာယာဖြင့်တောင်းလျှင် ရနိုင်ကြောင်း ကျွန်ချောဂိုဏ်းချုပ်ကြီးအား တိုက်တွန်းပြောတော့သည်။

ဒီအတွက်...

ဟွာဟင်နှင့်ဂိုဏ်းချုပ်ကြီးတို့ တိုက်ကွက်မည်သို့ဖြစ်မည်ကို ကျွန်ချောသိချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အစီအစဉ်ကို....

ဂိုဏ်းချုပ်ကြီးစဉ်းစားပြီး လက်ခံရန် ဆုံးဖြတ်လိုက်သည်။

အဆင်မပြေရသည်မှာ ဟွာဟင်ဖြစ်သည်။

ဟွာဟင်သည် ဂိုဏ်းချုပ်ကြီး၏လက်ယာရုံဖြစ်သည်။

နှစ်ရှည်လများ ဂိုဏ်းချုပ်ကြီးနှင့်အတူ နေလာသည်ကို ဂိုဏ်းချုပ်ကြီး သူ့အပေါ် အမြင်စောင်းနေပြီဟု သူထင်သည်။

ပြန်မပြောရဲသောဟွာဟင်သည် ချစ်သူနှင့် ဂိုဏ်းချုပ်ကြီး ကြားတွင် သောကရောက်ရတော့သည်။

မိမိ၏သောကကို ချစ်သူအား ဖွင့်မပြောရက်ပေ။

ချစ်သူနှစ်ဦးအတွက် မုန်တိုင်းကျရောက်မည့်အချိန် ဖြစ်သည်။

ထိန်းမနိုင်သိမ်းမနိုင်သော သောကကို ရင်ဝယ်ပိုက်ထားရှာသည်။

သို့ပေမယ့်....

ထိုဝေဒနာသည် နှစ်ယောက်စလုံးအတွက် ကံကောင်းမည်မဟုတ်ဟုသူထင်သည်။

အချိန်ကြာလာလျှင်....

ဂိုဏ်းချုပ်ကြီး သူ့ကိုမေးတော့မည်။



အဲ့ဒီအခါ သူ မပြန်ဖြေရမည့်စကား သူမစဉ်းစားဝံ့နေ။

ရက်များကြာလာသောအခါ သူမရင်ထဲ မျိုသိပ်မထားနိုင်တော့။

ချစ်သူမျက်နှာပျက်နေသည်ကို ချန်ရှင်း သတိထားမိသည်။

"ဟွာဟင် မျက်နှာမကောင်းတာကြာပြီ"

သူမ ချစ်သူစိတ်ချမ်းသာအောင် အားယူ၍ပြုံးလိုက်သည်။

သူပြုံးသည့်အပြုံးကို ချန်ရှင်းနားလည်သည်။

အလိုလိုသိနေသော သူသည် မရအရမေးသည်။

"ကိုယ့်ချစ်သူတစ်ယောက်ဆို ပြောသင့်တယ်ဟွာဟင်"

ငိုသံ....

စမ်းချောင်းထဲသို့ မျက်ရည်စီး စီးဆင်းသွားသည်။

သူမ ငိုနေပါပြီ။

ချန်ရှင်း နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဒါဟာ သူတို့ နှစ်ယောက်အတွက် စိတ်မကောင်းခြင်းလက္ခဏာပင် ဖြစ်သည်။

ဟုန်လှုပ်သော သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်လိုက်ကြသည်။

ဟွာဟင် ချစ်သူမျက်နှာကိုဆွေးဆွေးမြေ့မြေ့ကြည့်သည်။

ရင်ထဲက ဆို့နစ်လာသောစကားတို့ကို အကြောင်းစုံ ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်ရှင်း ချစ်သူကိုချော့သည်။

စိတ်တင်းထားဖို့ပြောသည်။

သိုင်းအကျော်အမော်ပင် ဖြစ်လင့်ကစား....

နှစ်ဦးစလုံး အသည်းနှစ်လုံးနှင့် လူတွေဖြစ်ကြတဲ့အတွက် ပူဆွေးမှုလည်း ရှိကြစမြဲပင်ဖြစ်သည်။

ထိုစဉ်က....

ချစ်ခြင်း၏မေတ္တာတရားသည် ဘဝကိုသစ္စာပြုနိုင်ပေသည်။

ထိုသစ္စာတည်ဖို့ နှစ်ဦးသားအာရုံပြုကြသည်။

ထို့အတွက်....

ဝမ်းနည်းစွာ တစ်ဦးကိုတစ်ဦး ရင်ခွင်ထဲချော့လိုက်ရသည်။

ကြည်နူးသော ချစ်ခြင်းမေတ္တာတရားပင်ဖြစ်သည်။

ချစ်သူကို ရင်ခွင်ထဲက ခွဲထုတ်ပြီးမထားခဲ့ချင်ပါ။

ဟွာဟင် သူ့ကိုထားပြီးထွက်သွားဖို့ အတန်တန်ပြောသည်။

မချစ်၍ခွဲခွာရသည် မဟုတ်ဘဲ....

ချစ်လျက်နှင့် တစ်ဦးကိုတစ်ဦး ဒုက္ခရောက်မည်စိုး၍သာ ခွဲခွာရခြင်းဖြစ်သည်။

ဒီအတွက် ဒုက္ခတို့ကို လည်စင်းခံရပေတော့မည်။

စမ်းချောင်းကလေးက တသွင်သွင်စီးမြဲပင်ဖြစ်သည်။



နှစ်ဦးစလုံး မခွဲချင်ကြဘဲ ခွဲရတော့မည်ဖြစ်သည်။

ချစ်သက်လက်ဆောင်အဖြစ် လည်ဆွဲသီးကလေး (ကြုပ်ကလေး) ဟွင်ဟင်ကို ပေးအပ်သည်။

အမှတ်တရပစ္စည်းအဖြစ် ဟွာဟင်လက်ခံလိုက်သည်။

ချန်ရှင်းချစ်သူကို နောက်ဆုံးနှုတ်ဆက်သည်။

'သွားမယ်နော် ဟွာဟင်'

ခွဲရတော့မည်ဆိုသော်လည်း ပို၍ဝမ်းနည်းမိပါသည်။

ဆွေးမြေ့စွာ ဟွာဟင်ခံစားရပါသည်။

ချစ်သူကို ကျောခိုင်း၍ ထွက်ခွာရပါပြီ။

မိမိရွာကိုပြန်ရပေမယ့် ချစ်သူကိုတော့ ထားခဲ့ရပါပြီ။

ထိုနေ့မှစ၍....

ဟွာဟင်တစ်ယောက် ဘယ်သို့ပျောက်သွားသည်မသိတော့ပေ။

မည်သူနှင့်မျှလည်း အတွေ့မခံတော့။

သူတို့နှစ်ဦး ခွဲပြီးမကြာမီ....

ဂိုဏ်းချုပ်ကြီးသည် ပေးသောတာဝန်ကို ကျေပွန်စွာမထမ်းဆောင်နိုင်ဟုပြောပြီး ပြစ်ဒဏ်ပေးတော့သည်။

တာဝန်ပျက်ယွင်းသူအတွက် တာဝန်မဲ့ပြစ်ဒဏ် ဟွာဟင်ခံစားရတော့သည်။

ဟွာဟင် ချစ်သူအတွက် အနာခံနိုင်ပါသည်။

အသေခံပါမည်ဟု သစ္စာပြုသည်။

www.burmeseclassic.com

www.burmeseclassic.com



အနိုင်ခံ ဟွာဟင် ဘဝထိုးကျွန်လှောင်ပိတ်ခံရတော့သည်။

သူမ တစ်ချက်ကလေးမျှ ဝမ်းနည်းမှု မဖြစ်မိပေ။

သည့်အတွက်....

ဖြစ်စဉ်က သူကျေကျေနပ်နပ်ခံစားပါသည်။

ဒါကို....

အကွက်ချောင်းနေသည်က ကျွန်ချို၊

သူသည် ဒီဂိုဏ်းတွင် ဗိုလ်ဖြစ်နေပြီ။

ဒီအခွင့်အရေးမျိုး သူစောင့်နေသည်မှာ ကြာပြီ။

ရမယ့်ရတော့ အလွယ်ကလေးဟု သူ ထင်လိုက်သည်။

ဒါပေမယ့်....

သူ လိုအပ်မှုသည် မပြည့်စုံသေးပေ။

ဟွာဟင်ဆိုတောမိန်းကလေး ဤမိန်းကလေးကို သူအပိုင်ရဖို့က ကျန်သေးသည်။

မိမိလို လက်ဝဲရံတစ်ယောက်က ချစ်ရေးဆိုခြင်းကို ဟွာဟင် လက်ခံနိုင်ရမည်။

ဒါမှ နေနှင့်လ ရွှေနှင့်မြမှာ ဖြစ်တော့မည်။

ကျေနပ်မှုပီတိတို့သည် သူ့အပေါ် လွှမ်းခြုံလာသည်။

အကယ်၍....



ဟွာဟင် သူ့ကို ပြန်ချစ်မည်ဆိုပါက ကျခံနေသော ပြစ်ဒဏ်များကို လျှော့ပေါ့ပေးဖို့ ဂိုဏ်းချုပ်ကြီးအား သူပြောသွင်းရကြောင်း ပြောသည်။

'ကျွန်မ လက်မခံနိုင်ဘူး'

ခါးသီးသောစကားကို သူ မကြားဝံ့ပေ။

သို့အတွက် ပို၍ဒေါသထွက်မိသည်။

မိမိ....

တလေးတစား ချစ်ခွင့်ရသည်ကို ငြင်းပယ်သောမိန်းကလေးကို သူ အမှုန်ချေချေပစ်လောက်အောင် စိတ်ဆိုးသွားသည်။

'ဟွာဟင် တစ်နေ့ နင် ငါ့အကြောင်းသိစေရမယ်'

သည်လိုဖြစ်ခြင်းသည်ပင် ချန်ရှင်းကြောင့်ဟု သူထင်သည်။

ဒါဆို ဒီနှစ်ယောက်စလုံးကို သုတ်သင်ရှင်းလင်းရေးသည် သူ့တာဝန်ပင် ဖြစ်လာသည်။

မျှားမကြာမီ....

ကောက်ကျစ်စဉ်းလဲသောအကြံအစည်တစ်ခုကို ဂိုဏ်းချုပ်ကြီးအား တင်ပြလိုက်လေသည်။

အကြောင်းစုံကား....

စုဂိုဏ်းကို သစ္စာဖောက်သူတို့အတွက် အပြစ်ဒဏ်အား မရဏာမီးဒဏ်ကျခံစေရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် သူ့ တပည့်များရဲ့ အကြံအစည်ကို ဂိုဏ်းချုပ်ကြီး သဘောတူလိုက်သည်။

ထိုမရဏမီးဒဏ်ခံရသူသည် အလှန်ပူပြင်းသော မီးဒဏ်ပင် ဖြစ်သည်။

အသက်ပင်ဆုံးနိုင်သည်အထိ ဖြစ်သည်။

ကျွန်ချော၏အစီအစဉ်မှာ...

ဟွာဟင်ကိုမရဏမီးဒဏ်သင့်စေကြောင်းအမိန့်ကို ချွန်ရှင်း ဆီပို့လိုက်မည်။

အကယ်၍...

သူမကို မရဏမီးဒဏ်မကျခံစေလျှင် အရောက် လာခဲ့ရန် ဖြစ်သည်။

ဓားကျမ်းကိုလာရောက်ပေးဆောင်ပါက...

ဟွာယင်ကို အပြစ်မှ လွတ်ငြိမ်းခွင့် ပေးမည်လည်း အကြောင်းကြားလိုက်ဘည်။

မလာရောက်ပါက...

လွှမ်းရင်း အသက်ပင်ဆုံးရှုံးနိုင်ကြောင်း အကြောင်း ကြားလိုက်သည်၊

ထင်သည့်အတိုင်းပင်...

ချွန်ရှင်း ဘိုးဘွားတို့၏အမွေ ဓားကျမ်းကိုင်၍ ဟွာဟင် ဆီ အရောက်လာတော့သည်။

တကယ်ထင်သည်နှင့် တခြားစီဖြစ်ပြီး လက်မခံသည်က ဟွာဟင်ပင်ဖြစ်သည်။



ဓားကျမ်းကို ဂိုဏ်းချုပ်ကြီးအား ပေးအပ်ပါက မိမိ၏ အသက်ကိုပင် အဆုံးစီရင်မည်ဟု ပြောသည်။

မိမိသည်...

ချစ်သူအတွက် ပြုံးပြုံးကြီးဖြစ်ဒဏ်ကျခံသည်ကို ချွန်ရှင်း အနေဖြင့် ချစ်သက်လက်ဆောင်ပြန်ပေးသည်ကို လက်ခံဖို့ တောင်းပန်သည်။

ချစ်သူကို ဘယ်လိုမှပြောလို့မရသောကြောင့် ချွန်ရှင်းစိတ် ပျက်ရတော့သည်။

ချစ်သူသည်...

မိမိကိုအချစ်ကြီးချစ်နေမှန်းသိလေ၊ ချစ်သူအတွက် ပို၍ ယူကြုံးမရလေ ဖြစ်သည်။

တဖက်က...

မရဏမီးဒဏ်ကို ခံစားရမည့်ချစ်သူကိုမမြင်ရက်ပေ။

ဒီအဖြစ်မျိုး မိမိကြောင့် ဖြစ်ရသည်ကိုမလိုလားချေ။

ဒါပေမယ့်...

တဖက်က ချစ်သူသည် ဒီလိုဓားကျမ်းကို လွှဲအပ်မည် ဆိုပါက သူ့ကိုယ်သူ အဆုံးစီရင်မည်ဆိုသော ရာဇသံက လည်း ရှိသည်။

ပြင်းထန်သော ဝေဒနာသည်...

သူ့ရင်တွင်း အစိုင်အခဲကြီးမားစွာ ခံစားနေရတော့ သည်။

'မုန်းတယ်...မုန်းတယ်၊ လောကကြီးတစ်ခုလုံးကို မုန်း တယ်'

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ ဖွင့်ဟထွက်လာသောစကားတို့ကို သူမကြားပဲ့တော့ပေ။

ချစ်သူတို့ကံကြမ္မာသည်....

ဤမျှလောက် ချိုးဖဲ့ ပစ်ကျလိမ့်မည်ဟု သူမထင်၊

ခုတော့ တကယ်လက်တွေ့ဖြစ်ခဲ့ရချေပြီ။

သူ ခေါင်းငိုက်စိုက်ချ၍ ချစ်သူအပါးမှ ခွာခဲ့ရတော့သည်။

တစ်ခုနေ့တွင် သူတို့ကို စောင့်ကြည့်နေသောသူတစ်ယောက် ရှိသည်။

ဒါကို သူတို့နှစ်ယောက်စလုံး မမြင်ပေ။

ခွဲခွာရမည့်ချစ်သူတို့တွင်....

တစ်ဦးသေ လူကျန်တစ်ဦးက ၊ ရှင်လျက်နှင့် သေနေရသူ....။

...★...

## ဘူးသခင်၏ နောက်ဆုံးသတင်း

---

နေ့တစ်နေ့....။

ပူအိုက်မှုသည် ဝန်းကျင်ကို ကြီးစိုးနေသည်။

ဟစ်ချက်တစ်ချက် လေနုကလေးသာ ဖြစ်ပေါ်တတ်သည်။

နေမင်းသည်....

ဘူးရှုတောက်ပြောင်မှုအလင်းတန်းဖြင့် ဝါးရုံ သစ်ပင်နှင့် တောင်ကုန်းတစ်ခုလုံးကို လွှမ်းခြုံထားသည်။

တွေထန်းရွာကလေး....။

ငြိမ်နေသည်၊ တိတ်ဆိတ်နေသည်။

အာရုံတစ်ခုက....

ရွာကိုသတိပေးသလို မြင်းလှည်း တစ်စီး အရှိန်ပြင်းစွာ တွေထန်းရွာသို့လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်း၏ပြေးလွှားအရှိန်ကြောင့် ဘောလမ်းတစ်ခုလုံး ဖုန်တထောင်းထောင်းထနေသည်။

မြင်းလှည်း၏ ဘီးပွတ်တိုက်သံများ....။

ကျွာဗွတ်ရိုက်သံများ....။

မြင်းဟီသံများ....တိတ်ဆိတ်မှုကို ဖြိုခွင်းနေသည်။

ရွာနား တဖြည်းဖြည်း နီးလာပြီ။

ရွာအဝင်လမ်းမကြီးမှာ ဖြောင့်တန်းနေသည်။

မြင်းလှည်း ရွာထဲသို့ မြားတစ်စင်းနှယ် အရှိန်ပြင်းစွာ ဝင်ရောက်လာတော့သည်။

အချို့ထွက်ပြီး ချောင်းကြည့်၍ အိမ်တံခါး ပြန်ပိတ်သွားကြသည်။

အဘိုးအိုတစ်ယောက် လမ်းလျှောက်လာသည်။

အထုပ် တစ်ထုပ်နှင့်၊ မြင်းသည် သူ့ကို ကျော်ဖြတ်သွားသည်။

သူ လှည့်ကို တစိချက်ကြည့်ပြီး ပြုံးသည်။

သူ့ ခရီးကို သူ ဆက်သွားသည်။

မြင်းလှည်းကလည်း ဆက်၍ အရှိန်ဖြင့် သွားမနေဆဲပင်။

တစ်နေ့ရာတွင်တော့ ရပ်မည်ဖြစ်သည်။

ခြံဝင်းထိပ်တွင်....

ခြံစောင့် မြင်းလှည်းကို ထွက်တားသည်။



မြင်းလှည်း မရပ်၊ အဆောက်အအုံရှေ့ကျမှရပ်သည်။

အဆောက်အအုံထဲမှလုလင်နှစ်ဦး ထွက်လာပြီး မြင်းလှည်းဇက်ကြိုးကို ကိုင်လိုက်သည်။

လှည်းအတွင်းမှ မိန်းကလေးနှစ်ဦး ခုန်ထွက်လာသည်။

ခါးကို အဆင်သင့်တုတ်ထားသည်။

အပြင်က ခေါသမားနှစ်ယောက်နှင့် မျက်နှာချင်းဆိုင်တွင် ရပ်လိုက်ကြသည်။

လှည်းအတွင်းမှ မိန်းကလေးတစ်ဦး ဆင်းလာသည်။

မျက်နှာ တစ်ဝက်ဖုံးထားသည်။

အနက်ရောင်ဝတ်စုံနှင့်မိန်းကလေး ဖြည်းညင်းငြိမ်သာစွာ မျက်လွှာချ၍ အဆောက်အအုံထဲသို့ ဝင်လာသည်။

လုလင်သိုင်းသမားတို့ သူ့ကိုမတားကြတော့။

သူမကတော့....

ခေါင်းငိုက်စိုက်ချ၍ တစ်လှမ်းချင်း လှမ်းနေသည်။

လှေကားထစ်များကို တစ်ထစ်ချင်း တက်ရောက်လာသည်။

ချန်းယိ လှေကားအတိုင်း ပြေးဆင်းလာသည်။

သူ မိန်းကလေးကို တွဲ၍ခေါ်တင်သွားသည်။

'ညီမလေး....ဘာဖြစ်လာတာလဲဟင်'

တိုးတိုးညင်ညင် မေးသည်။

'ဖေဖေနဲ့ မေမေ ဆုံးပြီ အစ်ကို'

www.burmeseclassic.com



ချွန်းယိပင် ရှုံးနှီးပျက်သွားသည်။

ညီမဖြစ်သူ စိတ်ထိခိုက်မည်စိုး၍....

'စိတ်တင်းပါ ညီမရယ်'

မောင်နှမဝမ်းကွဲ ဖြစ်ပေမယ့် သူတို့နှစ်ယောက် ချစ်ကြသည်။

ငယ်စဉ်ကတည်းက....

အတူကစား အတူသွားရှိကြသည်။

ညီမဖြစ်သူ ဒုက္ခရောက်တော့ သူ စိတ်မကောင်းပေ။

စုလင်မိန်းအလေးကို အခန်း တစ်ခုတွင် နေရာပေးလိုက်သည်။

ဘွားဘွားနှင့် ဖေဖေထွက်ပြီး သူ့ကို နှစ်သိမ့်သည်။

စုလင်မိန်းကလေး ဝမ်းနည်းနေမှန်း သိ၍ အားလုံးက ယုယကြင်နာကြသည်။

'ဖေဖေနဲ့ မေမေဟာ မသမာတဲ့လူတစ်စုကြောင့် အသက်ဆုံးရှုံးသွားတယ်'

မိသားစုတစ်စုလုံး သူ့ကို ကိုယ်ချင်းစာကြသည်။

'ညီမလေးကိုစွ အစ်ကိုတာဝန်ယူတယ်'

မိမိ စိတ်လိုက်မာန်ပါ ပြောလိုက်သည်ကို ဘွားဘွားက မျက်ရိပ်ပြပြီး ကန့်ကွက်သည်။

ဖေဖေကတော့ မေမေ့ကို တစ်ချက်ကြည့်သည်။



မေမေကတော့ ချွန်းယိကိုသာ ကြည့်နေသည်။

သည်အရာတွေအားလုံး မေမေသိနေသလိုဖြစ်သည်။

ချွန်းယိကတော့....

လှုပ်ယှက်ပီး ဖြေရှင်းဖို့ပဲ ကြိုးစားနေသည်။

'ညီမလေးရဲ့ ဖေဖေနဲ့ မေမေဟာ ပြန်ရှင်လာမှာ မဟုတ်တော့ဘူး ညီမလေး၊ ဒါပေမယ့် ဦးလေးနဲ့အဒေါ် ဘယ်သူ့လက်ချက်ရဲ့ သေရတယ်ဆိုတာ သိနိုင်လား'

'ဒါတော့ စုလင်မသိဘူး၊ ဒါပေမယ့် ကြေးပြားကလေးတစ်ခုတော့ အနားမှာတွေ့တယ်၊ လည်ပင်းမှာတော့ သတ္တုဝါ တစ်ကောင်က ဖောက်သလို အပေါက်နှစ်ပေါက်တော့တွေ့တယ်'

ပြောရင်း သူ တုန်လှုပ်သလိုဖြစ်ပြန်သည်။

'ညီမရဲ့ဖေဖေနဲ့ မေမေဟာ ကျော်ကြားတဲ့သိုင်းသမားတွေဖြစ်တဲ့အတွက် တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အတိုက်အခိုက်တော့ ခံရမှာ မဟုတ်ဘူး'

ဖေဖေ ကြေးပြားကလေးကို တောင်းယူကြည့်လိုက်သည်။

ဖေဖေ့မျက်လုံးများ အရောင်တောက်လာသည်။

အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။

မိသားစုတစ်စုလုံး ဖေဖေ့ကို ကြည့်ပြီး သွေးပျက်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုအသာချားမှာလည်း တုန့်လှုပ် ချောက်ချားနေကြသည်။

ဘွားဘွားကတော့ မတုန်မလှုပ်နေနေသည်။

သည်ကြုပ်ကလေးကို ဘွားဘွား လက်ထဲ ထည့်လိုက်သည်။

'သမီးတော့ နားမလည်နိုင်တော့ဘူး ဘွားဘွား၊ ဒီအကြောင်းတွေ သမီးကိုပြောပြပါ ဘွားဘွားရယ်'

ချုန်းယိမ့မေမေသည်....

စုမိန်းကလေးကို နွေးနွေးထွေးထွေး ပွေ့ထားသည်။

'ဘွားဘွားရယ်.... သမီးကို ချစ်ရင် ဒီကြုပ်ဆွဲသီးလေး အကြောင်း ပြောပြပါလား၊ ဒီပစ္စည်းဟာ ဘယ်လိုပတ်သက်နေသလဲ ဘွားဘွားရယ်'

ဘွားဘွားက....

'ဒီကိစ္စကို အလျင်စလိုမဆုံးဖြတ်ကြတာ ကောင်းပါတယ်၊ ဒါဟာ တို့ မိသားစုအတွက် ရင်ဆိုင်ရမယ့် အခက်အခဲ တစ်ခုပဲ'

မေမေသည် ဖေဖေ့ကို....

'ဒီပစ္စည်းဟာ အတုလား အစစ်လားဆိုတာ ရှင်း တစ်ယောက်တည်းပဲ သိနိုင်မှာပါ'



ဖေဖေ သာတီရပြီး....

ကြုပ်ကလေးကို ယူလိုက်သည်။

လက်မောင်းရင်းသို့ ဓားတစ်ချက်ဖြင့် ထိုးလိုက်သည်။

သွေးများ ထွက်လာသည်။

သွေးတို့သည် ကြုပ်ကလေးကို လွှမ်းသွားသည်၊

အားလုံးက....

ကျုပ်ကလေးကို မျက်တောင်မခတ်ဘဲကြည့်နေသည်။

အသက်ပင်ပြင်းပြင်း မရှူဝံ့ကြပေ။

ခဏကြာသော်....

သူ့မျက်နှာ သွေးများဆုတ်လာသည်။

ချစ်ခြင်းမေတ္တာသည် ကွယ်လွန်သူအတွက် ကလဲ့စားချေခြင်းမင်း

အချမ်းသစ္စာဖောက်သူတို....

ဖေဖေသည် ယောကျ်ားရင့်မာကြီး ဖြစ်လင့်ကစား မျက်ရည်မစဲနိုင်အောင် ဖြစ်လာသည်။

မိသားစုတစ်ခုလုံး ဖေဖေကိုစိုးရိမ်ကြသည်။

ဘွားဘွားက....

'ညီလေးရော်မရှိးပါ ဆုံးပါးသွားပါပြီ သားရယ်၊ ဒီအတွက် တို့မိသားစုက ပေးဆပ်လိုက်ရတဲ့ အသက်နှစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ကို မေမေတို့ တန်ဖိုးထားပါတယ်၊ ကလေ့စားဆိုတာ တို့မိသားစုမှာ မရှိဘူးကွယ့်၊ မင်းတူမလေးကို တို့လက်ထဲမှာပဲ နေစေတော့ကွယ်'

'ခမ်းနည်းကြေကွဲမှုများစွာဖြင့် အချစ်သစ္စာဖောက်သူသို့'

တစ်ကိုယ်တည်းရေရွတ်နေသော ဖေဖေ့ကိုကြည့်ပြီး ဘွားဘွား စိတ်ထိခိုက်နေသည်။

'သား စိတ်ကောင်းကောင်းထားပါ၊ ဒီကိစ္စ မေမေစီစဉ်ပါမယ်....

'ဒီမှာသမီးလေး....ဘွားဘွားမေးမယ်၊ ဒီကိစ္စမှာ သမီးကိုယ်တိုင် ကလေ့စားချေချင်တာလား၊ တို့ကတာဝန်ယူဖြေရှင်းပေးရမလား၊ တစ်နှစ်အတွင်းတော့ ရန်သူကိုခွဲခြား ဖော်ထုတ်ပေးနိုင်မယ်ထင်တယ်၊ သမီးကိုယ်တိုင် ကလေ့စားချေချင်တယ်ဆိုရင်တော့ ဒီမှာသိုင်းပညာကို သုံးနှစ်တိတိ သင်ယူရဦးမယ်၊ ဒါမှသမီးဟာ စိတ်ချရတဲ့ သိုင်းသမားတစ်ယောက် ဖြစ်လာမှာ'

စုမိန်းကလေးမျက်လုံးများ အရောင်တောက်လာသည်။

'သမီးကိုယ်တိုင် ကလေ့စားချေချင်တာပါ'

ဘွားဘွား ခေါင်းတညိတ်ညိတ် မြေးမလေးကို ကြည့်နေသည်။

'ငါ့သမီးသတ္တိကို ချီးကျူးပါတယ်၊ ကဲ...သမီး ခရီးပန်းလာပြီ၊ အထဲဝင်အနားယူလိုက်ဦး'



မိန်းမပျို လှမ်းရင်သည်....

စုမိန်းကလေးကို အခန်းတစ်ခုထဲသို့ လိုက်ပို့သည်။

အခန်းထဲတွင် လူသုံးဦးသာ ကျန်တော့သည်၊

'သား ဒီကိစ္စမှာ ငါ့မြေးယိကို တာဝန်ပေးချင်တယ်'

'မေမေ့ သဘောအတိုင်းပါ မေမေ'

အဘွားအိုသည် ပြုံးသည်။

ပီတိပြုံး။

ကြီးမားသောဧည့်ခန်းထဲခုလုံး ထိတ်ဆိတ်နေသည်။

အသက်နှစ်ဆယ်ခန့် လူငယ်တစ်ယောက် ဒူးထောက်ထိုင်နေသည်။

ခေါင်းကို ကြမ်းပြင်သို့ငုံ့ထားသည်။

ကျားသားရေခင်း ထိုင်ခုံပေါ်တွင် အဘွားအိုတစ်ယောက် ထိုင်နေသည်၊

အဘွားအို၏နောက်တွင်....

အသက်ငါးဆယ်လောက် လူကြီးတစ်ယောက်နှင့် အသက်လေးဆယ်လောက် အမျိုးသမီးတစ်ယောက် ယှဉ်၍ရပ်နေကြသည်။

အစိမ်းရောင်ဝတ်စုံများနှင့် မိန်းကလေး နှစ်ယောက်သည် အဘွားအိုဘေးတစ်ဖက်စီတွင် ရပ်နေသည်။

လုလင်ပျိုလေး တစ်ဦးကတော့....

လှမ်းလှမ်းတွင် လက်အောက်ချ၍ရပ်နေသည်၊

www.burmeseclassic.com



အဘွားအိုနှင့်အသံသည် တစ်နှံ့ခံလုံး စိုးမိုးသွားသည်။

'ဒီမှာငါ့မြေး...မင်းလဲ အချိန်တန် အရွယ်ရောက်လာပြီ။ အပြင်လောကကြီးကို ဗဟုသုတအဖြစ်ပဲဖြစ်ဖြစ် ထွက်ဖို့ကောင်းတယ်၊ ငါ့မြေးရဲ့ဆန္ဒကိုလဲ ဘွားဘွားသိချင်တယ်'

သူသည်....

အဘွားအို၏စကား ကြားလိုက်သည်နှင့် ဒူးထောက်ဆိုင်ငင်းက ရှိသေစွာဖြင့်....

'ကျွန်တော့် အဘွားရဲ့ဆန္ဒအတိုင်း အပြင်လောကကို ခဏလောက်တော့ ထွက်ချင်ပါတယ် အဘွား'

အဘွားအိုသည် ချန်းယိကို တစ်ချက်စိုက်ကြည့်ပြီး....

'မင်းညီမ စုလင်က သူကိုယ်တိုင် ကလဲ စားခချင်တယ်လို့ ပြောတယ်'

ချန်းယိ ခေါင်းညိတ်လိုက်သည်၊

'ဒါ စုမိန်းကလေး မှန်ပါတယ်၊ ကျွန်တော်တို့မိသားစုလဲ ပါဝင်ကူညီခွင့်ရတာ ဝမ်းသာပါတယ်'

'ဘွားဘွားလဲ ငါ့မြေးနဲ့ သဘောတူ တိုက်ဆိုင်ပါတယ်။ တို့မိသားစုရဲ့ တရားခံကိုရှာဖွေဖို့ တို့မှာတာဝန်ရှိပါတယ်'

ချန်းယိသည် အတန်ကြာတွေဝေနေသည်။

'ဒါပေမယ့် ဒီကိစ္စမှာ လုံးဝသဲလွန်စမရဘဲ တရားခံရှာဖို့ဆိုတာ ခက်ခဲနေလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်'



အဘွားအိုသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး....

'ခုနက ငါ့မြေးကိုပြလိုက်တဲ့ ရွှေကြုတ်ကလေးဟာ အမျိုးသမီးသိုင်းသမားတစ်ယောက်ရဲ့ ပစ္စည်းဆိုတာ မင်းသိထားဖို့ပဲ၊ သူ့နာမည်က ဟွာဟင်တဲ့ ဒါပေမယ့် သိုင်းလောကတစ်ခုလုံးကတော့ သူ့ကို ရွှေကြုတ်မယ်လို့ခေါ်တယ်'

ချန်းယိသည်....

ထိုစကားကို ကြားလိုက်သောအခါ တက်ကြွသွားသည်။

'အမည်နာမရှိရင် စုံစမ်းရတာလွယ်တာပေါ့ ဘွားဘွား'

အဘွားအိုသည် ချက်နှာခပ်တင်းတင်းဖြင့်....

'ဘွားဘွားသိသလောက်ခဲ့တာ့ ဒီမိန်းမလေး ကွယ်လွန်သွားပြီ'

ချန်းယိ အံ့သြသွားသည်။

'ဘွားဘွား သတင်းကြားတာလား၊ တွေ့လိုက်ရတာလား ဘွားဘွား'

အဘွားအိုသည် အနည်းငယ်ပြုံးလာပြီး....

'ငါ့မြေးက စေ့စပ်သေချာသားပဲ၊ ငါ့မြေးအတွက် ဘွားဘွား စိတ်ချသွားပြီ'

အဘွားအိုသည်....

စားပွဲခုံပေါ်ရှိ သေတ္တာအဖုံးကို ဖွင့်လိုက်သည်။

စာရွက်ခေါက်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



'ဒီစာအရ သူသေပြီလို့ ပြောတာပါ'

ချန်းယိ အတန်ငယ်တွေဝေနေသည်။

'ဒီအကြောင်းကို ကြည့်ခြင်းအားဖြင့် ရွှေကြုတ်မယ်ဟာ တပည့်တစ်ယောက်ကို သတ်ခိုင်းတာလဲ ဖြစ်နိုင်တယ်၊ ဒါမှမဟုတ် ကြားလူတစ်ယောက်က သူ့ အမှတ်အသားကိုယူပြီး ဝင်သတ်သွားတာလဲ ဖြစ်နိုင်တယ်'

ချန်းယိ သူ့ သဘောကို ပြောလိုက်ကြသည်။

'ငါ့သား လူလေး...သိုင်းလောကဟာ အလှန်ရှုပ်ထွေးတယ်၊ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ လိမ်ကောက်ပြီး အနိုင်ယူနေကြတာ၊ ရွှေကြုတ်မယ်ဟာ လူ့ပြည်မှာ ရှိချင်မှလဲရှိမယ်၊ သားလေးအနေနဲ့ ဒီကိစ္စကိုစုံစမ်းတဲ့အခါမှာ သံသယဝိစိကိစ္ဆာရှိယထားပြီး စုံစမ်းပါ၊ အရာရာကို သေးလေးနက်နက် စဉ်းစားပြီးမှ ဖြေရှင်းပါ'

သူ့ အဖေစကားကြောင့် ချန်းယိ ခံပြင်းသွားသည်။

'ရွှေကြုပ်မယ်ဟာ လူ့ပြည်မှာ ရှိနေရင် ပိုကောင်းမယ်၊ ဒါမှ သူ့ကိုရှင်းရှင်းလင်းလင်းဖြစ်အောင် ဖြေရှင်းနိုင်မှာပေါ့'

အဘွားအို ခေါင်းခါယမ်းသည်။

'ဒီလို ငါ့မြေး ရွှေကြုပ်မယ်ဟာ တို့ရွာအပေါ်မှာ သံသယောဇဉ်နဲ့ ကျေးဇူးမကင်းဘူး၊ တကယ်လို့ သူလောကကြီးထဲမှာ ရှိနေသေးတယ်ဆိုရင် သူနဲ့ ဘယ်တော့မှ အနိုင်ယူလိုစိတ်နဲ့ မရှင်းပါနဲ့'



မေမေ မျက်ရည်စို့လာပြီး....

'ဒီတွေ့ထန်းရွာလေးထဲက လူတစ်ယောက်ဟာ ရွှေကြုပ်မယ်အပေါ် ရက်စက်ခဲ့ဘူးတယ်၊ ဒါကြောင့် သားကလူ့ကို ဘယ်တော့မှ အနိုင်မယူပါနဲ့သား'

ချန်းယိ စိတ်အိုက်လာပြီး....

'ဒါဆို ဒီတာဝန်ကျေပွန်ဖို့ဆိုတာ လွယ်ပါ့မလား မေမေ'

အဘွားအိုးသည် ဆက်၍....

'ဒါတွေ ငါ့မြေး တတ်နိုင်သလောက်ဉာဏ်ရည်သုံးပြီးဖြေရှင်းပါ၊ တကယ်၍ဘစ်စုံတစ်ခုအကျပ်အတည်းတွေ့ရင်တော့ ကံတရားပဲ သဘောထားရမှာပဲသား'

ချန်းယိ သက်ပြင်းချပြီး....

'ကျွန်တော် တတ်နိုင်သလောက် ကြိုးစားပြီး ဖြေရှင်းပါ့မယ်'

အဘွားအိုသည် သေတ္တာထဲမှ ဆီစိမ်စက္ကူထုပ်ကို လှမ်းပေးပြီး....

'ဒါဆို ဒါကို ငါ့သားဖွင့်မကြည့်ပါနဲ့၊ ရွှေကြုပ်မယ်နဲ့တွေ့တဲ့အခါမှသာ ဒီအထုပ်ကိုပေးပါ၊ သူ လူ့ပြည်မှာမရှိတော့ဘူးဆိုရင်လည်း အကျိုးအကြောင်းခိုင်လုံရင် သားပဲဖွက်ဆီးပစ်လိုက်တော့'

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသီဆည် ဘွားဘွားကို ဦးညွှတ်ပြီး....

'ကျွန်တော် စုမိန်းကလေးနဲ့ တွေ့ချင်သေးတယ်၊ အကျိုးအကြောင်း ခိုင်လုံအောင် မေးချင်သေးတယ်'

'ရေလိုပါဘူးသား၊ မင်းခရီးသွားဖို့ကိစ္စပဲ စီစဉ်ပါ'

သူ ဦးညွှတ်ပြီး အခန်းပြင်သို့ ထွက်လာသည်။

ဘွားဘွားတို့သုံးယောက်အခန်းထဲတွင် ကျန်ရစ်ခဲ့သည်။

စုမိန်းကလေး အခန်းဘက်သို့ သူ တိတ်တဆိတ် ကူးလာသည်။

အခန်းထဲတွင်....

စုသခင်မလေးတစ်ယောက်တည်း တံခါးဖွင့်၍ အရိုအသေပြုပြီး....

'စုမိန့်ကလေး နေကောင်းရဲ့လား'

မိန်းကလေးသည် ရှုတ်တရက်ကြီး....

'လန့်လိုက်တာ၊ ကျွန်မအမြဲစိတ်အားငယ်နေတယ်'

ချန်းယိစားပွဲပေါ်တွင် ဝင်ထိုင်ပြီး....

'အစ်ကို ခရီးခဏထွက်ရမယ် မိန်းကလေး'

မိန်းကလေးသည် ပို၍ကြောက်၍သောအမူအရာဖြင့်....

'ကျွန်မ ဒီမှာတစ်ယောက်တည်း နေခဲ့ရမယ့်'



'ကဲပါ၊ မိန်းကလေးရယ် အစ်ကိုသိချင်တာက ရွှေကြာပြမယ်နဲ့ မိန်းကလေးတို့ရဲ့ မိဘနှစ်ပါးနဲ့ ဘာရန်ငြိုးများ ရှိခဲ့သလဲဆိုတာ သိချင်တာပါ'

'ညီမ လုံးဝမသိပါဘူးအစ်ကို'

'ဒါ့ပြင်မယ့် တို့အဖေရဲ့ ညီအစ်ကိုနှစ်ယောက်ကတော့ ရွှေကြာပြမယ်ရဲ့ ကျေးဇူးမကင်းဘူးလို့ဆိုတယ်'

သူ စကားရှည်သွားသည်။

'ကဲ...ညီမလေး စိတ်ချပြီးနေခဲ့ အစ်ကိုကိစ္စတွေ ပြီးရင်ပြန်လာမယ်၊ တာဝန်တွေပြီးရင် တို့မောင်နှမ ပျော်ပျော်နေရတော့မှာပေါ့၊ သွားမယ်နော် ညီမလေး'

'ဟုတ်ကဲ့ရှင်'

လှိုဏ်တစ်ခု အခန်းဘေးမှ ဖြတ်သွားသည်နှင့် သူ အခန်းထဲက ခုန်လွှတ်ပြီး အပြင်သို့ ရောက်လာသည်။

အပြင်တွင် သူတစ်ယောက်တည်း....။

...★...

www.burmeseclassic.com

www.burmeseclassic.com

## ချန်း ယီ နှင့် မိန်း က လေး သုံး ယောက်

ညနေစောင်း….။

နေဝင်ချိန်အနောက်ဖက်ကောင်းကင်တပြင်လုံး တောက်ပနေ၏။

လှပသော ရောင်စဉ်များ…။

လုလင်တစ်ယောက် မြင်းဖြူစီးလျက်…

နန်းဝင်မြို့၏တောင်တက်တံခါးပေါက်မှ မြို့ထဲဝင်လာသည်။

အချိန်သည်သည်း၊ မှောင်စပြုလာပြီ။

မီးအိမ်များ …

အစီအရီထွန်းထားသောကြောင့် မြို့သည် ပို၍ လှပနေသည်။



ညဈေးတန်း….၊

လုလင်ပျိုတို့ ဈေးဝယ်နေကြသည်။

မိန်းကလေးများလည်း ပါသည်။

သူတို့လေးတွေကိုကြည့်ပြီး ချန်းယီပျော်ချင်လာသည်။

လူငယ်တို့ဘာဝသည်….

သူ့ရင်ထဲတွင်ရှိတုန်းပင်။

တခဏအတွင်း သူ့စိတ်ပြောင်းလိုက်သည်။

သူ့တွင် တာဝန်တွေ ရှိသေးသည်။

ထိုတာဝန်များ ပြီးဖို့က အဓိကကျနေသည်။

ဒါ့အတွက်ကြောင့်….

သူ့ မီးရောင်စုံကြားမှ ဆက်လက်ဖြတ်ကျော်လာခဲ့လည်း။

အမှတ်တမဲ့ သူတွေ့လိုက်ပြီ…

'ဩော်…စူးဂေဟာ ဆိုတာပါလား'

သူ့ မြင်းကို ဂေဟာရှေ့မှာ ဆက်စီးလာသည်။

ငဲ့ကြည့်ရုံသာ သူ ကြည့်သည်။

သူနှင့်ဘာမှ မပတ်သက်သလိုပင်။

တကယ်တော့….

သူတည်းခိုခန်း ရှာရဦးမည်။

စူးဂေဟာနှင့်ကပ်လျက်၊ တည်းခိုခန်းတစ်ခုတွေ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူဝင်ရောက်လာသောအခါ ဆိုင်လုလင် တစ်ယောက် ခရီးဦးကြိုပြုသည်။

'စိတ်တိုင်းကျ ညွှန့်ဝတ်ကျေပါရစေ'

သူလင်ကို အရိုအသေပြုလိုက်သည်။

စားပွဲတွင် အမျိုးသမီး၊ အမျိုးသားစုတွဲအလိုက် စား သောက်နေကြသည်။

'တော်တော် အပျော်အပါးကြိုက်တဲ့ နန်းဝင်မြို့ပဲ'

သူ ညွှန့်ကြိုစာပွဲတွင် တည်းခိုမည့်အကြောင်း ပြောသည်။

ဆိုင်ရှင်က ဖော်ရွေစွာပင် သူ့ကို အခန်းသော့ပေးလိုက် သည်။

မိန်းကလေးတစ်ယောက် သူအနားလာကပ်မှ သူ လှည့် ကြည့်မိသည်။

'ပြစုပေးရဦးမှာလား မောင်ကြီး'

သူ ပျော်တော်ဆက်ချားနှင့်အချိန်မဖြုန်းချင်။

မိန်းကလေးကို ယွမ်နှစ်ပြား ထုတ်ပေးပြီး....

'ဒီညအဖို့ မလိုပါဘူး'

မိန်းကလေးက သူ့ပိုက်ဆံကိုကြည့်ပြီး....

'အစ်ကို...ကျေးဇူးကောင်းကြီး ကျွန်းမာပါစေ'

ဆုတောင်းစကာတွေရွတ်ပြီး ထွက်သွားသည်။



သူ မိန်းကလေးနောက်ကျောကိုကြည့်ပြီး တစ်ချက်ပြုံး သည်။

'ဒါတွေလဲ အနှောင့်အယှက်တွေပဲ'

ချွန်းယီ အခန်းသော့ကိုင်ပြီး အပေါ်ထပ်သို့ တက်လာ သည်။

သူ့အတွက် အခန်းနေရာကို စေ့စေ့စပ်စပ် ကြည့်သည်။

ဘယ်အရာမဆို သူ သတိဝီရိယကို အမြဲမှီသည်။

'ဒါကြောင့် ဘွားဘွား စိတ်ချတာပဲ'

သူတစ်ယောက်တည်းပြုံးသည်။

သိုင်းသမားတစ်ယောက်အတွက်....

သိုင်းပညာအပြင် ပတ်ဝန်းကျင်လေ့လာမှု ပညာရပ်လည်း လိုအပ်သည်ဟု သူထင်သည်။

အခန်းစောင့်သည်....

သူ့ကို အခန်းတံခါးဖွင့်ပေးပြီး ကျေးဇူးတင်စကားပြော ၍ ပြန်ဆင်းသွားသည်။

အခန်းထဲတွင်ပင်....

သူ ထမင်းမှာစားလိုက်သည်။

အောက်မဆင်းတော့။

ခုတင်ပေါ်တွင် တုံးလုံးလှဲ၍ အနားယူနေသည်။

မကြာပါချေ....။

အုန်းမောင်းခေါက်သံနှစ်ချက်ခေါက်သံကြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိ ခေါင်းကိုကျောမှလွယ်ပြီး ပြတင်းပေါက်မှ ခုန်ထွက်လိုက်သည်။

အပြင်ဘက် ယမှောင်ထုက ကြီးစိုးနေဆဲဖြစ်သည်။

မိမိ၏ ကိုက်ဖောက်ပညာကို အသုံးချရပေပြီ။

အိမ်တစ်ဆောင်နှင့်တစ်ဆောင် ကူးလာခဲ့ရသည်။

စူးဂေဟာ.... သူ ခေါင်မိုးပေါ်သို့ ရောက်လာသည်။

အသံဘာမှ မကြားရ။

ဂေဟာတစ်ခုလုံး မှောင်အတိဖြစ်နေသည်၊

ဒါကို သူဂရုမစိုက်နိုင်။

သူ့မျက်လုံးများသည် မှောင်ထဲတွင် ကျင့်သားရနေပြီ။

အိမ်ဝင်းထဲသို့ အသာဝင်လာခဲ့သည်၊

သူ့နှာခေါင်းထဲတွင် အနံ့တစ်မျိုးခံစားရသည်၊

ထုံးအရည်တစ်မျိုးသုတ်ထားသောအနံ့၊

ထိုအနံ့သည်....

သူ့ကို စူးစူးရှရှတိုးဝင်လာသည်၊

ထိုအနံ့ဆီအာရုံပြု၍ သူ ရောက်လာခဲ့သည်။

ခန်းမကြီးတစ်ခု မှောင်မှောင်မည်းမည်း။

တခေါင်း နှစ်ခေါင်း၊

ခန်းမ၏ အလယ်ဗဟိုတည့်တည့်၊

အခေါင်းများ၏ရှေ့တွင်....

ဖယောင်းတိုင်နှင့် အမွှေးတိုင်များ ထွန်းညှိထားသည်။



ချန်းယိ အခေါင်းရှေ့တွင်....

ဒူးထောက်ထိုင်ပြီး ဦးချကန်တော့သည်၊

ဦးလေးနှင့် ဒေါ်လေးအတွက် သူ ဆုတောင်းသည်။

ပြီးနောက်....

တိတ်ဆိတ်သောအခန်းကို သူ လှည့်လာသည်၊

အနားတွင် တစ်ဦးတစ်ယောက်မျှ မရှိ၊

ဖယောင်းတိုင်မီးကလည်း ထွန်းညှိထားစဲ ရှိသေးသည်။

သူ၏ မသင်္ကာစေ။

မကြာပါ။ အခန်းတစ်ခန်းထဲမှ အမျိုးသမီးတစ်ဦး ထွက်လာသည်။

လက်ထဲတွင် ကြောင်ကလေးတစ်ကောင်ကို ပွေ့ချီထားသည်။

သူမသည် ချန်းယိကို မသိနားမလည်သလို ငေးကြည့်နေသည်၊

ချန်းယိကလည်း....

ဤမိန်းကလေးကို စူးဂေဟာက အမျိုးသမီးပဲဟု ထင်ပြီး အရိုအသေပြုသည်။

'ကျွန်တော် ချန်းယိပါ၊ စူးဂေဟာလူသတ်မှုနဲ့ပတ်သက်ပြီး လာရောက်တဲ့သူပါ'



www.burmeseclassic.com

www.burmeseclassic.com



သူက စကင်၍ မိတ်ဆက်စကားပြောသည်။

အမျိုးသမီးက သူ့ကိုပြန်ဖြီး အရိုအသေပြုသည်။

'ငွေထန်းရွာကလာတဲ့အတွက် ကျေးဇူးတင်ပါတယ်'

အမျိုးသမီးသည်....

သူ့ကို ကုလားထိုင်တစ်လုံးသို့ လက်ညှိုးထိုးပြပြီး....

'ထိုင်ပါဦးရှင့်'

ဟု ဖိတ်ခေါ်လိုက်သည်။

သူမလည်း....

ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်သည်။

ချန်းယိသည် သူမညွှန်ပြသော ကုလားထိုင်တွင် ဝင်ထိုင်ရင်း....

'အစ်မက စူးဂေဟာနဲ့ ဘယ်လိုပတ်သက်ပါသလဲခင်ဗျာ'

အမျိုးသမီး၏အသံသည် တုန်ယင်လာပြီး....

'စူးသခင်ဟာ ကျွန်မခင်ပွန်းပါ။ ကျွန်မက သူ့ရဲ့ဇတုတ္ထ မြောက် ဇနီးပါ'

ချန်းယိသည်....

သူမကို စိတ်မကောင်းစွာဖြင့်ကြည့်ရင်း ..



'ဩြော်... ဒါနဲ့ အစ်မနာမည် ဘယ်လိုများ ခေါ်ပါသလဲ'

အမျိုးသမီးသည် ကြောင်ကို လက်ဖြင့်ပွတ်သပ်နေရင်း....

'စုစီပါ'

ချန်းယိ အခန်းတစ်ခန်းလုံး ဝေ့ဝိုက်ကြည့်လိုက်သည်။

ပြီးမှ....

'ဒါဆို ဒီမှာ ဘယ်သူမှမရှိတော့ဘူးလား'

'မရှိတော့ပါဘူးရှင်'

ခေါင်းခါရင်း ပြောသည်။

သမီးဖြစ်သူနှင့် အခိုင်းအစေများကိုပြန်ပို့လိုက်ပြီးကြောင်း ဆက်ပြောသည်။

သက်ပြင်းချရင်း....

'ကျွန်မလဲ ဒီအခေါင်းတွေမြှုပ်ပြီးရင် ရွာပြန်ဖို့ စိတ်ကူး ထားပါတယ်'

'ကျွန်တော်ကတော့ ဦးလေးတို့ကိုသတ်တဲ့တရားခံကို ဖော် ထုတ်ဖို့ပါ၊ အစ်မအနေနဲ့ ဘာများသိတယ်ဆိုတာ မပြောနိုင် ဘူးလား'

အမျိုးသမီး ခေါင်းခါရင်း....

www.burmeseclassic.com

www.burmeseclassic.com

'ကျွန်မလဲ ဘာမှမပြောတတ်ဘူး၊ ဒီအတွက်တော့ ဝမ်းနည်းပါတယ်ရှင်'

အမျိုးသမီးလက်ထဲမှကြောင်သည်....

ချန်းယိအား ရန်သူတစ်ယောက်လို စူးစိုက်ကြည့်နေသည်

ချန်းယိ ကြောင်ကိုစိုက်ကြည့်ရင်း....

'အစ်မက ကြောင်ကိုအတော်ချစ်ပုံရတယ်'

အမျိုးသမီးတစ်ချက်ပြုံးလိုက်ပြီး....

'ဟုတ်ပါတယ်၊ ကျွန်မကာ ကျွန်မယောကျ်ား ပြီးရင် အဖော်အဖြစ် ဒီကြောင်လေးနဲ့ပဲ နေရပါတယ်'

သူ့ ဘွားဘွားစကား နားထဲ ကြားယောင်လာသည်၊

အမျိုးသမီးသည်....

ကြောင်ကလေးခေါင်းကို ပွတ်သပ်ပေးနေသည်၊

ပြီးမှ....

သူ့လက်တစ်ဖက်မြှောက်လိုက်စဉ် ကြောင်သည်....

'ညောင်....'

ရုတ်တရက်....

အမျိုးသမီးလက်ထဲမှထွက်ပြီး သူ့ကိုတိုက်ခိုက်တော့သည် နဂိုကတည်းက....



ယည်ကြောင်ကို မသကာ ဖြစ်နေသော ချန်းယိသည် ကြောင်ကို ဘေးသို့ခုန်ချပြီး ရှောင်လိုက်သည်။

သို့ပေမယ့်...

ကြောင်ကို ရှောင်နိုင်သော်လည်း အခွင့်စောင့်နေသော စုစီမိန်းကလေး၏ ညာဘက်ခြေထောက်ကိုတော့ သူရှောင်ချိန်မရလိုက်ပါ။

သူ၏ ဘယ်ဘက်နံရိုးဘေးသို့....

ကန်လိုက်သည့်အတွက် လဲကျသွားသည်။

သူမ၏....

တိုက်ကွက် အငိုက်ခံလိုက်ရသော ချန်းယိသို့ ဒုတိယ အကြိမ်တိုက်ခိုက်ရန် ဝဲဘက်ခြေထောက်ကို မြှောက်လိုက်၏။

သို့သော်....

ချန်းယိ၏ခြေဖျားသည် သူမမြှောက်ထားသော တခြေါက်ချက်ကို ကန်ထည့်လိုက်သောအခါ သူမ ဘယ်လိုမှတိမ်းရှောင်ချိမရတော့ဘဲ 'နောက်သို့' ဖင်ထိုင်လျက်လဲကျသွားသည်၊

လဲကျသွားသောသူမကို ဖမ်းချုပ်ရန် ရှေ့သို့တိုးပြီး ဟန်ပြင်လိုက်စဉ်....

သို့နောက်ကျောမှ လေတိုးသံအသံတစ်သံ ကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ လှမ်းမြင်နိုင်စွာလှည့်ကြည့်သောအခါ....

မျက်လုံးစိမ်းစိမ်းနှစ်လုံး သူ့ဆီခုန်ကူးလာသည်ကို တွေ့လိုက်ရသည်၊

တစ်ဖက်သို့တိမ်းပြီး....

လက်ဝါးစောင်းဖြင့်ခုတ်လိုက်ရာ ကြောင်သည် လေထဲတွင်ပင် သူ့လက်ကိုရှောင်ကွင်းပြီး ထွက်ပြေးသွားသည်၊

ထို့ကြောင့်....

သူ အံ့သြမိသည်၊

အထူးလေ့ကျင့်ထားသော ကြောင်တစ်ကောင်....

သတိရ၍ လဲကျနေသောမိန်းကလေးကို ကြည့်လိုက်သောအခါ....

မိန်းကလေး မရှိတော့ပေ၊

ဘယ်အချိန်က ကိုယ်ဖျောက်၍ ထွက်သွားသည်ကို သူမသိလိုက်ပေ၊

'ကိုယ်ဖျောက်ပညာ အတော်ကျွမ်းကျင်လှတဲ့ မိန်းမပဲ'

တစ်ယောက်တည်း မေးခွန်းပေါင်းများစွာ မေးမိသည်။ စုစီဟာ ဘယ်သူလဲ၊ မိတ်ဆွေလား၊ ရန်သူလား သူမခွဲခြားနိုင်သေးပေ။



ဒီကြောင်သည်....

ဦးဇလားနှင့်အဒေါ်ကို တိုက်ခိုက်သတ်ဖြတ်သွားသည်လား။

ဒီအမျိုးသမီး၏ပညာ သူ့ထက်သာသလိုလိုပင်။

ကြောင်၏အကူအညီကြောင့်သာ သူ အမျိုးသမီးကိုလက်ရ မဖမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

သူစဉ်းစားနေစဉ်....

ဇာခန်းဆီးနောက်ကွယ်မှ သွယ်လျသော ခန္ဓာကိုယ်တစ်ခု ပြတင်းတံခါးကိုကျော်၍ ခုန်ထွက်သွားသည်ကိုတွေ့လိုက်ရ၏။

ချွန်းယိသည်....

အင်မတန်ပါးနပ်သော သိုင်းသမားဖြစ်သည်။

သူ ထက်ကြပ်မကွာ အရိပ်နောက်သို့ လိုက်သွားသည်။

လူရိပ်သည်....

တံတိုင်းတစ်ခုပေါ်သို့ ထပ်မံခုန်တက်ပြန်သည်။

ဝါးတစ်ပြန်လောက်အကွာတွင် သူ လူရိပ်ကိုတွေ့ရသည်။

သူ ခုန်တက်လိုက်သောအခါ....

ရှေ့ကလူရိပ်မှာ သူနှင့်မလှမ်းမကမ်းတွင် ဖြစ်နေသည်။

နောက် အုတ်တံတိုင်းတစ်ခုကို ခုန်ကူးသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိ လူရှိပ်၏ ဘယ်ဘက်လက်ကောက်ဝတ်ကို နှိပ်ဆုပ်မိ လိုက်သား ဖြစ်သွားသည်။

နှစ်ဦးစလုံး အုတ်ဘတ်တိုင်းပေါ် တွင်ထွေးလုံးပြီး အောက်သို့ ကျလာသည်။

အောက်သို့ ရောက်ရောက်ချင်း....

ချန်းယိ လက်ကောက်ဝတ်ကို လွှတ်ပေးလိုက်သည်။

အသက်ငယ်ငယ်ရှိသော မိန်းကလေးတစ်ယောက်ဖြစ်နေသည်။

ဤမိန်းကလေးသည်....

ကိုယ်ဖော့ပညာဒီလောက်ကျွမ်းကျင်မှုကို သူချီးကျူးမိသည်။

အံ့သြမိ၏၊ ပြီးမှ....

'မင်း ဒီမှာ ဘာလာလုပ်တာလဲ'

ချန်းယိ နှစ်ခါဆင့်မေးလိုက်သည်။

မိန်းကလေး၏မျက်လုံးများသည် ဘောက်ပပြီး သူ့ကို ကြည့်နေ၏။

ပြီးမှ....

'ကျွန်မဒီကိုလာတာ ရှင့်ကိုရန်မူဖို့ မဟုတ်ပါဘူး'

ချန်းယိ ထပ်မေးမြန်းသည်။

မိန်းကလေးငယ်သည်...

နှုတ်ခမ်းကိုက်ပြီး မကျေနပ်သံကြီးနှင့်....



'ကျွန်မ ပြောပြီးပြီပဲ၊ ရှင့်ကို အသက်အန္တရာယ်ပေးဖို့ လာတာ မဟုတ်ပါဘူးဆို'

ချန်းယိ အတန်ကြာစဉ်းစားပြီး လေသံပါပြောင်းပြီး....

'ဒီလိုပါ ညီမ၊ အစ်ကို နာမည် ချန်းယိပါ၊ စွေထန်းရွာမှာ နေပါတယ်၊ အခု ဦးလေးနဲ့အခေါ် အသတ်ခံရတဲ့ကိစ္စ စုံစမ်းချင်လို့ ဒီကိုရောက်လာတာပါ၊ ဒီမှာ ညီမနဲ့တွေ့လို့ မေးကြည့်တာပါ'

မိန်းကလေးသည်....

ချန်းယိ၏ ရှည်လျားသောစကားသံကို ကြားလိုက်ရ၍.... အံ့သြသွားသည်။

ချန်းယိကိုလည်း အကဲခတ်လိုက်သည်။

'ဩော်.... ရှင်က စွေထန်းရွာသားကိုး၊ ဒီမှာ စူးသခင် အသတ်ခံရတဲ့ကိစ္စ စုံစမ်းဖို့ လာတာဆိုရင်တော့ သိချင်ရင် ကျွန်မနောက်လိုက်ခဲ့၊ ကျွန်မ တတ်နိုင်သလောက်ကူညီပါ့မယ်'

မိန်းကလေးသည်....

သူ့ကိုတစ်ချက်ပြုံးပြပြီး ချာခနဲ လှည့်ထွက်သွားသည်။

သူ၏ကိုယ်ဖော့ပညာမှာ အထင်မသေးဝံ့စရာပင်။

ချန်းယိ မိန်းကလေးနောက်မှလိုက်လာခဲ့သည်။

သူမကို ချန်းယိက အမီလိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ...

သူတို့နှစ်ယောက် မြို့ရိုးလေးတစ်ဖက်သို့ ရောက်သွားသည်။

တောလမ်းလေးအတိုင်း ဆက်တက်သွားရပြန်သည်။

သစ်ပင်ချုံနွယ်တို့ကိုဖြတ်သွားရသည်။

နွယ်ပင်မြက်ပင်များသည် သူတို့နှစ်ဦးကို ဖုံးလွှမ်းနေသည်။

နွယ်ပင်မြက်ပင်တို့အကွယ်တွင်...

ဟောင်းနွမ်းနေသော အိမ်ကလေးတစ်လုံး...

သူတို့နှစ်ယောက်...

ခြံဘစ်ပစ်လောက်ဆက်သွားမှ အိမ်ပေါက်ဝသို့ ရောက်သည်။

မိန်းကလေးလည်း...

မောပန်းဟန်မပြဘဲ ချွန်းယိကိုတစ်ချက်ကြည့်ပြီး တံခါးခေါက်လိုက်သည်။

မိန်းကလေးအသံကြောင့်...

အိမ်ရှိတဲ့တွင်မီးများလင်းလာသည်။

အိမ်တံခါး ပွင့်လာသည်။

အတွင်းမှအရုပ်ဆိုးဆိုးမိန်းမကြီးတစ်ယောက် ခေါင်းပြူပြီး...



'သခင်မလေးလား'

'ဟုတ်ပါတယ်ဒေါ်ဒေါ်'

မိန်းကလေး တိုးတိုးပြန်ပြောလိုက်သည်။

ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။

မိန်းကလေးက...

ဦးဆောင်ပြီး အိမ်ထဲသို့ဝင်သည်။

အခန်းထဲသို့ချွန်းယိ လိုက်ဝင်လိုက်သည်။

မြင်လိုက်ရသောမြင်ကွင်းက ...

သူ့တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

ခုနက...

ရုပ်ဆိုးသည်ဟုထင်ထားသော မိန်းမကြီးသည် တစ်ကိုယ်လုံးမြင်ရမှ ပို၍ရုပ်ဆိုးပြီး ကြောက်စရာကောင်းနေသည်၊

ထိုအမြင်အာရုံကို မိန်းကလေး သတိတားမိသည်။

'ဒေါ်ဒေါ် ရေနွေးကြမ်းအိုးချပေးပါဦး'

မိန်းကလေးက...

အဒေါ်ကြီးကိုထွက်သွားစေချင်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်းသမီးကြီးမရှိတော့မှ မိန်းကလေးက သူ့ဖက် လှည့်ပြီး....

'ရှင်က ဗွေထံနီးရွာကနော်'

ချိန်းယိမျှာပျာသလဲ ခေါင်းညိတ်လိုက်သည်။

'သတ်ခံရတဲ့လူဘွေ့အတွက် သဲလွန်စရပြီလား'

မေးနေသည်ကို သူ့စိတ်မပါစွာဖြင့်....

'မရသေးပါဘူး၊ သိရင်ပြောပြပါလား'

သူ စူးစမ်းသလို ပြန်မေးလိုက်သည်။

မိန်းကလေးသည်....

သူ့ကို စကားပြန်မပြောပေ။

အတန်ကြာမှ....

'ရှင်တို့ရွာက သိုင်းလောကသားတွေဆိုတော့ ရှင်လဲ ဗဟုသုတ အတော်ကြွယ်ဝနေပြီပေါ့နော်'

မိန်းကလေးက သူ့ကိုမေးနေသည်ကို သူပခုံးတွန့်ပြီး....

'ရွာမှာနေပေမယ့် သိုင်းလောကအကြောင်းတော့ မပြောလောက်ပါဘူးဗျာ'

'ဒါဆို ရှင် မီးတောက်ဂိုဏ်းကိုရောကြားဖူးလား'

မိန်းကလေး၏အမေးကြောင့် သူတုန်လှုပ်သွားသည်။

မမျှော်လင့်ထားသော မီးတောက်ဂိုဏ်းအကြောင်း ကြားရသည်။



'မကြားသေးဘူး၊ သိရင်ပြောပြပါလား'

'ရှင့်ကိုတိုက်ခိုက်ခဲ့တာ မီးတောက်ဂိုဏ်းကရှင့်'

သူ အခုမှလန့်သွားသည်။

ပြီးမှ....

'ဒါက ဂိုဏ်းခေါင်းဆောင်လားဟင်'

မိန်းကလေးက သူ့ကိုပြုံးပြသည်။

ခေါင်းခါပြီး....

'မဟုတ်ပါဘူးရှင်၊ အဆင့်အနိမ့်ဆုံး သိုင်းသမားပါ'

'ဒါဖြင့် ဂိုဏ်းခေါင်းဆောင်က ဘယ်သူလဲဟင်'

မိန်းကလေးသည် သူမနှုတ်ခမ်းကိုစုပြီး စိတ်မရှည်သော လေသံဖြင့်....

'ခေါင်းဆောင်ဘယ်သူလဲဆိုတာတော့ ကျွန်မလဲမသိဘူး၊ သူတို့ကို ကျွန်သခင်လေးကဦးဆောင်နေတယ်လို့တော့ ပြောတာပဲ'

သူ....

အခန်းထဲတွင်ထိုင်ရင်း စိတ်မလုံသလိုဖြစ်လာသည်။

အာရုံသည်....

အခန်းတစ်ခုဆီသို့ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဈေးဦးလေးနဲ့ အဒေါ်ကိုသတ်တာ သူတို့ပဲဖြစ်နိုင်တယ်'

မိန်းကလေးသည်....

အလိုက်သင့်ခေါင်းကိုညိတ်လိုက်သလို၊ အခန်းထဲ ခေါင်းညိတ်ခေါ်သလို ဖြစ်သွားသည်ကို ချမ်းယိ သတိထားမိလိုက်သည်။

ရေနွေးကြမ်းလင်ပန်းဖြင့်....

ရှေ့မှန့်ထဲတွင် သူမြင်နေရသည်။

ချမ်းယိထိုင်နေသောစားပွဲတွင် လင်ဗန်းကိုချသည်။

ပြန်လှည့်မည်ပြုပြီး....

သူ့ခေါင်းပေါ်သို့ လက်ဝါးတစ်ချောင်း ရောက်လာသည်ကို သူသတိထားမိလိုက်သည်။

အလိုက်သင့်ပင်....

ခေါင်းကိုတိမ်းပေးလိုက်သောအခါ ရှေ့သို့ဟပ်ထိုးကျလာသည်။

ချမ်းယိ သူမ၏ဗိုက်ဆီ ခြေဖဝါးနှင့် ပင့်ကန်လိုက်သည်။

'ဝုန်း....'

ဟူသော အသံနှင့်အတူ....

အရုပ်ဆိုးမကြီး နောက်ပြန်လဲကျသွားသည်၊



ချမ်းယိ စားပွဲမှထလိုက်သည်၊

ရုပ်ဆိုးဆိုးအမျိုးသမီး ပြန်ထလာသည်၊

သူ့ဆီသို့ တဖြည်းဖြည်းချင်း ကပ်လာပြီး....

'သခင်မလေး....သူ့ကိုသတ်ပါ'

ကြည့်နေသော မိန်းကလေးသည် ခုမှသတိရလာဟန်ဖြစ်လာသည်။

မိန်းကလေးခါးကြားတွင်ရှိသော ဓားကိုထုတ်၍ ချမ်းယိအား ပိုင်းချလိုက်သည်။

သူအသာငုံ့၍ ရှောင်လိုက်သောကြောင့် ဓားမှာစားပွဲကိုထိသွားသည်။

'ခြိမ်း....'

ကျောက်စားပွဲပဲ့သည် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်မှုသည် လျှင်မြန်လွန်းလှသည်၊

မိန်းကလေး....

သူ့ကို စားပွဲပေါ်မှတက်၍ ခြေထောက်နှင့် သူ့မျက်နှာကို ခတ်လိုက်သည်၊

သူ မေးကလေးမော့၍ သီသီကလေးလွတ်သွားသည်။

သူမ၏ခြေတစ်ချောင်း....

စားပွဲပေါ်ရှိသည့် အနေအထားမို့ သူမ၏ခြေထောက်ကို သူ့လက်ဝါးစောင်းနှင့် ရိုက်ချလိုက်စဉ်....

www.burmeseclassic.com

www.burmeseclassic.com



'အွတ်...'

ဗားပွဲခေါ်တွင် မိန်းကလေး ပက်လက်ကလေး ဖြစ်နေသည်၊

ထိုစဉ်....

အမေါ်ကြီးပြေးဝင်လာ၍ သူ့အဒေါ်ကြီး၏လက်သည်းကြီးများကို ရှောင်နေရသည်၊

နှစ်ဖက်စလုံး....

သိုင်းကွက်သုံးဆယ်လောက် တိုက်ခိုက်ပြီးသောအခါ မောလာကြတော့သည်၊

သူတို့နှစ်ယောက် ဆက်တိုက်တိုက်ရင်း....

အိမ်ပြင်သို့ ရောက်လာကြသည်၊

နှစ်ဖွဲ့စလုံး အနိုင်အရှုံးမပေါ်ဘဲ အမောဖောက်လာကြသည်၊

သူ့အဖေသင်ပေးခဲ့သော သိုင်းပညာကို ဆည်းပူးထား၍သာ သည်လို အဆင့်မြင့်သိုင်းပညာနှင့် ယှဉ်ပြိုင်နိုင်ခြင်း ဖြစ်သည်၊

ထိုစဉ်....

မြင်းတစ်စီး သူ့ကိုနားရောက်လာသည်၊

'ဟေ့....ရပ်လိုက်၊ ဘာဖြစ်နေကြတာလဲ'

မိန်းကလေးတစ်ယောက်ပင်၊



ချန်းယိ မိန်းကလေးကိုကြည့်လိုက်သည်၊

သူမသည်....

မြင်းကို ကျွမ်းကျင်စွာစီးတတ်သော မိန်းကလေး တစ်ယောက်ဖြစ်မှန်း သိသည်၊

သူတို့၏တိုက်ပွဲကို ဝင်ရောက်နှောင့်ယှက်သူအဖြစ် သူထင်လိုက်သည်၊

မိန်းကလေးကိုမြင်မြင်ချင်း အရုပ်ဆိုးသော မိန်းမကြီးသည် ကြိမ်းဝါးတော့သည်၊

'လူယုတ်မ....နင်ဘာဝင် နှောင့်ယှက်တာလဲ'

မိန်းကလေးသည်....

ခါးတွင်ချိတ်ထားသော ကျာပွတ်နှင့် ရုပ်ဆိုးသောအဘွားကြီးကို ဝှေ့ယမ်းလှမ်းပစ်လိုက်သည်၊

အဘွားကြီးနားမရောက်ခင် ချန်းယိ ကျာပွတ်ကိုလှမ်းဆွဲလိုက်၍....

'ဩော်....ရှင်ကလူစွမ်းကောင်းပေ'

မြင်းပေါ်မှမိန်းကလေးကို မဲ့ပြုံးပြုံး၍ ပြောသည်၊

နောက်လှည့်ကြည့်လိုက်တော့ အဘွားကြီးနှင့်မိန်းကလေးနှစ်ယောက် မရှိတော့ပေ၊

မိန်းကလေးမဲ့ပြုံး....

'ရှင်ကဘယ်လိုလူစားလဲ၊ ကျွန်မက ရင့်ရန်သူကို ကူပြီးနှိမ်နင်းပေးနေတာ၊ ရှင်ကကယ်လိုက်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ချွန်းယိပြုံးပြီး....

'ကိုယ့်ကိစ္စကိုယ်ပဲရှင်းမယ်။ သူများဝင်ကူတာ ကျုပ်လုံးဝ မလိုလားဘူး'

'ခု ရှင့်ရန်သူတွေ ထွက်ပြေးသွားပြီလေ'

ချွန်းယိ ပခုံးတွန့်ပြီး....

'ကိစ္စမရှိဘူး၊ သူတို့ကိုစိတ်မဝင်စားတော့ဘူး၊ ခင်ဗျား ကိုပဲ စိတ်ဝင်စားမယ်'

မိန်းကလေး ရှက်သွေးဖြာသွားသည်။

'ရှင် ဘာပြောတယ်'

မျက်နှာအမူအရာမပျက်သလို ပြန်ပြောလိုက်သည်။

'ခင်ဗျားကိုစိတ်ဝင်စားတယ်လို့ ပြောတာ'

ချုံအကွယ်မှ လူတစ်ယောက်ထွက်လာပြီး....

'ဟေ့....ဘယ်သူပြောတာလဲကွ'

အသက်ငယ်ငယ် ယောကျ်ားတစ်ယောက် ဖြစ်သည်။

ခါးတွင်....

အရောင်မှိန်သော ဓားတစ်ချောင်းကို ချိတ်ထားခြင်းဖြင့် သူသည် သိုင်းသမားတစ်ယောက် ဖြစ်မည်ကို သူသိသည်။

လူငယ်သည် အတည်နှင့်....

'ခင်ဗျား စွေထန်ရှာသား မဟုတ်လား'



သူ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်၊ ကျုပ်နာမည် ချွန်းယိ၊ ခင်ဗျားတို့က ဘယ်သူတွေလဲ'

မိန်းကလေး မြင်းပေါ်မှဆင်းပြီး....

'ကျွန်မနာမည် ဟုန်ဝေပါ၊ သူ့နာမည်ချူအင်းပါ၊ ကျွန်မ တို့ဆရာကြီးခိုင်းလိုက်လို့ တာဝန်ထမ်းဆောင်ရတာပါ'

လုလင်ပျိုသည်....

မိန်းကလေးစကားပြောနေသည်ကို စိတ်မရှည်သော မလ သံဖြင့်....

'လာ....သွားစို့ ညီမလေး'

သူတို့နှစ်ယောက်....

တောလမ်းကလေးအတိုင်း ထွက်ခွာသွားကြသည်။

မိန်းကလေးသည် သူ့ကိုလှည့်ကြည့်သည်။

သူလည်း မိန်းကလေးကို ငေးကြည့်နေမိသည်။

'ဒုတ်....'

သူ့ညာလက်သို့ ဓားတစ်ချောင်းလာစိုက်မှ သူသတိဝင် လာသည်။

သိုင်းလုလင်ငယ် ချူအင်းပစ်ပေါက်လိုက်သော ဓားမြှောင် သူချက်ချင်း ဓားဆွဲနှုတ်လိုက်သည်။

အသိတစ်ခု စိတ်ထဲဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုသိုင်းပညာသင်ပေးစဉ်က အဖေပြောသည့်စကား။

'သူများရဲ့ အားနည်းချက်ကို အနိုင်ယူလိုက်တာ သိုင်းသမားကောင်းတို့ရဲ့ အလုပ်မဟုတ်ဘူး၊ ရှုံတာရက်စိတ်ဒေါသကို ပြန်လည် မပေါက်ကွဲရဘူးနော်သား'

ချန်းယိ မိမိဒေါသကို ပြန်ထိန်းလိုက်သည်။

မိန်းကလေးက သူ့ဆီသာပြီး အနာကိုဆေးထည့်ပေးပြီး ပတ်တီးစည်းပေးသည်။

ချူအင်းကိုလည်း မျက်နှာသုန်မှုန်ပြီး....

'ရှင် လူတစ်ယောက်ကို ဒီလိုမဆက်ဆံသင့်ဘူး၊ ရှင့်ကို ဆရာကြီးဆီရောက်မှတိုင်မယ်'

ချူအင်းသည်....

ဟုန်ဝေမိန်းကလေးကပြုစုနေသည်ကို သူ မနှစ်သက်သော်လည်း မပြောရဲပေ။

'ချန်းယိ ပင်းကို ငါတစ်နေ့ကျသတ်ပစ်မယ်'

ပြောပြီး ချူအင်းထွက်သွားသည်။

ဟုန်ဝေမိန်းကလေး သူ့ကိုပတ်တီးစည်းပေးသည်။

'ညီမကြောင့်ဖြစ်ရတာ စိတ်မကောင်းပါဘူးအစ်ကို'

'ရပါတယ်၊ ဒီလောက်အနာကတော့ ကိစ္စမရှိပါဘူး'

သူမ၏မျက်နှာတွင်....

ဝမ်းနည်းကြေကွဲမှုကွေ့ ဖြစ်ပေါ်နေသည်။

ချန်းယိ ဟုန်ဝေကို သနားသလိုဖြစ်သွားသည်။

'ပြန်လိုက်သွားလေ ညီမ'



ချန်းယွ အဝေးသို့ကြည့်နေရင်းပြောလိုက်သည်။

ဟုန်ဝေ....

ချန်းယိမျက်နှာကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

သူ့ကြောင့်ဖြစ်ရသည့်အတွက် စိတ်မကောင်းကြီးစွာ ဖြစ်ရပြန်သည်။

သူကိုယ်တိုင်လည်း....

ချန်းယိနားကထွက်မသွားချင်သေး။

နေခရောင်သည် မှိန်းတုန့်တော့မည်။

သစ်ပင်ကြီးအောက်တွင်....

နှစ်ယောက်သား ငိုင်ခွေနေကြသည်။

သူတို့နှစ်ယောက်စိတ်ထဲ တစ်မျိုးကြီး လှုပ်ရှားရိုက်ခတ်သွားသည်။

ဟုန်ဝေတစ်ယောက်....

ချန်းယိရှေ့မှနေ၍ ခေါင်းငုံ့ပြီး၊ ထွက်ပြေးပျောက်ကွယ်သွားသည်။

ကြီးမားတဲ့သစ်ပင်ကြီးကတော့ အရိပ် မိုးထားပေးမြဲပင်။

★

www.burmeseclassic.com

## ပထမဆုံးသဲလွန်စ

ဟုန်ဝေဆိုသော မိန်းကလေးကို သူ စဉ်းစားနေမိသည်။

တစ်ခဏကလေး တွေ့ရသောမိန်းကလေးကို သူစွဲလမ်းရသနည်း။

ဟုန်ဝေသည် လှပသောမိန်းကလေးဖြစ်သည်။

ခန္ဓာကိုယ်နွဲ့နွဲ့နှောင်းနှောင်းရှိသော မိန်းကလေးက....

သိုင်းသမားတစ်ယောက်ဖြစ်နေခြင်းကို အံ့သြမိသည်။

သူ့လက်မောင်းတွင်....

ထိုစဉ်က ဒဏ်ရာကို ဟုန်ဝေဘာကြောင့် ကြင်ကြင်နာနာဆေးထည့်ပေးခဲ့သည်။

သူ့အင်္ကျီကိုဖြဲ၍ ပတ်တီးစည်းပေးသည်။



ဒါတွေသည်....

ဟိုဘဝအဆက်ဆက်က ဟုန်ဝေနှင့်သူသည် ဘယ်လိုများဆက်စပ်ခဲ့ပါလဲလို့ စဉ်းစားမိသည်။

ခုတော့ လက်မောင်းကဒဏ်ရာသည် ကျက်ပြီ။

သူမ၏အဝတ်စရေးသည် စားပွဲပေါ်တွင် သည်အတိုင်းတင်ထားသည်။

သူ မလွှတ်ပစ်မိသေး။

ခုတင်ပေါ်တွင် ဟိုတွေးသည်တွေးနှင့် သူ ဇနေနေရသည်။

ဦးလေးနှင့်အဒေါ်ကို အသတိသော တရားခံသည် မည်သူနည်း။

ဒီတရားခံတွေကို လိုက်လံရှာဖွေဖော်ထုတ်ဖို့က သူ့တာဝန်တစ်ခုဖြစ်သည်။

ခုအချိန်ဟီ....

သဲလွန်စတော့ မရသေးပေ။

မိန်းကလေးတစ်ယောက်ကို စတင်တွေ့လိုက်သည်။

ထိုမိန်းကလေးသည်လည်း တရားခံအစစ် မဟုတ်နိုင်ပေ။

ဒီအထိုင်းနှင့် ဆက်လာခဲ့ရာ နောက်မိန်းကလေး တစ်ယောက် ပေါင်းသုံးယောက်တော့ တွေ့ခဲ့ရပြီးပြီ

ဒါပေမယ့်....

သူလိုချင်သောအဖြေတော့ မရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကြိုးစားရဦးမည်၊

ဒီအတွက် သူ စိတ်မပျက်မိသေး။

ကြိုးစားဆောင်ရွက်ဖို့က သူ့တာဝန်တစ်ခုဖြစ်သည်။

မိန်းကလေးသုံးဦးခတ္တရသည်အထိ. .

ရန်သူအစစ်ကို မတွေ့ရသေးပေ။

နည်းနည်းပေါ့ ခရီးရှည်မည်ဟု သူထင်သည်၊

သူ့အာရုံထဲ နားနေရင်းက သတိတစ်ခုဝင်လာသည်။

ညှို့ဂေဟာပြူတင်းပေါက်မှ သူခုန်ထွက်လိုက်သည်။

အပြင်ကွင် မှောင်အတိဖြစ်နေသည်။

အုတ်တံတိုင်းတစ်ခုပေါ်သို့ ကိုယ်ဖော့၍ ဟက်လာသည်၊

နောက်တစ်ခုကို ထပ်မံကူးရပြန်သည်။

သုံးတံတိုင်းယောက်ကူးပြီးမှ သူလိုချင်သောခေါင်မိုးပေါ်သို့ ရောက်သည်။

အောက်ခြေတွင် တိတ်မြတိတ်နေသည်။

သတိထားတတ်သောသူ့အဖြစ်ကို သူကျေနပ်နေမိသည်။

ခုန်ဆင်းပြီး အခန်းတစ်ခုထဲသို့ သူ ဝင်လိုက်သည်၊

အန္တရာယ်မရှိ အခန်းတွင်းသို့ရောက်ခဲ့ပြီ။

နဂိုကလို မီးအရောင်မတွေ့ရတော့။

ခန်းမအလယ်သို့ သူတိုးလာသည်၊

မရှိတော့....။



သူ့ အခေါင်းနှစ်လုံးကို ဘေးဘက်ညာဘက်များ၌အောင် ရှာဖွေမိသည်၊

အစွန်းအစမျှ မတွေ့ရတော့။

'ဘယ်ပျောက်သွားပြီလဲ'

သူတစ်ယောက်တည်း ပြောမိသည်။

ရုတ်တရက်....

သူ့ကျောပြင်သို့ လေတစ်ချက်ဝှေ့သွားသည်။

သတိရှိသူပီပီ ဘေးသို့ ခုန်ထွက်လိုက်၏။

မီးတုတ်တစ်ခု အခန်းထောင့်တွင် လင်းနေသည်။

အဖြူရောင် အလင်းတန်းတစ်ခုသည်....

ဝင်းခနဲလက်သွားပြီးလျှင် လူတစ်ယောက်ဘေးကိုင်၍ သူ့ဆီသို့ ခုန်ဝင်လာသည်။

လူရွယ်တစ်ယောက်သည်....

ဓားကိုယ်စီနှင့် ခြောက်ပေအကွာရပ်လျက် နေရာယူကြသည်၊

သူတို့အားလုံး သန်မာထွားကျိုင်းပုံပေါက်နေသည်၊

ညာဘက်တွင် ကိုင်ထားသောဓားများ အောက်သို့စိုက်၍ထားသည်၊

အသက်သုံးဆယ်ဝန်းကျင်ရှိသော သူတွေမို့....

သူတို့သိုင်းပညာသည် အဆင့်အတန်းရှိသော သိုင်းသမားပုံမျိုး ဖြစ်နေသည်၊

www.burmeseclassic.com

www.burmeseclassic.com



ရှေ့က သုလင်ပျိုကတော့ သူတို့ထက်ငယ်သည်။

အပြာနုရောင် ပိုးဇတ်ရှုံကို ဝတ်ထားသည်။

ခါးတွင် ဓားတစ်ချောင်းချိတ်ထားသည်။

သူ၏ရုပ်လက္ခဏာသည်....

မျက်မှောင်ကြုတ်၍ ကြမ်းတမ်းသည့် မျက်လုံးအစုံသည် ပိုင်ရှင်ဖြစ်သည်။

မေးရိုးဟားကား....

နှုတ်ခမ်းနှစ်ဖက်ထောင့်သည် အောက်သို့ ကွေးဆင်းသွားခြင်းဖြင့် ထိုသူသည် မာန်မာနကြီးသူတစ်ယောက် ဖြစ်မည်ဟု ခန့်မှန်းရသည်။

ချန်းယိ သူတို့ကိုကြည့်ပြီး အခြေအနေ တင်းမာပြီဆိုတာ သဘောပေါက်သည်။

သူ့အကဲခတ်၍...

ဤအခြေအနေကို သုံးသပ်ကြည့်မှ အဖြေတစ်ခု တွေ့နိုင်သည်။

'ခင်ဗျားတို့က ဘယ်ကလဲ'

ဟု အသံမာမာဖြင့် မေးလိုက်သည်။

ရှေ့ဆုံးမှ လုလင်က....

'ကျုပ်နာမည် ဝါယင်ပါ'

မခန့်လေးစားအသွင်ဖြင့် ပြန်ဖြေသည်။



ချန်းယိ ဒီအမည်ကို ကြားလိုက်သည်နှင့် ရင်ထိတ်သွားသည်။

ဝါယင်သည် မိမိတို့စွေထန်းရွာကလေး၏ မကောင်းဆိုးဝါး နာမည်ပင်။

မဟာရန်သူတော်ဟု အဓိပ္ပာယ်ရသည်။

သို့သော် ချန်းယိတ္တခြေမှုမျက် ပြန်ဆယ်လိုက်ပြီး....

'ကျုပ်နဲ့ ခင်ဗျားတို့ ဘာရန်ငြိုးများရှိလို့ ခုလိုလာဆုံရတာလဲ'

အားလုံး ဝိုင်းရယ်သံထွက်ပေါ်လာသည်။

ပြီးမှ....

'မင်းတို့ စွေထန်းရွာဟာ ငါတို့ရဲ့ မဟာရန်သူစာရင်းထဲမှာပါတယ်၊ ဒီအတွက် မင်းတို့ကို အမြစ်ဖြုတ်ဖို့ အမိန့်ကျတယ်၊ နောက် မင်းတို့ရွာကို အမြစ်လှန်ပြီးရင် တို့ဂိုဏ်းရဲ့ အာဏာစက် ကျယ်ပြန့်လာဖို့ နီဂိုးရဲ့ ရည်မှန်းချက်ပဲ'

ထိုစကားကြားလိုက်ရသောအခါ....

ချန်းယိ ပို၍တုန်လှုပ်လာသည်။

အမည်မသိလိုက်ရသောမိန်းကလေးတစ်ယောက်၏ စကားကိုလည်း ပြန်လည်ကြားယောင်လာသည်။

'ဒါဖြင့် ကျုပ်ဦးလေးနဲ့အဖေါ်ကိုသတ်တာ ခင်ဗျားတို့အဖွဲ့ကပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိ မေးလိုက်သည်။

ဝါယင် တစ်ချက်ပြုံးပြီး....

'ဟုတ်တယ်၊ ကျုပ်တို့ရဲ့လမ်းစဉ်မှာ ဆူးငြောင့်တွေကို ပထမ သုတ်သင်ရှင်းလင်းမယ်'

'ခင်ဗျားတို့တစ်တွေဟာ သူများခိုင်းသမျှ လုပ်နေရတဲ့သူတွေပါ၊ ဒီအလောင်းနှစ်ခုကို ခင်ဗျားကို ဖျောက်လိုက်တယ်ပေါ့'

'ဟုတ်တယ်၊ မဟုတ်ဘူးဆိုတာက အရေးမကြီးပါဘူး'

စကားမဆုံးခင်....

သူတို့သည် ချန်းယိဆီသို့ ဓားကိုင်ပြီး ပြေးဝင်လာသည်။

ချန်းယိက....

ဝင်တိုက်လာသောဓားက ကွက်ရိုးစင်းလှတဲ့အတွက် သူ့ကို အသာရှောင်ပြီး ဓားနောင့်နှင့် ကျောကိုထုလိုက်သည်။

နောက်တစ်ယောက်သည်....

လိုရာကို အားနှင့်မာန်နှင့် ပိုင်းချနိုင်သောသိုင်းသမားငယ် တစ်ယောက်ဖြစ်သည်။

ထိုသူ၏ တိုက်ခိုက်မှုပညာ ထက်မြက်လှသည်။

ချန်းယိသည်....

အလွန်ကျွမ်းကျင်သောသိုင်းသမားတစ်ယောက်ဖြစ်ရာ ဝါယင်၏ဓားကွက်ကို မြင်သည်နှင့် ထိုသူမှာ ဓားကွက်သူမတူအောင် အကွက်များ တတ်မြောက်ထားသည်ကို သိသည်။



ဒါကြောင့်လည်း....

ဓားကွက်ကိုအမီလိုက်၍အကွက်စေ့စေ့ပြန်လည်တိုက်ခိုက်နေရသည်။

သို့သော်....

သူသည် ဝါယင်အား အထင်မကြီးပေ။

ဝါယင်၏ ဓားကွက်နောက် လိုက်၍ တိုက်ခိုက်နိုင်သောကြောင့် ဖြစ်သည်။

နှစ်ယောက်စလုံး ဆယ်ကွက်မြောက်သိုင်းကွက်အထိအနိုင်အရှုံးမပေါ်။

ချန်းယိ ပြုံးစေ့စေ့လုပ်ပြနေသည်။

ရန်သူချင်း ဓားချင်းယှဉ်ပြိုင်သလိုမဟုတ်တော့ဘဲ မိတ်ဆွေချင်း ပညာဖလှယ်သလိုဖြစ်နေသည်။

ဝါယင် စိတ်တိုလာသည်။

မိမိခုတ်သည့် ဓားကွက်၏အဖြေကို ချန်းယိ သိသွားသည် ထင်မိသည်။

မျက်လုံးများက အရောင်တောက်လာသည်။

မခံချင်စိတ်ကြောင့် ဖြစ်ပေါ်လာရသော အခါရှိသည်....

ပို၍ပြင်းထန်လှသည့် ဝါယင် ဓားကွက် ပြောင်းလိုက်သည်။

တခဏအတွင်း....

ရေလှိုင်းများပမာ ဓားသွားတို့သည် ချန်းယိဆီသို့ ထိုးဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကျမှ....

ချန်းယိ ဓားကွက်လျှိုထား၍ မရတော့ပါ၊

ဝါယင်၏ဓားရိပ်ကြားမှာ....

ရှောင်တိမ်းနေရသော်လည်း ထိုသူ၏ဓားစက်ဝိုင်းကိုတော့ သူ စဉ်းစားချိန်မရအောင် ဖြစ်နေသည်၊

သတိတစ်ချက်ဝင်လာသည်၊

ချောင်ပိတ်တိုက်ကွက်ဖြစ်သည်ကို သူ သိလိုက်သည်၊

ဒါကြောင့်....

ချန်းယိ တန်ပြန်တိုက်ကွက်ကို အသုံးပြုလိုက်ရသည်၊

ထိုသူသည် နဖူးကချွေးများကို သုတ်လိုက်သည်၊

ဓားကိုထုတ်ကိုင်၍ ချန်းယိထံ ပြေးဝင်လာပြန်သည်၊

သူ၏ ဆောင်ဓားကွက်ကို ချန်းယိသိသည်၊

အပေါ်မိုးထားသောဓားကို ချန်းယိ ဓားချင်းပြောက်၍ ဟန်ပြလိုက်သည်။

ပြီးမှ....

ကျွမ်းတိုးပြီး နောက်ပြန်ကွက်လိုက်သည်၊

ရယ်မောပြီး....

'ဘယ်ရမလဲ ကိုယ့်လူ'

မိမိနောက်ဆုံးဓားချက်. လွတ်သွားသော ချင်းယိကို သူ မျက်လုံးပြူးထွက်ပြီး ကြည့်သည်။

ပြီးမှ....

'ဟော ....ဝိုင်းထားလိုက်'



သူ့လူတွေကို အမိန့်ပေးလိုက်သည်၊

လူရှစ်ယောက်သည် လေးဘက်လေးတန် သူ့ကိုဝိုင်းထားသည်၊

ချန်းယိ မှုပြုံးလေးတစ်ချက်ပြုံးသည်၊

ရှေ့မှလေးယောက်သည်....

သူ့ဆီသို့ တိုးဝင်ပြီး ခုတ်သည်၊

သူ ဓားလေးချောင်းကို ရှောင်လိုက်သည်၊

သို့ပေမယ့်....

နောက်မှ လေတိုးသံသည် သူ့အာရုံထဲတွင် နောက် ဓားလေးချောင်း၊

ထိုလေးချောင်းကိုလည်း ထပ်မံရှောင်လိုက်ရပြန်သည်၊

ရှေ့က လူတွေဆီ တိုးလိုက်လျှင် နောက်က တိုးလိုက်သည်၊

နောက်ကိုတိုးခုတ်လျှင် ရှေ့ကပြန်တိုးလိုက်သည်၊

ချန်းယိ ဓားကွက်ပုံမကျမှန်းသိသည်၊

ဆုံးဖြတ်ရသည်၊

ခြေဖျားကို အမာတွင်ထောက်၍ ကိုယ်ဖော့လိုက်သည်၊

သူ့တစ်ကိုယ်လုံး ပိုးလိပ်ကလေးလို အပေါ်သို့ လွင့်တက်သွားသည်၊

ဝါးတစ်ရိုက်လောက်အကွာမှာ ပြန်ကျလာသည်၊

ခုမှ သူ သက်ပြင်းတစ်ချက်ချလိုက်သည်၊

www.burmeseclassic.com

www.burmeseclassic.com



လူရှစ်ယောက်ကိုကြည့်လိုက်တော့ နေရာအနေအထားအတိုင်း ခြောက်ခေအကွာတွင် တစ်ဦးချင်းရပ်ပြီး ဓားက ကိုင်လျက်ပင်။

ချွန်းယီထံ တစ်လှမ်းချင်း လျှောက်လာကြသည်။

ရင်းတို့ကို တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ယှဉ်ပြိုင်မှုကို သူ မမှုပါ။

သူတို့ကို တစ်ဦးချင်းတိုက်ခိုက်ရမည် ဆိုပါက ဓားကွက် ငါးကွက်လောက် အချိန်ယူရပါမည်။

သို့သော်....

သိုင်းပညာအဆင့်အတန်းမနိမ့်သော ထိုလူ ရှစ်ယောက်ကို တစ်ခါတည်းစုပေါင်းလိုက်သောအခါ သူတို့ဓား ရှစ်ကွက်သည် စုစည်းပြီး ဟန်ချက်ညီလှသည်။

ဟန်ချက်ညီ ဓားကွက်ကို သူ မနည်း ရှောင်တိမ်းနေရသည်။

ဟန်ချက်ညီဓားကွက်ကို သူ ရှုံးနိုင်သည်။

သူတို့ ဓားများကို မြေသို့ရွယ်ပြီး သူ့ဆီ တစ်လှမ်းချင်း တိုးလာသည်။

ဟန်သည် ကိုယ့်ဖို့ဖြစ်သည်။

သူ ရှေ့ဆုံးကလူအား ဝင်ခုတ်သည်။

ထိုလူသည် နောက်တစ်လှမ်းဆုတ်လိုက်သည်။

သူ ဓားကျွံသွားစဉ်....

ဘေးမှလူနှစ်ယောက် ဓားကွက်ဖြင့် ဝင်လာသည်။



ဝင်လာသောသူနှစ်ယောက်ကို သူ တန်ပြန်တိုက်ခိုက်ရပြန်သည်။

သူ ပြန်လည်တိုက်ခိုက်စဉ်....

ထိုသူနှစ်ဦးသည် သူ့ကိုမယှဉ်ဘဲ ဘေးသို့ ရှောင်တိမ်းပြန်သည်။

သူ ခက်နေပြီ။

ရန်သူကို အထင်သေးမိသော သူ့တိုက်ကွက်ကြောင့် သူ ရန်သူစက်ကွင်းထဲတွင် ဝဲလည်နေသည်။

ရှေ့ယောက်ဝဲယာ လှည့်လည်တိုက်ခိုက်နေရသောကြောင့် သူ မောပမ်းလာသည်။

သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေစိုလာသည်။

အဝေးမှ ဝါယင် သူ့ကို မျက်တောင်မခတ်ဘဲစိုက်ကြည့်နေသည်။

သူနှင့် လူရှစ်ယောက်ကတော့ တိုက်ကွက်ထဲတွင် လူးလိမ့်နေသည်။

ရုတ်တရက်....

မီးပွင့်လေးတစ်ပွင့် ဝါယင်လက်ထဲမှ လွင့်ထွက်လာသည်။

သူ့ကိုတိုက်ခိုက်နေသော လူရှစ်ယောက် နောက်သို့ဆုတ်ပေးလိုက်ကြသည်။

'ဝုန်း'

ချွန်းယီကို ထိမှန်သွားသည်။

အင်္ကျီကို မီးလောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းယီ မီးကိုသတ်ရင်း ခေါးသမားရှစ်ယောက်ကို တန်ပြန်တိုက်ခိုက်နေသည်။

'ဟား...ဟား...ဟား မင်း ဒီကနေတော့ တို့လက်က မလွတ်တော့ပါဘူးကွာ'

'ဟား... ဟား...ဟား'

လှောင်ပြောင်သံများကို ဂရုမစိုက်နိုင်။

ရန်သူ၏ တိုက်ခိုက်မှုများကိုသာ သူပြန်လည် ခုခံနေရသည်၊

မီးသည် အကျီတစ်ခုလုံး စွဲနေတော့သည်။

ထိုစဉ်အသံတစ်သံ....

'ဒေတာ...ချန်းယီ၊ မြေပေါ် လှူးပစ်လိုက်'

သူ မြေသို့ လှူးလိမ့်လိုက်သည်။

မီးများ ချက်ချင်းငြိမ်းသွားသည်။

မတ်တတ်ပြန်ရပ်လိုက်သည်။

ခါးအိမ်မှဓားကို စိတ်ဆိုးပြီး ဆွဲထုတ်လိုက်သည်။

သူ ဝါယင်ထံသို့ တဖြေးဖြေး လျှောက်လာသည်၊

ဝါယင် သူ့ကို မြူးမြူးကြောင်ကြောင် ကြည့်နေသည်။

သူ၏ဒေါသသည် မထိန်းနိုင်သော အသွင်ဖြစ်နေသည်။

'ဟေ ....ချန်းယီ၊ မင်း ခုခံမဲ့သူမဟုတ်တာကို သတ်မလို့လား'



အသံတစ်သံ ထပ်ပေါ်လာပြန်သည်။

အသက် ခြောက်ဆယ်ခန့်ရှိ အဘိုးကြီးတစ်ယောက် ဖြစ်သည်။

တစ်ချိန်က....

စွေထန်းဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ပင်းထိန်မင်း....။

ချန်းယီသည် ဒူးထောက်ထိုင်လိုက်သည်။

ပြီးမှ....

'ဘိုးဘိုး ဘယ်တုန်းက ရောက်လာတာလဲ'

အဘိုးအိုသည် တစ်ချက်ခေါင်းညိတ်ပြီး....

'မင်းကို...သူတို့ ခုခံအားမရှိကြတော့ဘူးဆိုတော့ မင်း သူတို့ကြည့်ကလိုက် ချန်းယီ'

ချန်းယီ သူတို့ကိုကြည့်လိုက်တော့....

သူတို့အားလုံးသည် အရှပ်ကြိုးပြက်သလိုဖြစ်နေပေပြီ...။

ဒါတာ ဘိုးဘိုး အချိန်မီကယ်လိုက်ခြင်းပင်၊

အဘိုးအိုသည် သူ့ကိုဆွဲယူလိုက်သည်။

'မင်း....သူတို့ကို ဘယ်လိုစီမံ ချင်သလဲ'

'သူတို့ဂိုဏ်းတာ ကျွန်တော်တို့ရွာရဲ့ ရန်သူတွေပါ၊ ဒါကြောင့် သူတို့ကို ဆုံးမရလိမ့်မယ်'

အဘိုးအိုသည် သူ့ကို တစ်ချက်ကြည့်သည်။

ပြီးမှ....

'သူတို့ဟာ...သူများခိုင်းတာလုပ်နေရတဲ့သူတွေပါ၊ သူတို့ကိုသတ်ပစ်လိုက်လို့ကော၊ ဘာထူးမှာမို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိအနည်းငယ်စဉ်းစားပြီး....

'ဒါဖြင့်...လွှတ်လိုက်မယ်'

အဘိုးအိုသည် ခေါင်းညိတ်ပြီး....

'မင်းတို့သွားနိုင်ပြီ'

ဝါယင်သည်....

ချန်းယိအား မကျေနပ်သောအကြည့်ဖြင့်ကြည့်ပြီး သူ့လူတွေနှင့်အတူ ထွက်သွားသည်။

'ဒါဆို...ဘိုးဘိုးအလောင်းကို'

ချန်းယိ ဆက်မေးသည်။

'အေး...သူတို့ကို ငါဂြိုဟ်လိုက်ပြီးပြီ'

အဘိုးအို ပြန်ပြောလိုက်သည်။

ပြီးမှ...

'အင်း...ဒီကိုဘာလာလုပ်တာလဲ'

'ဦးလေးနဲ့ အနေဒေါ် အသတ်ခံရတဲ့ကိစ္စ စုံစမ်းရအောင်လာရတာပါဘိုးဘိုး'

'မင်းဘယ်နေ့ကရောင်လဲ'

'မနေ့ကပါ ဘိုးဘိုး'

'မင်း...သဲလွန်စရောရပြီးပြီလား'

'အခု တိုက်ခိုက်တဲ့အဖွဲ့က သဲလွန်စပေါ့ဘိုးဘိုး'

အဘိုးအိုသည် အတန်ကြာအောင်စဉ်းစားပြီး...

'အမှုတစ်ခု စုံစမ်းတယ်ဆိုတာ ပုံသေယူထားလို့မရဘူး။ ယူထားရင် မှားအားနိုင်တယ်၊ စုံစမ်းရရှိသမျှ အချက်အလက်တွေကို သဲလွန်စအဖြစ် စုဆောင်းရတယ်၊ အဲဒီသဲလွန်စတွေရဲ့ တစဆီကို အတတ်နိုင်ဆုံး အဖြေတစ်ခုခု ရလာအောင်ပေါင်းမှမယ်၊ ဒါဟာပြဿနာရဲ့အဖြေအတွက် အနီးဆုံးမှန်နေပြီ'



ချန်းယိခေါင်းညိတ်ပြီး....

'ကျွန်တော်မှတ်ထားပါမယ်ဘိုးဘိုး၊ ဘိုးဘိုး ဘယ်ကိုခရီးဆက်ဦးမှာလဲ'

ဟုဆက်မေးလိုက်သည်။

'ငါ ခြေဦးတည့်ရာရောက်ဦးမယ်'

'ဒါဆို ရွာရောက်ရင် ဘိုးဘိုး ကျန်းမာကြောင်း ပြောပြလိုက်ပါမယ်'

'အေး...မင်း အစစအရာရာ သတိရှိပါစေ'

★

www.burmeseclassic.com

## စေတုတ္ထမြောက် မိန်းကလေး

ညနေစောင်း....။

ချန်းယိ ချင်မင်မြို့သို့ ရောက်ရှိလာသည်။

မြို့တံခါးကို ဝင်ရောက်လိုက်သည်နှင့် သူ့နောက်မှ မြင်းခွာသံတွေ ကြားရသည်။

တစ်လမ်းလုံး ဖုန်တထောင်းထောင်း ထနေသည်။

သူတို့စတ်ရုံတွေကြည့်ပြီး....

ချန်းယိ ဘယ်အဖွဲ့ကဆိုတာ သိလိုက်သည်။

လမ်းမကြီးတစ်လျှောက်လုံး ဒုန်းစိုင်းပြေးနေသော မြင်းတို့ကို သူ ငေးကြည့်မိသည်။



သူတို့ကတော့....

မြင်းများကို မောင်းနှင်နေဆဲပင်။

သူတို့လူစုနောက်သို့ ချန်းယိ လိုက်ခဲ့သည်။

ဂေဟာတစ်ခုရှေ့တွင် သူတို့ရပ်လိုက်ကြသည်။

သူတို့အရင်ရောက်နှင့်နေသော....

မြင်းလှည်းတစ်စီးကို သူတို့ထဲက တစ်ယောက်သောသူက အေးဘယ်ညာပတ်ပတ်လည်ကို သေသေချာချာကြည့်သည်။

နောက် သူ့အဖော်များ မြင်းပေါ်ကဆင်းကြသည်။

ချန်းယိ....

သူတို့နှင့် မလှမ်းမကမ်းတွင် သူတို့အသွင်ကို ကြည့်နေသည်။

မြင်းလှည်းသည် အေးငယ်သော်လည်း....

သပ်သပ်ရပ်ရပ်ရှိလှ၍ ဤမြင်းလှည်းမျိုးသည် မိန်းကလေးစီး မြင်းလှည်းသာဖြစ်ပေမည်ဟု သူ တွက်လိုက်သည်။

သိုင်းသမားအုပ်စုကတော့ မြင်းလှည်းကိုပတ်ပြီး တစ်ယောက်တစ်မျိုး အမြော်အမြင်တွေဆွေးနွေးနေကြသည်။

'ဒီမြင်းလှည်းပဲ ဖြစ်ရမယ်'

တစ်ယောက်သောသူက ပြောသည်။

'မင်းဟာ ဟုတ်မှလဲလုပ်ပါကွာ၊ တော်တော်ကြာ လူမှားနေရင်....

'ငါထင်တာ မမှားနိုင်ပါဘူးကွာ'

နောက်တစ်ယောက် ဝင်ပြောပြန်သည်။

www.burmeseclassic.com



"ဒါဆို ဒီတည်းခိုခန်းမှာပဲရှိမှာ ကျိန်းသေတယ်"

သူတို့အုပ်စု တည်းခိုခန်းထဲသို့ ဝင်သွားကြသည်။

ချန်းယိ သူတို့နောက်မှ တည်းခိုခန်းထဲသို့ လိုက်ဝင်လာသည်။

ဆိုင်ပိုင်ရှင်သည်....

စားပွဲနှင့် ခုံတန်းလျားတွင် ထိုင်နေသည်။

ခုနကဝင်ရောက်သွားသောလူစုကို မတွေ့ရတော့ပေ။

'လူကြီးမင်း၊ တည်းခိုချင်လို့လားဗျာ'

ပိုင်ရှင်ဖြစ်ဟန်တူသော လူကြီးက ချန်းယိကို မေးသည်။

'ဟုတ်တယ်ခင်ဗျား၊ အခန်းကောင်းကောင်း လိုချင်ပါတယ်၊ ကျွန်တော့်မြင်းကိုလည်း ကြည့်ထားပေးပါဦး'

'ရပါတယ်၊ ရပါတယ်'

လုလင်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်

'ဟေ့.... ဘုဝယ်၊ လူကြီးမင်းကို အခန်းကိုးရှာ သေသေချာချာ နေရာချထားပေးလိုက်'

လုလင်ပျိုက....

'ဟုတ်ကဲ့ခင်ဗျာ'

သူနှင့် လုလင်သည် အပေါ်ထပ်သို့ တက်ခဲ့သည်။

အခန်းအမှတ် ကိုးမှာ....

သူတို့နေရာပေးပြီး လုလင်ပြန်ထွက်သွားသည်။

သူ အခန်းအမှတ်ကိုးကို ကြည့်လိုက်သည်။

အခန်းသည် အတော်ကျယ်သည့် အခန်းဖြစ်သည်။



ထိုအခန်းမျိုးသည် သူလိုချင်သော အခန်းအနေအထားဖြစ်သည်။

အခန်းတံခါး ပြန်ပိတ်ပြီး....

ဟိုဟိုသည်သည် ကြည့်မည့်အစီအစဉ်ဖြင့် အပြင်စင်္ကြံသို့ လှမ်းလျှောက်ထွက်ခဲ့သည်။

စင်္ကြံတစ်ခုလုံး လူသူကင်းရှင်းနေသည်။

ဟိုဟိုသည်သည်ကြည့်ရတာ သူ့အဖို့ထူးဆန်းနေသည်။

စင်္ကြံအကွေ့တွင် အသံတစ်သံ သူကြားရသည်။

အပြင်ကလူသည်....

အသံကျယ်လောင်စွာ အခန်းထဲသို့ပြောနေသောအသံဖြစ်သည်။

ချန်းယိက သူ့နောက်တွင်ရပ်လျက် အခန်းထဲသို့ကြည့်နေကြသည်။

အခန်းထဲတွင် အမျိုးသမီးနှစ်ယောက် ရှိသည်။

မိန်းကလေးနှစ်ယောက်စလုံး သူတို့အားလုံးကို ကြောင်၍ကြည့်နေသည်။

မိန်းကလေးနှစ်ယောက်စလုံးသည် မိုးပြာရောင် ဝတ်ဆင်ထားကြသည်။

တစ်ယောက်သော မိန်းကလေးသည် အလွန်လှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူ့အဖော်ဟုထင်ရသော မိန်းကလေးသည် အသည်းယော် ကြောက်နေပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာပေါ်တွင် သွေးမရှိတော့ပေ။

ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

'ကျွန်မတို့ ကျွန်းကျောင်းကို သွားမလို့ပါ'

လှပသော မိန်းကလေးသည် အပြင်တလူစုကြားအောင် အော်ပြောလိုက်သည်။

'မင်းနာမည် ဘယ်လိုခေါ်လဲ'

ခေါင်းဆောင်လုပ်သူဟု ထင်ရသောသူက မေးသည်။

'ချူးမိန့်လို့ ခေါ်ပါတယ်'

'ကျွန်းကျောင်းမှာ ဘယ်သူရှိလို့လဲ၊ ဘာကိစ္စနဲ့သွားမှာလဲ'

'ကျွန်မ အဘွားတစ်ယောက် နေထိုင်မကောင်းလို့ သွားမှာပါ၊ အဖော်မရှိတာနဲ့ အိမ်နီးချင်းတစ်ယောက် ခေါ်လာခဲ့ရတာပါ'

မိန်းကလေး ရှည်လျားစွာ ပြန်ဖြေလိုက်သည်။

မေးသောသူသည်....

မိန်းကလေးပုံပန်းကိုကြည့်ပြီး မျက်မှောင်ကုတ်သွားသည်။

တစ်ဖက်သို့လှည့်၍....

'မင်းလူမှားနေပြီနဲ့တူတယ်၊ တို့ကိုဒုက္ခပေးသွားတာ ဒီမိန်းကလေး မဟုတ်နိုင်ဘူးထင်တယ်'

နောက်တစ်ယောက်ကို ပြောလိုက်သည်။

ထိုလူသင်က....

'ကျွန်တော်ခဲ့ မြင်းလှည်းတော့ သေသေချာချာမှတ်မိတယ်'



သူ့အာက်ကထင်မြင်ချက်ကို ပြောပြန်သည်။

'ကျွန်မတို့ မိန်းမသားတွေပါရှင်၊ လမ်းခရီးတစ်လျှောက်လုံး ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့မိဘူး'

ချူးမိန့်ဆိုသော မိန်းကလေးအာက်က ထပ်မံရှင်းပြနေပြန်သည်။

ထိုအချက်တွေအားလုံး ချန်းယိကြားသည်။

ပုဆိုးကြိုက်၍ ယပ်တောင်ထုတ်ခပ်လိုက်သည်။

ရှေ့သို့တိုးသွားပြီး ယပ်တောင်ဖြင့် သူ့ခေါင်းကို ခေါက်လိုက်ပြီး....

'မိတ်ဆွေတို့ ဘာပြဿနာများ ဖြစ်နေလို့ပါလဲ'

ထိုသူသည် ချန်းယိကို လှမ်းကြည့်သည်။

'ဒီမိန်းကလေးနှစ်ယောက် ဘယ်ကလာလို့ ဘယ်ကိုသွားမတ်ဆိုတာ သိချင်လို့ မေးနေတာပါ'

လူလင် ပြန်ပြောသည်။

'ကျုပ် သူတို့နောက်ကလိုက်လာတာ ဘာမှထူးခြားမှုမတွေ့ပါဘူး'

ချန်းယိပြောလိုက်သည်။

'ဒါဆို ခင်ဗျားဒီလှည်းနောက် အမြဲ လိုက်နေတဲ့သူပေါ့'

'ဟုတ်ပါတယ်'

'ခင်ဗျားဘယ်သူလဲ'

'ချီယင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



လုလင်သည် မျက်မှောင်ကုတ်ပြီး....

'ကျုပ် လူတစ်ယောက်ကို လိုက်ရှာနေတယ်၊ ကျုပ်တို့လူတွေ တစ်ယောက်ပြီး တစ်ယောက်သာ ပျောက်နေတယ်၊ ကျုပ်တို့ လိုက်စုံစမ်းကြည့်တော့ ခရီးတစ်လျှောက်မှာ ဒီမြင်းလှည်းနဲ့ပဲဆုံနေတယ်၊ ဒါကြောင့်ကျုပ်တို့ သူတို့ကို မသင်္ကာလာတာပါ'

ချန်းယိ ရယ်မောလိုက်ပြီး....

'ဒီလိုဆိုခင်ဗျားတို့ လူမှားနေတာ သေချာပြီ'

'ဘာဖြစ်လို့လဲဗျ'

'ကျုပ်လဲ ဒီမြင်းလှည်းကို တစ်လမ်းလုံး မျက်ခြေမပြတ်ကြည့်ထိုက်တာ၊ ခရီးတစ်လျှောက်လုံး ဘာမှ ထူးခြားတာမတွေ့သေးဘူး၊ ဒီမိန်းကလေး နှစ်ယောက်ကလဲ ရိုးရိုးအေးအေးပါဗျာ'

'ခင်ဗျားဘာကြောင့် သူတို့နောက်ကို လိုက်နေတာလဲ'

ချန်းယိ....

ဟာက်ဟာက်ပက်ပက်ရယ်ပြီး မျက်စိတစ်ဖက် မှိတ်ပြလိုက်သည်။

'ကျုပ် သူတို့သို့ သဘောကျနေလို့ပေါ့'

ချန်းယိစကားကြောင့်....

လုလင်တို့သည် ဝိုင်းရယ်မောကြလေသည်။

'ကျုပ်တို့သဘောပေါက်ပြီ၊ ခင်ဗျားလုပ်စရာရှိတာ ဆက်လုပ်ပေတော့၊ ကျုပ်တို့တော့ သွားလိုက်ဦးမယ်ဗျို့'



လုလင်အုပ်စုသည်....

သူ့ကိုနှုတ်ဆက်ပြီး ထွက်သွားကြသည်။

'ကျုပ်နာမည်လဲ မှတ်ထားလိုက်ဦး'

ထိုသူတို့ နာမည်ပြောသွားသောကြောင့် သူနည်းနည်းတော့ တုန်လှုပ်သွားသည်၊

ထိုသူမှာ....

ဦးလေး၏အခန်းထဲတွင်တွေ့သော လူဖုံစံမျိုးဖြစ်သည်၊

သူ့ အပေါက်ဝတွင်ရပ်ပြီး စဉ်းစားနေစဉ်....

'အစ်ကို...အထဲဝင်ပါဦး'

မိန်းကလေးစကားသံကြားမှ သူ့အတွေးကို ရပ်လိုက်သည်၊

'နေပါစေတော့'

ချန်းယိ လှည့်ပြန်မည်ပြုစဉ်....

နောက်မှ မိန်းကလေးအသံ၊

'အခုလိုကူညီတဲ့အတွက် ကျေးဇူးတင်ဘဲ့အနေနဲ့ ကျေးဇူးပြုချင်လို့ ရေနွေးကြမ်းလေးတော့ ဝင်သောက် သွားပါဦးအစ်ကို'

သူ မငြင်းနိုင်တော့ပေ၊

အားနာပြီး အထဲကို ဝင်လာသည်၊

မိန်းကလေးနှစ်ယောက်က သူ့ကိုပြုံးပြသည်၊

'ခင်ဗျားတို့ဟာ သခင်မရဲ့ အိမ်ဖော်တွေဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့လိမ်နေကြရတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်ကရော ရွှေထန်းရွာက ချွန်းယိဖြစ်ရဲ့သားနဲ့ ဘာဖြစ်လို့ချိုယင်လို့လိမ်ပြောရတာလဲ'

'အား...ခင်ဗျားတို့ကျုပ်ကိုသိနေပြီပဲ၊ ဘယ်လိုလုပ်ပြီး သိတာလဲ'

'ဒါကတော့ ဖွင့်ပြောပြလို့မဖြစ်လို့ပါ'

ချွန်းယိမျက်မှောင်ကုတ်လိုက်ပြီး....

'ဟိုလူတွေကို ခင်ဗျားတို့က လိုက်နှောင့်ယှက်တယ်ဆိုတာ ဟုတ်လား'

'မိန်းကလေးတွေက ယောကျ်ားရင့်မကြီးကို လိုက်နှောင့်ယှက်တယ်ဆိုတာ ရှင်ပဲစဉ်းစားကြည့်ပေးပါ'

'မသာက်ပါဦးရှင်'

မိန်းကလေးသည် သူ့ကို ရေနွေးကြမ်းတစ်ခွက် ငှဲ့ပေးလိုက်ပြီး....

'အင်း....ဒါလဲစဉ်းစားစရာပဲ၊ ဒါကြောင့် ခင်ဗျားတို့ကို အတာအကူယ်ပေးပြီး ပြောလိုက်ရတာပေါ့'

မိန်းကလေးတစ်ချက်ပြုံးသည်။

'ဟုတ်ပါတယ်ရှင်၊ အများကြီးကျေးဇူးတင်ပါတယ်'

ချွန်းယိ ပြုံးပြလိုက်ပြီး....

'မလိုပါဘူးဗျာ၊ ဒါနဲ့....'

သူ့စကားဆက်မပြောမီ ကိုယ်ခန္ဓာ တုန်လှုပ်သွားသည်။



သူ့ တဖြည်းဖြည်းနှင့် ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

မိန်းကလေးသည် တခစ်ခစ်ရယ်မောတော့သည်။

'ဘယ်လို...ရွှေထန်းရွာသားကြီး၊ အဆိပ်တွေပြီးတယ်ဆို၊ ပြီး ဒီတစ်ခါတော့ ဒီလောက်အဆိပ်ကလေးတောင် မခံနိုင်တော့ဘူးလား'

တစ်ခြားမိန်းကလေးတစ်ယောက် အနားသို့ ရောက်လာသည်။

ချွန်းယိသည်....

ထိုအဆိပ်ကို ဘာမှမဖြစ်သော်လည်း ဘာတွေ ဆက်ဖြစ်ဦးမည်ဆိုတာ သိချင်သေး၍ အလိုက်သင့်ပင် ဆက်ရှိနေလေသည်။

'အပြင်မှာ အဆင်သင့်သပ်ထားဖို့ပြောပ'

'ဟုတ်ကဲ့မမ....ကျွန်မသွားပြောလိုက်ပါမယ်'

အစေခံမိန်းကလေးသည် အပြင်သို့ထွက်သွားတော့သည်။

အခန်းထဲတွင်....

သူနှင့် မိန်းကလေးနှစ်ယောက်တည်းသာ ကျန်ခဲ့သည်။

မိန်းကလေးနှစ်ယောက်အပေါ် မသက်ာ ဖြစ်နေသော ချွန်းယိသည် မိန်းကလေးအနားသို့ ရောက်လာသည်။

သူမ၏နှုတ်ခမ်းမှ သောလက်ကလေးများသည် ချွန်းယိ၏နဖူးပြင်ကို နွေးထွေးစွာစမ်းသပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်....

သူမ၏လက်စီချောင်းကလေးများသည် ရုတ်တရက် ချန်းယိ၏ ကျီခွဲသွေးကြောနေရာသို့ ထိုးသွင်းလိုက်သည်။

မေ့စေနိုင်သော အမှတ်ရစ် သွေးကြော ကျီခွဲသွေးကြောထိမိသောကြောင့် ချန်းယိသည် မလှုပ်ရှားနိုင်တော့ပေ။

အတိုးကြီးတစ်ယောက် အခန်းထဲသို့ဝင်လာပြီး ချန်းယိကို မနိုင်မနင်းနှင့်သယ်မသည်၊နေသည်။

ခုတော့....

သိသည် တကယ်ပင် မလှုပ်ရှားနိုင်တော့ပေ။

အခြေအနေသည်....

လူများပြုသမျှ နေရမည့်အခြေအနေဖြစ်နေတော့သည်။

....★....

# ပဥ္စမ မြောက် ညသည်

ကျင်ဝေလင်မြို့....၊

မြို့တံခါးသို့ မြင်းလှည်းတစ်စီး ဝင်ရောက်လာသည်။

ထိုမြင်းလှည်းမောင်းသမားသည်....

ရှုခြေရရ မြင်းလှည်းကို မောင်းနှင်လာသည်။

အဘိုးအိုသည်....

လိုရာခရီးသို့ ရောက်အောင်သာ အာရုံစိုက်နေသည်။

ထိုစဉ်....

အခြေအနေသည် ရုတ်တရက်ပြောင်းသွားသည်။

ဆိန်းမင်းဇာခေ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တူရှုမှ....

မြင်းစီးသမား ငါးယောက်သည် မြင်းလှည်းနားသို့ ရောက်လာသည်။

သူတို့သည် မြင်းလှည်းကို ဝိုင်းတားကြသည်။

တစ်ယောက်နှင့်တစ်ယောက် အော်ဟစ်နှောက်ပြောင်ကြသည်။

လှည်းအတွင်းမှမိန်းကလေးမသိချင်ယောင်ဆောင်နေသည်။

မြင်းစီးလုလင်တစ်ယောက်သည် အတိုးအိုအား....

'အဘ ချူးမိန် ပြန်လာပြီလား'

နောက်ထဲတွင် ချူးမိန်ကို မြင်တွေ့လိုက်ရ၍....

'ဟေ့....ချူးမိန် ပြန်လာပြီဟေ့'

အားလုံးဝမ်းသာသွားသည့်အမူအရာဖြစ်နေသည်။

'ရှင်တို့ငါးယောက်ကတော့ စံပဲ၊ အမြဲတမ်း အပျော်လွန်နေတာပဲ တွေ့ရတယ်'

'ပျော်လွန်းလို့ပေါ့ညီမ၊ ဒါနဲ့လှည်းထဲမှာ တုံးလုံးလဲနေသူက ဘယ်သူလဲ'

ချူးမိန်သည် တစ်ချက်မျှကြည့်ပြီး....

'ညီမ ချစ်သူပါ'

'ဘာဖြစ်လို့ တုံးလုံးလဲပြီး လိုက်တာလဲ'

'နေမကောင်းလို့ပါ'



မိန်းကလေးက တစ်လုံးချင်း ပြန်ဖြေသည်ကို သူကြားလိုက်ရသည်။

လင်ကွေ့က....

'အေး....ငါဆေးတိုက်ပေးလိုက်မယ်၊ အမြန်းဆုံးသက်သာသွားလိမ့်မယ်၊ နှင်ကံကောင်းတာပဲလို့ သဘောထားတော့'

'ရပါတယ် အစ်ကို အိမ်ရောက်မှ ဆေးတစ်ခွက် တိုက်လိုက်ပါ့မယ် ကိစ္စမရှိပါဘူး'

'ဟာ....နေပါစေ မလုပ်နဲ့လေ၊ ငါဟာ ဆေးဆရာသားပဲ၊ နင့်အစ်ကို ချက်ချင်း အဆင်ပြေ နေကောင်းသွားစေရမယ်၊ သာမှ မစိုးရိမ်နဲ့'

လင်ကွေ့သည်....

သွက်လက်သော လူငယ်တစ်ယောက် ဖြစ်သည်နှင့်အညီ တက်တက်ကြွကြွပင် မြင်းလှည်းတံခါးကို အတင်းဖွင့် ဝင်သည်။

ဘယ်လိုမှ တားဆီးမရသည့်အဆုံး....

ချူးမိန်သည် ရုတ်တရက် အသွင်ပြောင်းပြီး လင်ကွေ့ကို အံ့ဩတုတ်လိုက်တော့သည်။

ဒါကို လင်ကွေ့သိုင်းသမားသိသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းသမား တစ်ဦးနှင့်တစ်ဦး အကွက်မြင်ပြီးသား ဖြစ်သည်။

ချူးမိန်သည်....

မိလျှိုဝှက်ချက်ပေါ်သွားပြီဖြစ်တဲ့အတွက်လည်းအတွင်းမှထွက်၍ မြင်းစီးလေးယောက်ကို ခုခံဖို့ အသင့် အနေအထားဖြစ်နေသည်။

'ရှင်တို့ ကျွန်မကို ချူးမိန်မှန်းသိနေမှတော့....'

'ခင်းဟာ ငါတို့သိတဲ့ ချူးမိန်မဟုတ်ဘူး၊ မြင်းလှည်းထဲကလူဟာ ဘယ်သူလဲ၊ ဘယ်ကဖမ်းလာတာလဲ'

'ကျွန်မ အစ်ကိုတို့ကို ဘာမှမနှောင့်ယှက်ပါဘူး၊ ဒီ မြင်းလှည်းပေါ်ကလူဟာ ဓွေထန်းကျေးရွာကလူပါ'

လင်ကျွေ့သည်....

ဤစကားကို ကြားလိုက်သည်နှင့်....

'သူ ဓွေထန်းရွာသား ဟုတ်လား'

ချူးမိန် ခေါင်းညိတ်လိုက်သည်။

'ဒါဆို အေးအေးဆေးဆေးအပ်မလား'

'မအပ်ဘူး'



ချူးမိန် အဲကို တင်းတင်းကြိတ်ထားသည်။

လင်ကျွေ့ သူ့ အဖော်များကို...

'ဓွေထန်းရွာသားကို တို့ ကယ်တင်ရမယ်ဟေ့'

ချူးမိန်နှင့် မိန်းကလေးသည်....

မြင်းစီးသမားလေးယောက်ကို ထွက်တိုက်ခိုက်သော်လည်း သူတို့ မြင်းစီးဖော်လေးယောက်ကို မယှဉ်နိုင်ပါပေ။

အင်မတန်လျင်မြန်သော လင်ကျွေ့သည်....

မြင်းလှည်း၀င်း ဘယ်ဘက်တံခါးဖွင့်ကာ ချန်းယီအားပွေ့ယူပြီး မြင်းလှည်းပေါ်သို့ တင်လိုက်သည်။

'ဟေ့....အပေါင်းအသင်းတို့ရေ ရပြီ သွားကြစို့'

လူလင်လေးထောက်ထဲက....

လင်ကျွေ့၏အသံကိုကြားလိုက်၍ ကျန်သောသူများသည် သူတို့၏ မြင်းပေါ်သို့ ပြေးတက်လိုက်ကြသည်။

'နေရစ်တော့ ချူးမိန်ရေ'

လူလင်လေးယောက်နောက်သို့....

ချန်းယီပါသွားသည်ကိုတော့ ကောရှီနှင့် မိန်းကလေး မကျေနပ်ကြပေ။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်လည်း....

အင်အားချင်းမမျှ၍ သူတို့နှစ်ယောက် ခံယှိုက်ရခြင်းဖြစ်သည်။

သုံ့လင်လေးယောက်သည် အော်ဟစ်ရင်း ချွန်းယိတို့ကို တင်ပြီး ပျောက်ကွယ်သွားတော့သည်။

....★....

## ဒုတိယလူ၏ မေတ္တာဘွဲ့

'ကိုသားအဖခုတွေဟာ စွေ့ထန်းရဲ့သစ္စာခံတွေပဲ တို့ရွာလေးကိုတိုက်ခိုက်လုယက်မယ့် လူမှန်သမျှကို ကာကွယ်ဖို့ဟာ ဦးရဲ့ ကြီးလေးတဲ့တာဝန်ထမ်းဆောင်တယ်လို့ပဲမှတ်ပါ၊ဖေဖေ ဘုရင် နန်းတော်က ဆင့်ခေါ်သွားရမယ်၊ ဒီနယ်တဝိုက်မှာ တို့ရွာလောက် အေးချမ်းတာ တစ်ရွာမှမရှိဘူး....

'ဒီတော့ တို့ရွာကိုပျက်စီးဖို့ အမျိုးမျိုးသော နည်းတွေနဲ့ သူတို့စည်းရုံးသိမ်းသွင်းဖျက်ဆီးလိမ့်မယ်၊ အထူးသဖြင့်အမျိုးသမီးများနဲ့ ဖြစ်လာမယ့်ကိစ္စပဲ၊ ဒီကိစ္စကို ငါသားပေါ့ သတိထားပြီး ခက်ဆံဖို့ အဖေမှာထားချင်တယ်၊ မင်းတို့ဟာ ငယ်ကြသေးတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



ရွာခေါင်းကြီးဖြစ်တဲ့အဖေ....

ရှည်လျားတဲ့မှာတမ်းကို သားနှစ်ယောက်ကို မှာနေပေ သည်။

အဖေကို ချစ်သူများပီပီ အဖေစကား မြေဝယ်မကျ နား ထောင်ကြပေသည်။

စွေထန်းရွာက သိုင်းသမားတို့သည်....

အချိန်အခါအလိုက် အရင့်တပ်တွင် အမှုထမ်းရသော ကြောင့် စွေထန်းရွာ၏သတင်းသည် နန်းရပ်ပြင်အထိ မွေး ပျံ့ခဲ့သည်။

စူးညီအစ်ကိုနှစ်ယောက်အဖို့လည်း ရွာပတ်ဝန်းကျင်တွင် ကောင်းသိတင်းမွှေးပျံ့လျက် ရှိသည်။

ဒါကြောင့်လည်း....

ဖခင်ဖြစ်သူသည် သားနှစ်ယောက်အတွက် စိုးရိမ်ပူပန် နေခြင်းဖြစ်သည်။

အချို့ဂိုဏ်းမှ ဂိုဏ်းချုပ်တို့သည်....

စွေထန်းဂိုဏ်းချုပ်၏သားနှစ်ယောက်ထဲမှ တစ်ယောက် ကို မိမိ၏သမီးများနှင့် ထိမ်းမြားပေးချင်ကြသည်။

ဒါပေမယ့်....

ချန်း ညီအစ်ကိုကတော့....

အေးအေးဆေးဆေး စိတ်မဝင်စားသေးကြောင်း တုန့်ပြန် သည်။



တနေ့ စွေထန်းရွာမြောက်ဘက် မြင်းခွာသံနှင့် မြင်းများ ဖြတ်အားသည်။

ချန်းလီတစ်ယောက် ရေခပ်ရင်း မြင်းများကို ကြည့်နေ သည်။

သူတို့....

ရွာနားတွင် မနားတဲ ရှေ့ဆက် မောင်းနှင်သွားသည်ကို တွေ့ရသည်။

ချန်းလီ ရေထမ်းပိုးဖြင့် ရွာထဲသို့ ပြန်လာသည်။

ရွာထဲတွင်....

နဂိုတတိုင်းပင် ဘာမှမပြောင်းလဲပေ။

ထင်းခွဲ၊ ရေခပ်အလုပ်ကို အချို့လုလင်များ ပြုလုပ်နေ ကြသည်။

အေးချမ်းတဲ့ရွာလေး ငြိမ်သက်နေတုန်းပင်။

'ခွပ်...ခွပ်'

'ခွပ်...ခွပ်'

မြင်းခွာသံများ....

အနားသို့ရောက်လာသလိုပင် ချန်းလီ ထမ်းလာသော ရေထမ်းပိုးကို ချလိုက်သည်။

သူ့လက်ထဲတွင် ဝါးပိုးတစ်ချောင်းသာရှိသည်။

မြင်းသမားအယ်ယောက်သည် သူ့ဆီ ပြေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်မြင်းစီးသမားတို့သည်....

သူ့ကိုတိုက်ခိုက်ဖို့လာနေပြီဆိုတာ သူသိလိုက်သည်။

ပတ်ချာလည်သို့ သူကြည့်လိုက်သည်။

သစ်ပင်ကြီးတစ်ပင်နှင့် နွယ်ပင်တစ်ချောင်း သူအမှတ်တမဲ့ သတိထားပြီး နေလိုက်သည်။

ခုန်းစိုင်း ပြန်လာပါပြီ။

ဓားရှယ်ပြီးလာသော မြင်းနှစ်ကောင်။

ချန်းလီ ဝါးလုံးကိုထမ်း၍ မြေတွင်လှဲလိုက်သည်။

မြင်းနှစ်စီးစလုံး ရှေ့တွင်ဝိုက်စိုက်ကျသွားသည်။

ဓားသမားနှစ်ယောက်စလုံး မလှုပ်တော့။

နောက်လာမဲ့ရန်သူတွေကို သူထပ်စောင့်ရသည်။

မြင်းပေါ်မှလူတစ်ယောက်က အော်ပြောသည်။

သူတို့နှစ်ယောက်လုံး....

မြင်းပေါ်မှဆင်းပြီး သူ့ဆီသို့ တစ်လှမ်းချင်းလျှောက်ကြသည်။

သူတို့ ဓားရေးစမ်းချင်တဲ့သဘော ဖြစ်သည်။

သူ့အဖို့တော့....

သည်လိုတိုက်ပွဲမျိုး ရိုးအီနေပြီ။

ပညာစမ်းချင်သောသူတို့ ပညာစမ်းခွင့်ပေးချင်သည်။

သူ့အတွက် ဝန်မလေးသော ခွင့်ပြုချက်ဖြစ်သည်။

စင်ပေါ်တွင်ရပ်နေသော ချန်းလီသည် လျှောက်လာသော ဓားသမားတို့ ခြေလှမ်းများကိုသာ စိုက်ကြည့်နေသည်။



ရန်သူကိုလျှော့တွက်၍မရမှန်း သူသိသည်။

ဘယ်တုန်းကမှလည်း လျှော့မတွက်ပေ။

အများနှင့်တိုက်ခိုက်ဖို့အတွက် သူအဆင်သင့်ပြင်ထားလိုက်သည်။

ဝါးလုံးထိပ်ဖျားစု လှံဖျားသည် မြေတွင်စိုက်ဝန်နေသည်။

ရွေ့လာသောခြေလှမ်းများ သူအာရုံ ငြိမ်ထားသည်။

မျက်စိက သူတို့၏ခန္ဓာကိုယ်မှ မခွာတော့ပေ။

ဓားတစ်ချောင်း သူ့ဆီဝင်ရောက်လာသည်။

လှံဖျားဖြင့် ပက်လိုက်သောကြောင့်...

သိုင်းသမား၏ဓားမှာ အဝေးသို့လွင့်သွားသည်။

ကျန်သိုင်းသမား ခြောက်ယောက်သည် သူတို့သုံးယောက် စီဖို့ခုံနှောင့်ဆိုင် ဝိုင်းထားသည်။

ချန်းလီ တွက်လို့ရပြီ၊

သူ့အတွက် အပေါက်သုံးပေါက် ထွက်စရာကျန်နေသေးသည်။

ရာသီဥတုသည် အေးအေးမြမြပင်။

သိုင်းသမား သုံးဦးစလုံး....

တစ်ပြိုင်နက်တည်း သူ့ကိုဝင်ရောက် ခုတ်ပိုင်းချတော့သည်။

သူ့ခြေလှမ်းကို ဘယ်သို့ ဂြိုဝ်ပုံစံရွှေ့လိုက်ပြီး ပထမတစ်ဦးကို ရှောင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်လာသည်....

မြင်းသုံးကောင်နှင့် ခေးသမားသုံးယောက်တို့ သုံးယောက်လုံး ရင်ဘောင်တန်း၍ မြင်းစီးမလာသော ရှေ့နောက် မြင်းသုံးကောင် တန်းလာသည်။

သူတစ်ချက် နွယ်ဆီသို့ ကိုယ်ဖော့ခုန်တက်လိုက်သည်။

သစ်ပင်တွင် သူ့အလိုက်သင့် ပါသွားသည်။ နွယ်မြှန်လွှဲလိုက်တော့....

ရှေ့ဆုံးမြင်းစီးသမား သူ့ကိုမပိုင်းမီ သူမြင်းပေါ် ရောက်သွားသည်။

မြင်းပေါ်က လူလင်ကို....

သူတွန်းချပြီး တုဘ်ရှည်ကိုကိုင်၍ မြင်းဇက်ကိုပြန်ဆွဲလိုက်သည်။

မြင်းနှစ်ကောင်နှင့် သူ့မြင်း မျက်နှာချင်းဆိုင် ပြန်ဖြစ်သွားတော့သည်။

'ခွပ်....ခွပ်'

'ခွပ်....ခွပ်'

ဒုန်းစိုင်းပြေးလာနေသော မြင်းနှင်ကောင်။

ဓားလူလင်နှစ်ဦးစလုံး ဓားများကို စကြာမဟုသလို ဝေ့ယမ်းလာသည်။

ချန်းလီထမ်းပိုးသည် ချတ်ချင်း သံအဖြစ်အံ့ဖွက်ထဲကလွှက်လာသည်။



ညာဘက်က ဓားသမားသည်....

သူ့လုံဖျားတွင် အသက်ပါသွားတော့သည်။

နောက်ကလိုက်လာသော....

'မြင်းပေါ်မှသိုင်းသမားသည် တုတ်နှင့်ပင် မျက်နှာခတ်ခံလိုက်ရသည်။

စုစုပေါင်း မြင်းသမားသုံးဦး ကျသွားလေသည်။

ဥနှစ်ဦးသော မြင်းသမားတို့သည် သူ့ကိုတစ်ချက်ပြုံးကြည့်သည်။

ချန်းလီ မြင်းဇက်ကြိုး သတ်လိုက်သည်။

ဓားသုံးပြန်လောက်အကွာတွင် ဖြစ်သည်။

မြင်းသမားတို့ရပ်ပြီး သူ့ကိုကြည့်နေဆဲပင်။

'ခနောင်ဓောင်...မြင်းရေးတော့ ကြိုက်သွားပြီ'

အတုံးအရုန်း လဲသောသူတွေကို လှည်းမောင်းသမားအား ထမ်းတင်ခိုင်းသည်။

ချန်းလီ မိန်းကလေးရဲ့ လှုပ်ရှားမှုတွေကိုသာ စိုက်ကြည့်နေသည်။

'ခုလိုပညာပေးရတာ စိတ်မကောင်းပါဘူးဗျာ'

စကားတစ်ခွန်းမှမပြောသေးသော မိန်းကလေးကို...

သူ စကားထပ်ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ထဲ ကာလီထိုးသလို ဖြစ်လာသည်။

'နောက် ဒီရွာကိုလာမယ်ဆိုရင် ရက်ရွေးပြီးလာ၊ ချွန်းလီ မရှိတဲ့ရက်ကိုလာနော်'

သူ ရီသဲ့သဲ့ ပြောလိုက်သည်။

မိန်းကလေး သူ့ကိုမျက်စောင်းထိုး ကြည့်သည်။

သူကတော့....

မိန်းကလေးကိုမြင်မြင်ချင်း သံယောဇဉ်ဖြစ်သလိုပင်။

သည်လိုအခြေအနေမျိုးတွင်....

သူတွေ့မြင်နေကျ မိန်းကလေးမဟုတ်သလို သူထင်မိသည်။

သူ့ဦးနှောက်သည်....

သိုင်းသမားတစ်ယောက်၏ ဦးနှောက်မျိုး မဟုတ်တော့ ပျိုမြစ်နုရွှယ်ခြင်း၏ သဘောတွေ ဖြစ်နေသည်။

'ရှင်တို့ရွာနားမှာမို့ ကျွန်မ မပြောတော့ဘူး၊ ဒါပေမယ့် ကျွန်မနာမည် မှတ်ထားပါ စုဝေလင်၊ ကဲ....သွားမယ်၊ သိုင်းအကျော်အမော်ကြီး ချွန်းလီ'

သူ စဉ်းစားမိသည်။

မိန်းကလေး သူ့နာမည်ကိုတောင် သိနေပြီ။

ဒါဆို သူ့ကိုရွာလေးကို စိတ်ဝင်စားတဲ့ အဖွဲ့ထဲကပဲဖြစ်မည်။

သည်အဖွဲ့ ဘာအဖွဲ့သားလဲ။



ချွန်းလီခေါင်းထဲ တသီတတန်းကြီး အတွေးရောက်လာသည်။

ရန်သူလား၊ မိတ်ဆွေလား။

သူ့အိမ်သို့ အမြေးအလွှား ပြန်လာခဲ့သည်။

အိမ်ထဲရောက်တော့ သူအော်ခေါ်မိသည်။

မည်သူမျှမရှိကြပေ။

'အစ်ကိုကြီး....အစ်ကိုကြီး'

တစ်ခန်းလုံး မည်သည့်အသံမျှ မကြားရပေ။

တစ်ခန်းပြီးတစ်ခန်း သူဖွင့်ကြည့်သည်။

မတွေ့။

'ကိုကြီးရေ....ကိုကြီး'

ချွန်းလီ စိတ်မရှည်တော့ပေ၊

သည်လောက်တောင်ခေါ်နေတာ မကြားပေ။

'ဟိုက်....ညီလေး'

သူ့နောက်က လူတစ်ယောက်ခုန်ချလာပြီးမှ ထိုလူကို သူတွေ့သည်။

ညီဖြစ်သူကို နောက်ချင်လွန်း၍ အသံမပေးခဲ့ခြင်းဖြစ်သည်။

ချွန်းယီအစ်ကိုကိုတွေ့မှ ပျော်ရွှင်သလိုဖြစ်ပြီး....

'ဒီကနေ့ ညီလေးတစ်ခုဖြစ်ခဲ့တယ်'

ညီဖြစ်သူစကားကို သူစိတ်ဝင်စားစွာ နားထောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ....

'ဘာဖြစ်ခဲ့တာလဲ ညီလေး'

သူ ဟိုကြည့်သည်ကြည့် လုပ်နေသည်။

'ဟိုလေ....ဟို ညီလေး မိန်းကလေးတစ်ယောက်ကို တွေ့ခဲ့တယ်'

'ဪ....ဒါလား ချန်းလီရှယ်တစ်ရွာလုံး မိန်းကလေးတွေ အများကြီးပဲဟာ'

'အစ်ကိုဖြစ်သူ စိတ်မပါသလို ပြောစကားကို သူ မကြိုက်ပေ။

သူက...

အားရဝမ်းသာ ပြောနေသော်လည်း အစ်ကိုဖြစ်သူက စိတ်မပါပေ။

'ကိုကြီးကလဲ ညီလေးစကားမေ့သွားပြီ'

'မမေ့စေရပါဘူး ညီလေးရယ် ပြောစရာရှိတာပြောပါ အစ်ကိုကြီး နားထောင်နေပါတယ်'

ညီငယ်ကို ခေါင်းပွတ်ပြီး ထိုင်ခိုင်းရသည်။

မျက်နှာစူမနေသော ညီငယ်ကို သူ နှစ်သိမ့်ရပြန်သည်။

'ကဲ....ပြော ညီလေး'

ချန်ရှင်းညီလေးကို ပြောခွင့်ပေးသည်။

သူ ပြောသမျှကို စိတ်ပါဝင်စားစွာ နားထောင်နေသည်။

ဒီအစ်ကိုမှ နားမထောင်လျှင် ချန်းလီအဖို့ ပြောစရာမရှိပေ စဖြစ်တာကစပြီး အကြောင်းစုံ ပြောပြလိုက်သည်။



'ဪ....ပြီးတော့ ဆက်ဦးလေ'

ချန်ရှင်း ဆက်ပြောစေချင်၍ စကားလမ်းကြောင်းပေးလိုက်သည်။

'ပြီးပြီ အစ်ကိုကြီး'

'မပြီးသေးပါဘူးကွာ၊ အများကြီးကျန်သေးတယ်'

'ပြီးပါပြီဆို အစ်ကိုကြီးရဲ့'

အစ်ကိုဖြစ်သူ ချန်ရှင်း သက်ပြင်းချသည်။

'အင်း....ညီလေး အစ်ကိုပြောပြမယ်၊ အစ်ကိုနဲ့ဟွာဟင်တို့ကလဲ ညီလေးအတိုင်းပဲဆိုဒါ ညီလေး သတိမထားမိလို့ပါ၊ ဒါတွေဟာ ညီလေးကျတော့ မဖြစ်စေချင်ဘူးပေါ့၊ သို့သော်လဲ ညီလေးဟာ အခုမှ ဇာတ်လမ်းစမယ် ဖြစ်သေးတော့ အများကြီး ကျန်သေးတယ်လို့ အစ်ကိုကြီး ပြောတာပေါ့'

'ဟုတ်တယ်အစ်ကိုကြီးပြောတာ ညီလေး ခုမှတွေးမိတယ်၊ ဒါပေမယ့် ကိုကြီးရယ် ညီလေးစဉ်းစားတတ်ပါပြီ၊ ဒီကိစ္စ အဖေမသိစေနဲ့နော်'

'အေးပါကွာ အရာအားလုံးတော့ သတိရှိစေနော်ညီလေး'

'ဟုတ်ကဲ့ အစ်ကိုကြီး'

အကယ်တော့....

စုဝေလင်ကို တွေ့ပြီးတဲ့နေ့ကစ၍ သူ စိတ်တွေသည် တမျိုး ဖြစ်နေသည်။

ဒါကို....

သူ သတိထားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ပေမယ့်လည်း....

ဒီလိုဖြစ်သွားသော သူ့ဘဝကို သူ ကြည်နူးမိသည်။

ဒီအရွယ်ရောက်လာပြီး....

အဘယ် မိန်းကလေးမျှ စိတ်မဝင်စားခဲ့သော သူအဖို့ ယခုမှ ဒီမိန်းကလေးအကြောင်းကို တွေးမိနေခြင်းကို သူ ကျေနပ်မိသည်။

ဒီနေ့အာရုံတက်တာ သူ မြို့သို့ ထွက်လာခဲ့သည်။

မြို့သွားဖို့လမ်းတစ်လျှောက်လုံးတွင်....

သူ မိန်းကလေးအကြောင်းပဲ စဉ်းစား၍လာခဲ့သည်။

တစ်လတစ်ခါ ဈေးဝယ်ထွက်ရသည်။

မြို့သို့ရောက်လာသည်။

ဈေးစည်စပြုနေပြီးတစ်ဈေးလုံးလူကြိတ်ကြိတ်တိုးစည်ကား နေသည်။

နယ်မှဈေးဝယ်လာသူများ....

မြင်းကိုယ်စီ မြင်းလှည်းကိုယ်စီနှင့်ပင် သူ ဗိုက်ဆာ၍ပေါက် စီဆိုင် ဝင်လိုက်သည်။

'ပေါက်စီတစ်လုံး'

'ခုမယ်အစ်ကိုရမယ်၊ ထိုင်ပြီးအကြမ်းသောက်နှင့်ပါဦး'

ဆိုင်ရှင်သည် သူ့ကို နေရာပေးလိုက်သည်။

သူတောင်းစားကြီးတစ်ယောက် သူ့ဆီပိုက်ဆံလာတောင်း သည်။



ချွန်းလီသူတောင်းစားကြီးကိုဒင်္ဂါးတစ်ပြားထုတ်ပေးလိုက် သည်။

ဒါကိုတစ်ဖက်ထိုင်ခုံက လူလင်နှစ်ယောက်တွေ့လိုက်သည်။

ထိုလူလင်နှစ်ယောက် အချင်းချင်းမျက်စပစ်လိုက်သည်။

သူတို့စိတ်ထဲတွင် တောသားတုံးတစ်ယောက် တွေ့ပြီး သဘော အမဲတစ်ကောင် သူတို့ရှေ့ရောက်လာပြီဟုထင်သည်။

'ဟောဒီ တို့ကိုပေါက်စီတစ်လုံးပေးကွာ'

ချွန်းလီ သူစားနေတာ အမှုအရာမပျက်ပေ။

'မင်း ငါတို့နှစ်ယောက်ပြောတာ မကြားဘူးလား'

လူလင်နှစ်ယောက်သည်....

စိတ်တိုသလို ဆောင့်အောက်၍ အသံမာမာဖြင့် သူ့ကို ပြောသည်။

သူ ရေနွေးကြမ်း ငှဲ့လိုက်သည်။

ရုတ်တရက်....

တစ်ခုသောလက်က သူ့ပခုံးနားရောက်လာသည်။

ချွန်းလီလက်တစ်ဖက်ပဲ အားသည်။

တစ်ဖက်က....

ရေနွေးပန်းကန်ကိုထားသောကြောင့် သူ့ပခုံးကို လာ ကိုင်သောလက်ကို သူ ဘယ်လက်ဖြင့် လှမ်းချိုးလိုက်သည်။

'အား....အား ကျိုးပါပြီဗျာ'

နောက်တစ်ယောက် သူ့ဆီ ပြေးဝင်လာသည်။

သူ ရေနွေးကြမ်းပန်းကန်နှင့်အရောက်မှာ လှုပ်ရှားလိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



'အား...ပူတယ်...ပူတယ်'

'မျက်လုံးတွေ မမြင်ရတော့ဘူး'

လာမြို့၍ မိုက်ကြေးခွဲသူနှစ်ဦးကို...

သူ ကောင်းကောင်းဆုံးမလိုက်သည်။

နှစ်ဦးစလုံး...

ချွန်းလီကို လှည့်မကြည့်တော့၊ ဖနောင့်နှင့် တင်ပါး တစ်သားတည်းဖြစ်အောင် လူစည်နေသောဈေးထဲသို့ထွက်ပြေး ပျောက်ကွယ်သွားတော့သည်။

သူ ဈေးဝယ်ပြီးပြီ။

မြင်းပေါ်သို့ ကုန်များ၊ အထုပ်အပိုးများကို တင်သည်။

မြင်းပေါ်ခုန်တက်ပြီး...

နေမွန်းမတည့်မီ ရွာသို့ သူ အမြန်ရောက်အောင် မြင်းကို ဒုန်းစိုင်း၍ မောင်းနှင်လာသည်။

ရာသီဥတုသည်...

သာသာယာယာပင်၊ လိုရာခရီးကို အမြန်နှင်လာသော ခရီးသွားလုလင် အထုပ်အပိုးနှင့် လူတစ်ယောက်၊ မြင်း တစ်ကောင်။

ခရီးက အပြန်ခရီး။

မမေ့နိုင် မပန်းနိုင်သူမှာ မိသားစုအတွက် တစ်လစာ စားစရာများ စမ်းချောင်းလေးတော့မှ မြင်းကို ဒုန်းစိုင်း စီး လာသည်၊



သူနှင့်မြင်း၊ မြင်းနှင့်သူသာ အာရုံထဲတွင် ရောက်နေ သည်။

တောင်ကမူလေးတွင်...

နေရောင်ထိုး၍ အစိမ်းရောင် မြက်ခင်းတို့သည် နေရောင် ကြောင့် တောက်ပနေသည်။

တောစပ်တစ်ခုကို သူ ကျော်ဖြတ်ရပြီ။သည်။

ချွန်းလီ မြင်းကိုရေတိုက်ဖို့ စမ်းရေတို့ဖြင့် အိုင်တစ်အိုင်တွင် မြင်းကို ရေတိုက်သည်၊ သူ ပါလာသော ရေဘူးကိုဖွင့်၍ ရေ သောက်သည်။

'ဖောက်'

အသံတစ်သံနှင့်အတူ...

သူ့ရေဘူးအဖုံး အဝေးသို့လွင့်သွားသည်။

သူ ရေဘူးအဖုံးလေးကျသွားသည့် နေရာကို သူ လိုက်ပြီး ကောက်သည်။

အဖုံးလေးသည် မြေပေါ်ငြိမ်သက်နေသည်။

သူ မျက်စိမှောက်ကြည့်လိုက်သည်။

အဖုံးနားတွင် ခြေဖမိုး တစ်စုံ၊ အန္တရာယ်၏ သင်္ကေတ ပင်။

ဒါမျိုးနဲ့တော့...

သူ ကိုလာစမ်းလို့ မရပေ။

www.burmeseclassic.com

www.burmeseclassic.com



ခုနကား အဖုံးလှပ်ထွက်သွားခြင်းသည် သူ့ရှေ့က ခြေထောက် ပိုင်ရှင်ပင်ဖြစ်သည်။

ခအေးအေးဆေးဆေးသမားမို့ လာနှောင့်ယှက်သည်ကို သူ စိတ်ဆိုးသည်။

ကိုယ့်လမ်းကိုယ် မသွားချင်သောသူ။

ဒါဟာ တစ်စုံတစ်ခု သူ့ကို အန္တရာယ် ပြုနေခြင်းသည် ကျိန်းသေသည်။

မျက်နှာတွင် ပဝါစည်းထားခြင်းအားဖြင့်....

ရှပ်ဖျက်ထားသော လူတစ်ယောက် သူ့မျက်နှာ မြင်မှာစိုး၍ လျှို့ဝှက်ထားခြင်းပင်။

ချန်းလီ ရင်ဆိုင်ရမည့် အဖြူရောင်ဝတ်စုံနှင့်မျက်နှာဖုံးစွပ်နှင့် လူကို တစ်ချက်ကြည့်လိုက်သည်။

သိုင်းသမားတစ်ယောက်။

ဓားကို ကျောမှာလွယ်သေးသည်။

အနီးကလာသော သိုင်းသမားတော့မဟုတ်။

အဝေးခရီးဝေးက သိုင်းသမားတစ်ယောက် ဖြစ်နိုင်သည်။

မိမိကိုသွေ့ဖို့....

အဝေးကလာသော သိုင်းသမားကိုဧည့်ခံဖို့ဆိုတာ မိမိ၏ ဝတ္တရားပင်ဖြစ်သည်။

ချန်းလီ အဆင်သင့်တွေ့လိုက်သလို အရှိအသေပြုမိသည်။



ပြိုင်ပွဲစဘင်ရန် အဆင်သင့်ခုနပြီ။

သူ ဓားကို နေရာပြင်ထားလိုက်သည်။

မျက်နှာဖုံး သိုင်းသမားနှင့် မျက်လုံးချင်း ၊ အားပြိုင်လိုက်သည်။

ရန်သူသည်....

ဖတွင်းအားကောင်းသလိုပင် သူ့ကို ပြန်လည်စိုက်ကြည့်သည်။

တောက်ပနေသော မျက်လုံးပိုင်ရှင်။

မျက်လုံးချင်းဆုံမိသည်နှင့်....

တော်ရုံသိုင်းသမားတစ်ယောက်မဟုတ်ပေ။

အဆင့်မြင့်သိုင်းသမားတစ်ယောက်ဖြစ်နိုင်သည်။

လျှော့တွက်၍မရသော သိုင်းသမား။

မည်သူက စ၍တိုက်ရမည်ကို....

နှစ်ယောက်စလုံး စဉ်းစားကြသည်။

အချိန်သည်....

ရင်ခုန်သံနှင့်အတူ မြန်နေသည်။

ချန်းလီ ဓားကို အသာဆွဲထုတ်သည်ကို တစ်ဖက်လူ တွေ့သွားသည်။

သူလည်း....

ဓားကို ဖြည်းလေးစွာ ထုတ်သည်။

နှစ်ဦးစလုံး....

ဓားများ အပြင်သို့ ရောက်ကြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အကွက်ချောင်းနေသော သိုင်းသမားနှစ်ယောက် သစ်ရွက်လှုပ်သံပင် မကြားရ။

လေတိုးသံပင်....

သိုင်းသမားနှစ်ယောက်အဖို့ မုန်တိုင်းသံဖြစ်နေသည်။

မြက်ပင်ခလေးများအပေါ်မှ ခြေလှမ်းများသည် တရွေ့ရွေ့ နီးကပ်အောင် ရွေ့လျားနေကြသည်။

ဓားကိုင်ထားသောလက်တို့သည် တင်းကြပ်လာကြသည်။

အခြေအနေကို စောင့်ကြည့်ရင်း....

တိုးဝင်လာသော လူနှစ်ယောက်သည် တဖြည်းဖြည်းနှင့် နီးကပ်လာပြီ။

လက်တစ်ကမ်းအရောက်....

'ချွမ်း....ချွမ်း... ချွမ်း'

ဓားချက်ငါးချက်လုံးထိပြီး သူတို့နှစ်ယောက် လူချင်းခွာလိုက်သည်။

တစ်ယောက်အတွက် တစ်ယောက်စူးစမ်းသည့်သဘော။

သည်လို စူးစမ်းပြီး ရှေ့တိုက်ကွက်တိုးထွက်ကြသည်။

ချန်းလီသည် သိုင်းသမားကို လျှော့ပေး၍ မရကြောင်း သဘောပေါက်သည်။

သူ အလျှော့ပေးပြီးတိုက်ခိုက်ပါက သူ ခံရတော့မည်။

သတိရလာသော ရန်သူ၏ ဓားသည် သူ့ကို ပိုင်းလိုက်သည်။

သူ တစ်ဖက်သို့ တိမ်းလိုက်သောကြောင့်....



ရန်သူ၏ ဓားသည် သူ့လည်ပင်းနားက ပွတ်ထွက်သွားသည်။

အချောင်မှန်၍သာ သူ့ ခေါင်းမပြုတ်သွားခြင်း ဖြစ်သည်။

နောက် ဓားချက်တစ်ချက် ခါးကိုပိုင်းပြန်သည်။

ညာဘက်လက်ဖြင့် ဓားကို အောက်စိုက်ကာ ထားလိုက်သောကြောင့်....

'ချွမ်း....'

သူ့ ခါးမပြတ်သွားခြင်းဖြစ်သည်။

သူ နည်းနည်းတုန်လှုပ်သွားသည်။

ရန်သူဓားသမားသည်....

သူ့ကို အပိုင်ချေမှုန်းပြီ၊ သူ တတ်နိုင်သလောက်အစွမ်းဖြင့် ခုခံနေရသလိုဖြစ်သည်။

ရန်သူဓားဟာ အတော်ထက်သည်။

ချန်းလီပင် ခက်ခက်ခဲခဲရွေ့လျားနေရသည်။

သည်နေ့မှ....

သိုင်းကွက်များ သည်နေ့အတွက် ပျက်သလို ဖြစ်နေသည်။

ခေါက်တည့်ရာမရ ဖြစ်နေသည်။

သည်လိုအကွက်လေးလောက်တော့ အရင်ဆို ရန်သူ အရိုးတခြား အသားတခြား ဖြစ်နေလောက်ပြီ။

စိတ်ထဲ ခံပြင်းသွားသည်။

ဓားချက်ကို သူပြန်စူးစိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေ်သ ကို စိတ်ထင်သားလိုက်သည်။

တန်ပြန်တိုက်ကွက်တို့၏ အဖြေ သူ့ခေါင်းထဲ အလင်းရ လာသည်။

'ဟုတ်ပြီ'

သူ အသံထွက်အောင် ပြောမိသည်။

နှစ်ဦးစလုံး....

တရွေ့ရွေ့နှင့် တောင်ကုန်းလေး ဒေါ်သို့ ရောက်လာသည်။

ချွေးစေးများ ရွှဲနစ်နေကြပြီ။

နေရောင်တွင် ခါးရောင်တို့ စင်းသက်နေသည်။

ရှန်သူခါးသမား၏အားနည်းချက်ကို သူ တွေ့ပြီ။

သိုင်းကွက်သုံးဆယ်ပြည့်ပြီ။

'ထင့်....'

ရှန်သူထံမှ အာမေဍိတ်သံထွက်လာသည်။

ချန်းလီ ရှန်သူခါးသမားကိုပူးပြီး တောင်ကမူလေးအတိုင်း လှိမ့်ဆင်းသွားသည်။

နှစ်ဦးစလုံး ထွေးလုံးနေသည်။

တောင်စောင်းတစ်ခုတွင်....

လိမ့်နေသော လူနှစ်ယောက်ရပ်တန့်သွားသည်။

သူ လျှင်မြန်စွာ အဝတ်စည်းကို ဆွဲခွာလိုက်သည်။

'ဟင်....'

ချန်းလီ အံ့ဩစွာ အသံထွက်လာသည်။



သူ တကာယ်တွေ့လိုက်ရသော မြင်ကွင်းက မထင်ရက်စရာ ပင်။

လှပသော မိန်းကလေးတစ်ယောက်။

တောင်ကုန်းထိပ်မှာ....

ခါးလှတ်ကျသွားကတည်းက ချန်းလီ သူ့ကို မိန်းကလေး မှန်း သိလိုက်သည်။

အနိုင်မယူချင်၍ နှစ်ယောက်စလုံး တောင်အောက်သို့ လိမ့် ဆင်းလာခြင်းဖြစ်သည်။

တကယ့်မိန်းကလေး၊ အာဂမိန်းကလေးပင်ဖြစ်သည်။

ရွာနားတွင် သူ့ကို နာမည်ပြောသွားသော မိန်းကလေး၊ စုသေလင်....။

....★....

www.burmeseclassic.com

## ကျင်ပေလင်းက နှင်းဆီ

လင်ကျွေ့နှင့် ရှုဖုန်းတို့သည် မြင်းပေါ်တွင် တိုးလိုးလိုက်ပါလာသော ချင်းယိကို မြို့မြောက်ဘက်စွန်းသို့ ခေါ်လာခဲ့သည်။

ကြီးမားသောခြံဝင်းတစ်ခု၏ရှေ့သို့ ရောက်လာသည်။

သူတို့ရောက်ရှိလာသည်နှင့်....

အိမ်ဖော်ဖြစ်မည်ဟုထင်ရသော လူလေးယောက် ဆင်းလာသည်။

လင်ကျွေ့သည် ထိုလူအား....

'ဟေ့.... ဖေဖေ အိမ်မှာရှိလား'

ဟု အရေးတကြီး မေးလိုက်လည်။



အိမ်ဖော်ဖြစ်သူသည် ခေါင်းညိတ်လိုက်ပြီး....

'ရှိပါတယ် သခင်လေး၊ ဘယ်ဘက်ခန်းမှာ စာဖတ်နေပါတယ်'

လင်ကျွေ့နှင့် ရှုဖုန်းတို့သည်....

ချင်းယိကို မြင်းပေါ်မှပွေ့ယူပြီး အိမ်ပေါ်သို့ သယ်လာကြသည်။

သူတို့သည်....

ချင်းယိအား ခုံရှည်တစ်ခုတွင် လှဲထားလိုက်သည်။

ထိုစဉ်....

အခန်းထဲက မိန်းကလေးတစ်ယောက် ထွက်လာသည်။

'ဟအား.... ညီမလေးတွေဟာ အတော်ဖြစ်ပြီ၊ တို့ ဒီလူနာကို ဒီမှာထားခဲ့မယ်၊ မင်းဖေဖေကို ဆေးကုခိုင်းလိုက်ပါ၊ အစ်ကိုတို့ ခရီးဆက်စရာ ရှိသေးတယ်'

သူတို့နှစ်ယောက် နှုတ်ဆက်၍ သုတ်သုတ်ထွက်သွားတော့သည်။

မျက်လုံးအဝိုင်းသားနှင့် မိန်းကလေး ကြည့်နေသည်။

သူတို့ထွက်သွားမှ လူနာဖြစ်သူကို ကြည့်မိသည်။

သတိမေ့နေသော လူနာတစ်ယောက်။

'ဘယ်လိုဖြစ်တာပါလိမ့်၊ သွေးကြောပိတ်ခံထားရတယ်နဲ့တူတယ်'

သူမ မှတ်ချက်ချလိုက်သည်။

တစ်ဖန် သူ၏သွေးကြောများကို စမ်းသပ်လိုက်ပြီး ဘာမှထူးခြားမလာ၍ မိန်းကလေး စိတ်ပျက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကြာပါချေ။

အခန်းအတွင်းမှ တစ်ခေါင်းလုံး ဖြူဖွေးနေသော အဘိုးကြီး တစ်ယောက် ထွက်လာသည်။

အဘိုးအိုသည် သူမ၏ဖခင် ဖြစ်သည်။

ကျွင်ပေလင်မြို့က....

စေတနာရှင်သမားတော်ဟု နာမည်ကြီးနေသောသူ တစ်ဦးဖြစ်သည်။

အဘိုးအို ရောက်လာသောအခါ မိန်းကလေးအနားတွင် မတ်တတ်ရပ်လိုက်၏။

သူ့အစ်ကိုလင်ကွေ့ မှာသွားသည်ကို အကုန်ပြောပြသည်။

'သူ စွေထန်းရွာကလို့တော့ပြောတယ်၊ နာမည်က ချန်းယိ တဲ့၊ ဒါကြောင့် ဖေဖေ ဆီ အစ်ကိုလာပို့သွားတာ'

သမားတော်ကြီးသည် ချန်းယိကို သေသေချာချာကြည့် ပြီး

'အင်း... သူဟာ စွေထန်းက ချန်ရှင်းနဲ့တော့ တော်တော် တူတာပဲ'

သမားတော်ကြီးသည်....

သမီးဖြစ်သူကို တစ်ချက်ကြည့်ပြီး ချန်းယိကို စမ်းသပ် တော့သည်။

ချန်းယိကို တစ်ကိုယ်လုံး စမ်းသပ်ပြီးနောက် ခေါင်းတစ်ချက် ညိတ်လိုက်သည်။

ထို့နောက်....

ရှေ့စရိုက် ကိုခြုံသွေးကြောနေရာကို ဖြေ[illegible]းလိုက်၏။



'အား....

ချန်းယိ ရုတ်တရက် အော်လိုက်သည်။

ပြီးမှ ဖြည်းဖြည်းထထိုင်သည်။

တစ်ခန်းလုံးတွင် မိန်းကလေး တစ်ယောက်၏ရှေ့တွင် နုတ်ဆိတ်ဖြူနှင့် ရပ်နေသော အဘိုးအိုအား ကယ်တင်ရှင်ကြီး အဖြစ် နားလည်လိုက်၍....

'အဘက ကျွန်တော့်ကို ကယ်တင်ထားတာ မဟုတ်လား'

သမားတော်ကြီးသည် ခေါင်းညိတ်၍ပြုံးပြီး....

'ဟုတ်တယ် ငါတူ၊ မင်းကို ဒုက္ခရောက်သွားအောင် လုပ် လိုက်ပေမယ့် အခု မင်း ဘာမှမဖြစ်ဘူး၊ ကောင်းသွားပြီ'

'ကျေးဇူးတင်ပါတယ် အဘရယ်၊ အဘက ဘယ်သူလဲဟင်'

'ကျုပ်ကို စေတနာရှင်လို့ ခေါ်ကြတယ်'

'ဒါဆို ကျွန်တော် ကျွင်ပေလင်းမြို့ကို ရောက်နေတာပေါ့'

သမားတော်ကြီးက ခေါင်းညိတ်ပြလိုက်သည်။

'မင်းကို ငါ့သားက မိန်းကလေးတစ်ယောက်ရဲ့ လှည်း ပေါ်က ကယ်တင်ပြီး ဒီကိုလာပို့တာ'

ချန်းယိ ခေါင်းညိတ်ပြလိုက်ပြီး....

'ဟုတ်ပါတယ်၊ ဒီမိန်းကလေး ကျွန်တော်တို့ကို တစ်ပတ် ခိုက်လိုက်တာ'

ရပ်နေသောမိန်းကလေးဘက်လှည့်ပြီး....

'ကျွန်တော့် နာမည် ချန်းယိပါ၊ ကျေးဇူးတင်ပါတယ်'

'ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ် ရှေ့ထန်းကျေးရွာသခင် ဟာ မတရားတဲ့သူကိုရှင်းလင်းပြီး ကောင်းတဲ့သူကို ကယ်တင်

www.burmeseclassic.com



တတ်တဲ့ သိုင်းသမားဖြစ်ကြောင်း ဖေဖေ ခဏခဏပြောလို့ ကြားကတည်းက တွေ့ချင်နေမိတာပါ၊ အခုတော့ တိုက်တိုက်ဆိုင်ဆိုင် ကူညီခွင့်ရလို့ ဝမ်းသာမဆုံးပါဘူးရှင်'

သမားတော်ကြီးက ခေါင်းညိတ်ပြုံးကာ....

'ကဲ...ဒေါ်တူ ကျွင်ပေလင်းမြို့မှာ ကြိုက်သလောက် အနားယူနိုင်တယ်'

ချန်းယိက ဦးညွှတ်လိုက်ပြီး'

ကျေးဇူးကြီးလှပါတယ် အဘ'

'ကဲ.... ကဲ.... ဧည့်သည်ကို ထမင်းကျွေးဖို့ ပြင်ခိုင်းလိုက်တော့'

သမားတော်ကြီးသည်....

လက်တစ်ဖက်ဖြင့် မုတ်ဆိတ်မွေးဖြူများကိုသပ်ရင်း ပီတိဖြစ်နေတော့သည်။

ချန်းယိက....

ထမင်းစားရင်း သူအခုရောက်လာခဲ့ရသည့် အကြောင်းကို ပြောပြနေသည်။

သမားတော်ကြီး၏သမီး နှင်းဆီကလည်း သူတတ်နိုင်သလောက် ကူညီမည့်အကြောင်း ပြောသည်။

....★....



အဝေးမှ ကြက်တွန်သံများသည်....။

အရုဏ်ဦးတက်ပေါ်လာသည့်တိုင် ချန်းယိ အိပ်မပျော်သေးပါ၊

သူတွေ့ခဲ့ရသော အတွေ့အကြုံများကို တစ်ညလုံးပြန်လည်၍ သုံးသပ်နေသည်။

သူ၏ မသက်မသာဖွယ်ရာ အဖြစ်အပျက်တို့ကို ထပ်မံဖြည့်၍ မှတ်လိုက်သားလိုက်ရပြန်သည်။

ချူးမိန့်သည်....

သူ့ကို ဘာ့ကြောင့် ကျွင်ပေလင်းမြို့ကို ခေါ်လာခဲ့ရပါသနည်း။

ချူးမိန့်၏ နောက်တွင်....

မည်ကဲ့သို့သော လျှို့ဝှက်ချက်များ ရှိနေပါသနည်း။

ဒါကို သူသိချင်နေသည်။

တွေး၍မရ....။

စဉ်းစား၍မရပေ။

ဒါပေါင်တွေ့ တစ်ယောက်ပြီးတစ်ယောက် တွေ့ရပြန်သည်။

ထိုတိုက်ဆိုင်မှုတွေသည် သူ့အဖို့ အံ့သြစရာတွေလိုဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အတွေးတို့သည်...

အရှက်ဦးအလင်းရောက်သည်အထိ ဖြစ်လာသည်။

ရောင်ခြည်သည်...

ပြတင်းပေါက်မှတစ်ဆင့် အခန်းထဲသို့ ဝင်ရောက်လာပြီး

ကျိန်းစပ်လာသော မျက်လုံးတို့ကို သူ ပွတ်သပ်လိုက်သည်။

သူ့ အခန်းရှေ့တွင် လူရိပ်တစ်ခု။

ဒါကြောင့်....

သူ ခုတင်ပေါ်ကထကိုက်ပြီး တံခါးသွားဖွင့်ပေးလိုက်သည်။

'နှင်းဆီ'

'နိုးလာပြီ အစ်ကို'

သူ ရေအင်တုံနှင့် ချက်နှာသုတ်ပဝါ ယူလာပေးသည်။

မျက်နှာသစ်ရန် ဖြစ်သည်။

သူ မျက်နှာသစ်လိုက်သည်။

မနက်ပိုင်းနေရောင်နှင့်အတူ နှင်းဆီဆိုသော မိန်းကလေး လှပနေသည်။

'ဟော့... အစ်ကို အမြင်ထွက်ရအောင်'



သူ့ အသံတိုးတိုးဖြင့် ပြောသည်။

'ဘာကိစ္စရှိလို့လဲ'

'အစ်ကို့က ကျွင်ပေလင်းကို မရောက်ဘူးသေးလို့ လည်စရာ အများကြီးရှိတယ်၊ လိုက်ပြမလို့ အစ်ကို'

'ဖြစ်ပါ့မလား၊ တဘာနိုးရင် စိတ်ပူနေဦးမယ်'

'နှင်းဆီ စာရေးမှာထားခဲ့မှာပါ၊ ရပါတယ် အစ်ကို'

ချန်းယိ အနည်းငယ်စဉ်းစားလိုက်ပြီး....

'ကောင်းတယ်၊ ငါလဲ အခန်းထဲနေရတာ ငြီးငွေ့လှပြီ၊ ရောက်ဘူးသေးတဲ့ ကျွင်ပေလင်းမြို့ကို လျှောက်လည်ရတာ ပေါ့'

သူအဝတ်အစားလဲပြီး နှင်းဆီနှင့်အတူ ထွက်ခဲ့ကြသည်။

သူတို့ လမ်းမပေါ် သို့ရောက်သောအခါ....

'ကဲ...အပြင်တော့ရောက်လာပြီ၊ တို့ ဘယ်ကိုသွားကြမှာလဲ'

ခေါင်းတစ်ချက်ကုတ် စဉ်းစားလိုက်ပြီး....

'တောင်ပေါ်ကို အရင်သွားမယ်၊ ဟိုမှာ နာမည်ကြီးတဲ့ နဂါး ဘုရားကျောင်း ရှိတယ်၊ အဲဒီကနေ ဆက်သွားပြီး ကျောက်စရစ်တုံးလေးတွေ သွားကောက်မယ်လေ'

နှင်းဆီ ဆယ့်ငါးနှစ်သာသာရှိသေး၍ ကလေးစိတ်[illegible] သေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ချုန်းယိသည် နှင်းဆီ၏စကားကြောင့် တစ်ယောက်တည်း ပြုံးနေမိသည်။

'ကောင်းပြီ....ညီမကရှေ့ကလမ်းပြ၊ အစ်ကိုက နောက်က လိုက်မယ်'

တောင်ဟုဆိုပေမယ့် တောင်ကုန်းလေး တစ်ခုသာ ဖြစ်သည်။

အမြင့်အတောင် ထစ်ရာလောက်မြင့်ပြီး အကျယ် ဧကမိုင် လောက်သာရှိသည်။

တောင်တစ်ခုလုံးသည် သစ်ပင်များ၊ ပန်းပင်များထူထပ်စွာ ပေါက်နေပေသည်။

ပူအိုက်သောရာသီဥတုတွင်....

ကျင်လေဝင်မြို့သူမြို့သားများကို တောင်ပေါ်သို့ အရိပ်လာခိုကြသောသူများဖြစ်ကြသည်။

နဂါးဘုန်းကြီးကျောင်းသည်လည်း တောင်ထိပ်တွင် ရှိသည်။

ဘုန်းကြီးကျောင်းဝင်းသည်...

ကြီးကျယ်ခမ်းနားထယ်ဝါမှု မရှိသော်လည်း လာရောက်ဖူးမျှော်သူဗုဒ္ဓဘာသာဝင်များဖြင့် စည်ကားနေတတ်သည်။

ဘုန်းကြီးများကိုယ်တိုင်ချက်ထားသော သက်သတ်လွတ်ဆွမ်းပြုတ်ဖြင့် လာရောက်ညှော်ခံသည်များအား ကျွေးမွေးလေ့ရှိသည်။



သက်သတ်လွတ်ဆံပြုတ်သည်။

အထူး စီမံချက်ပြုတ်သောကြောင့် အလွန်ပင် ကောင်းလှသည်။

ချုန်းယိတို့နှစ်ယောက်....

တောင်ပေါ်ကျောင်းသို့ ရောက်ချိန်သည် ဘုန်းကြီးဆယ်ပါးခန့် ကျမ်းစာများရွတ်ချိန်ဖြစ်သည်။

ကျောင်းနှင့် ကိုက်တစ်ရာခန့်အကွာတွင် ဘုန်းကြီးတစ်ပါး မြေပေါ်တွင်ထိုင်၍ ပုတီးစိပ်နေပေသည်။

ချုန်းယိနှင့်နှင်းဆီတို့အားမသိမသာအကဲခတ်လျက်ရှိသည်။

သူတို့နှစ်ယောက်သည်....

ဘုရားဖူးများအား ဆန်ပြုတ် ကျွေးနေသော နေရာသို့ ရောက်သွားကြသည်။

စားပွဲဆယ့်ငါးလုံးတွင် လူပြည့်အောင် ဘုရားဖူးများ များပြားလှသည်။

နှင်းဆီ ရှေ့ကသွားပြီး ချုန်းယိ နောက်ကလိုက်လာသည်။

ကိုယ်ထူကိုယ်ထ ထည့်ရသော ဆန်ပြုတ်ကိုထည့်ပြီး ထိုင်ခုံအလွတ်တစ်ခုကို လိုက်ရှာနေရသည်။

ချောင်ကျကျ နေရာတွင်...

ထိုင်ခုံနှစ်လုံး လွတ်နေသည်ကိုတွေ့၍ သူတို့နှစ်ယောက် ဝင်ထိုင်ပြီး ဆန်ပြုတ်သောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ချန်းယီသည်....

အထူးအရသာရှိသော ဆန်ပြုတ်ကို ကောင်းလွန်း၍ ခေါင်းမဖော်နိုင်အောင်ပင် သောက်နေမိသည်။

'ဟေး... အစ်ကို၊ နဂါးဘုန်းကြီးကျောင်းက ဆန်ပြုတ် သောက်လို့ကောင်းရဲ့လား'

နှင်းဆီသည် ခေါင်းမဖော်နိုင်သော ချန်းယီကို ပြုံးပြီး မေးလိုက်သည်။

ချန်းယီ ခေါင်းမော့လာပြီး....

'အရသာရှိလိုက်တာ'

သူ၏စကားများ ရပ်တန့်သွားသည်။

သူ၏မျက်လုံးများ ရှေ့သို့ငေးကြည့်နေသည်။

နှင်းဆီသည်....

ချန်ယီ၏ အပြုအမူ ထူးကဲသည်ဟု ထင်မိသည်နှင့် ချန်းယီ ကြည့်တဲ့ဖက်ကို လိုက်ကြည့်လိုက်သည်။

သူတို့နှင့်ကပ်လျက် စားပွဲတွင်....

လူတစ်ယောက်ထိုင်နေသည်ကို တွေ့လိုက်ရသည်။

ဓားကို ခါးကြားတွင်ထိုးထားသည်။

လူသင်၏ဘေးတွင်....

အနက်ရောင်ပဝါကို မျက်နှာတွင်ဖုံးထားသော အမျိုးသမီး တစ်ယောက်....

သူမ၏ လက်တွင် ကြောင်တစ်ကောင်ကို ပိုက်၍ထားသည်။

သူ့ရှေ့မှလူလင်သည် ချူအင်းပင်ဖြစ်သည်။



ဟုန်စေကို တစ်ဖက်သတ်ကြိုက်နေသော ချူအင်းပင်။

ချူအင်းသည်....

ထိုင်ရာမှထပြီး ချန်းယီကိုလေးစားသောအသံဖြင့်....

'ချန်းယီ ပြန်တွေ့ကြပြန်ပြီ'

ချန်းယီကလည်း ပြန်၍ ဦးညွှတ်လိုက်သည်။

'ဟုတ်ပါတယ်ကိုယ်လူ၊ မြေကကျဉ်းပါတယ်'

ဇာပဝါဖြင့် မိန်းကလေးသည်....

ချန်းယီကိုတွေ့သောအခါ ချူအင်းအင်္ကျီစကိုဆွဲလိုက်ပြီး....

'လာ....တို့သွားကြတော့မယ်'

အသံ ခပ်အုပ်အုပ်ဖြင့် ပြောလိုက်သည်။

ချူအင်းက ချန်းယီကို မဲ့ပြုံးပြုံး၍....

'ဒီမှာချန်းယီ၊ ညနေ နဂါးဖက်တောင်က စောင့်နေမယ် မင်းလာရဲပါ့မလား'

ချန်းယီက ဟားတိုက်ရယ်မောလိုက်ပြီး....

'ဟား....ဟား လာပါ့မယ်ဗျာ၊ စိတ်ချသွား'

သူသည်....

ဇာပဝါနက်နှင့် မိန်းကလေးဖက်လှည့်ပြီး....

'ခင်ဗျားလဲ အဲဒီကစောင့် ကျုပ်မေးစရာရှိတာလေးတွေ ရှိသေးလို့နော်'

ချန်းယီ စပ်ဖြဲဖြဲနှင့် ပြောလိုက်သည်။

ထိုအမျိုးသမီးသည်....

ချန်းယီ စူးဂေဟာစွာတွင် တွေ့ခဲ့သော သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးလေးချန်းလီ၏ တတိယဇနီးဟုလည်း ပြောခဲ့သူလည်း ဖြစ်သည်။

ချန်းယိပြောသည်ကို သူမ အနည်းငယ်စဉ်းစားပြီး....

'ကောင်းပါပြီ ရှင်'

ချန်းယိသည် နှင်းဆီဖက်လှည့်၍....

'ကဲ....တို့သွားကြစို့'

ဟု ပြောပြီး....

ခြေလှမ်းသွက်သွက်ဖြင့် တောင်အောက်သို့ ဆင်းလာကြသည်။

ထိုအချိန်တွင်....

တောင်ကုန်းပေါ်ရှိ သစ်ပင်ကြားတွင် ပုတီးစိပ်နေသော ဘုန်းကြီးသည် သူတို့ကိုကြည့်ပြီး ခေါင်းယမ်းလိုက်သည်။

ပြီးမှ....

ချန်းယိတို့နောက်မှတောင်အောက်သို့ဆင်းသွားလေသည်။

ချန်းယိတို့နှစ်ယောက်....

သမားတော်ကြီးအိမ်ရောက်တော့ နေမွန်းလွဲပြီ....

သမားတော်ကြီး စားပွဲတွင် ထိုင်နေသည်။

သူတို့နှစ်ယောက်ကို ပြုံး၍ခရီးဦးကြိုပြုသည်။

'ဒီမောင်နှမ တော်တော်ပင်ပန်းခဲ့ဘယ်နဲ့တူတယ်၊ အစ်ကိုကို အစ်ိလိုက်မို့ ခဲ့ရလား သမီး'

ဆေးဆရာသည်....

တိုးဆိုးညစ်ညင်လေး မေးသည်။



'အို....ဖေဖေ အစ်ကိုကို ရောက်တာပေါ့၊ ဟုတ်တယ်နော် အစ်ကို'

ချန်းယိဘက်သို့ လှည့်ပြီးမေးလိုက်သည်။

'ဟုတ်ပါတယ် အဘ၊ ကျွန်တော့် အဖို့တော့ ကျင်ဝေလင် မြို့ကလေးကို အမြဲသတိရနေမှာ ဘဘ'

ချန်းယိ အဘိုးအိုကို ဦးညွတ်ပြီး ပြောပြနေသည်။

အဘိုးအို ပီတိဖြစ်ပြီး....

'အေး....အေး စိတ်ချမ်းသာတယ်၊ ဒေါ နင့်ဇာတ်ဟုသုတ ပြည့်စုံတယ်ဆိုရင် ဘဘပီတိဖြစ်ပါတယ်၊ ကဲ....နှားကြ နှား ပြီးရင် ရေချိုး၊ ရေချိုးပြီးရင် ထမင်းစားဖို့ အဘပြင်ခိုင်းထား လိုက်မယ်'

'ဟုတ်ကဲ့ ဘဘ'

နဂါးပတ်တောင်....

ကျင်ဟောင်းမြို့၏အရှေ့ဖက်တွင် ရှိသည်။

မြို့ရိုးကို ပတ်၍သွားပါက....

မိုင်သုံးဆယ်လောက် သွားရသည်။

နဂါးပတ်တောင်၏ ပတ်လည်တွင်....

စိမ်းပြာရောင်များ လွှမ်းဖုံးနေသောကြောင့် စိမ်းပြာ တောင်ဟုပင် သတင်းကြီးနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ညီမလေး မလိုက်နဲ့တော့နော်၊ ဒီမြို့ရိုးနားကပြန်တော့'

ချွန်းယိ မိန်းကလေးကို ချော့ပြီးပြန်လွှတ်သည်။

နှုတ်ခမ်းစူပြီး ...

'နှင်းဆီ မပြန်ချင်ဘူး အစ်ကိုချွန်းယိ၊ နှင်းဆီအတွက် စိတ်မပူပါနဲ့ နှင်းဆီသတ္တိရှိပါသည်'

ချွန်းယိ ဘယ်လိုပြောပြော...

နှင်းဆီကတော့ နောက်က ပြေးလိုက်နေပေသည်။

မိန်းကလေးကို လမ်းစပျောက်အောင် သူလှည့်စားလိုက်ပြီး...

သစ်ပင်တစ်ပင်ပေါ်တွင် ပုန်းနေလိုက်သည်။

အောက်တွင် နှင်းဆီတစ်ယောက်...

ဟိုရှာသည်ရှာလုပ်ရင်း မျက်နှာလေးမဲ့နေသည်။

အပင်ပေါ်မှ သူ သနားသွားသည်၊

ချုံအကွယ်မှနေ၍ သူထွက်လာပြီး နှင်းဆီကို ပွေ့လိုက်သည်၊

'အမေ'

ရုတ်တရက် ထွက်လာသော....



သူ့ လက်မောင်းကြီးများကြောင့် နှင်းဆီ လန့်ပြီး သူ့ရင်ခွင်ထဲ ပါသွားလေသည်၊

ရှိုက်ထားရသော နှင်းဆီသည်...

'အစ်ကိုချွန်းယိ မကောင်းဘူး'

နှင်းဆီကို အောက်သို့ပြန်ချပေးလိုက်သည်၊

'ကျွန်မ အစ်ကို့ ကိုလိုက်ရှာတာ ရင်တွေအရမ်းတုန်တာပဲ အစ်ကို ချွန်းယိ'

'ဘာဖြစ်လို့လဲ ညီမလေးရဲ့'

'သွား...သူများစိတ်ပူလို့ပေါ့ အစ်ကို'

ချွန်းယိ စိတ်မကောင်းဖြစ်မိသည်၊

မိမိကို....

တာဝန်တွေ တာဝန်အကြီးနှင့်သူကို မိန်းကလေးတစ်ယောက်က ကူညီစောင့်ရှောက်နေသည်ကို မလိုချင်ပေ၊

သို့ပေမယ့်လည်း....

ကူညီသူကို သစ်စိမ်းချိုး မချိုးသင့်ဟု မိမိ ခံယူထားသည်။

ချွန်းယိအတွက် အချိန်တွေ သိပ်မရပေ၊

ဖြစ်နိုင်လျှင်....

ပြည်တာဝန်တွေ အမြန်ဆုံးပြီးသွားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com



တာဝန်တွေပြီးဆုံးရင် မိမိဘဝတည်ဆောက်ဖို့ လုပ်ရမည် ဖြစ်သည်။

သူတို့ တောင်ပေါ်သို့ရောက်သောအခါ....

အစိမ်းရောင်ဝတ်ထားသော လူကြီး ခြောက်ယောက်နှင့် ရွှေရောင်ဝတ်ထားသော မိန်းကလေးတစ်ယောက်တို့က ဝိုင်းရံထားသည်ကို တွေ့ရသည်။

မိန်းကလေးသည်....

ခါးတစ်လက်ဖြင့် ထိုဝိုင်းရံထားသော လူခြောက်ယောက်အား ရွံရှာသောမျက်လုံးများဖြင့် ကြည့်နေသည်၊

သူမ၏အထိန်းတော် ရှင်ဆိုးဆိုးမိန်းမကြီးသည် သူ့ရှေ့ကနေ၍ သူမအား အကာအကွယ်ပေးနေသည်၊

ထိုအရာကို....

အဝေးမှနေ၍ ချန်းယိတွေ့လိုက်ရသောကြောင့် သူတို့နားသို့ အမြန်ဆုံးရောက်အောင် သွားရသည်။

မိန်းကလေးသည်....

ချန်းယိအားတွေ့လိုက်ရသောအခါ သူမအဖို့ အားတက်စရာဘစ်ခုလို သဘောထားပြီး ချန်းယိကို အားကိုးသော မျက်လုံးဖြင့် တစ်ချက်ကြည့်လိုက်သည်၊

နှင်းဆီ ထိုအဖြစ်ကိုမြင်သောအခါ ရှုံမှုန်းမိသည်....

ယောကျ်ား ခြောက်ယောက်က....

မိန်းကလေးတစ်ယောက်ကို သည်အထိ ဤသို့ဝန်းရံအနိုင်ကျင့်နေသည်ကို မလိုလားဘဲ စိတ်လည်းမထိန်းနိုင်တော့ဘဲ....



'ဟေ့ လူတွေ...အားလုံးဖယ်ပေးမါ'

ဟု ချန်းယိမျက်နှာကို တစ်ချက်ငဲ့ပြီး ဟောက်လိုက်သည်။

ထိုဝိုင်းထားသောလူများထဲမှ တစ်ယောက်သောသူ ထွက်လာသည်။

သူတို့ကိုကြည့်ပြီး....

'မင်းတို့ ဘယ်သူတွေလဲ၊ ကျုပ်တို့ကို လာမနှောင့်ယှက်ရင် ကောင်းမယ်'

ဟု ပြန်လည်ဟောက်လိုက်လေသည်။

ချန်းယိသည် မိန်းကလေးအား ပြုံးပြပြီး....

'ကဲ...ညီမတို့ပြန်တော့၊ ဒီလူတွေကို အစ်ကိုရှင်းထားလိုက်မယ်'

ချန်းယိစကားကြောင့်....

ချေ့မှလုလင်သည် မခန့်လေးစားဖြင့်....

'မင်းကသေချင်လို့ တို့ကိစ္စကို ဝင်ရှုပ်တာလား'

ချန်းယိသည်....

ထိုလုလင်ပြောသောစကားအား စိတ်မဝင်စားနိုင်ဘဲ မိန်းကလေးတွေကို ပြန်ဖို့ရန်တိုက်တွန်းနေသည်။

'ကဲ...အစ်ကိုပြောတာ နားထောင်ပါ၊ ညီမတို့ပြန်ခယ့် အိမ်းသာ ဖြန့်ကြပါ၊ ဒီတာဝန်ဟာ အစ်ကိုတာဝန်ထား လိုက်'

www.burmeseclassic.com

www.burmeseclassic.com



ထိုလုလင်သည်....

သည်းမခံနိုင်တော့ဘဲ ချန်းယိကို ဓားဖြင့်ဝင်ခုတ်တော့သည်။

ရုတ်တရက်မို့....

ချန်းယိတိမ်းရှောင်ပြီး ခါးမှဓားကိုဆွဲထုတ်ပြီး ခုခံရသည်။

'မင်းဘယ်သူလဲ'

ချန်းယိ မေးလိုက်သည်။

'ဝါယင်'

ချန်းယိ ထိုနာမည်ကိုကြားသည်နှင့် အံ့သြသွားသည်၊

'မင်းနာမည် ဝါယင်ဟုတ်လား'

လုလင်သည်....

သူ့ကိုစင်ရောက်ပိုင်းပြန်သည်။

'ဟုတ်အယ်ကွ'

ချန်းယိ မျက်မှောင်ကုတ်သွားရသည်။

သူတွေ့ကြုံခဲ့ရသော ဝါယင်သုံးယောက်ဖြစ်ခဲ့ပြီး ခုတစ်ခါ ဝါယင်တစ်ယောက်နှင့်ဆို လေးယောက်ဖြစ်နေပေပြီ။

ဝါယင်ပေါင်းများစွာ ရှိနေပြီလား ချန်းယိတွေးမိသည်။

လှုငယ်သိုင်းကွက်များကို....

ရွှေလျားကာကွယ်ရင်း အတွေးတွေ သူ့ခေါင်းထဲဝင်လာသည်။

ဝါယင်ဆိုသောသူ၏ ဓားရေးမှာ မဆိုးလှကြောင်း သူသိသည်။



သတိဖြင့် ပြန်လည်တိုက်ခိုက်နေရသည်။

တိုက်ခိုက်ရင်း သူသည် စိတ်မရှည်တော့ဘဲ....'

'မင်းတို့ဆီမှာ ဝါယင်ဘယ်နှစ်ယောက်ရှိလဲ'

'ဆယ်ယောက်'

ချန်းယိ ပို၍အံ့သြသွားသည်။

ဘာကြောင့် ဝါယင်ဆိုသောလုလင်တွေ ထည်လောက်များများနေရတာလဲ။

သူ့ခေါင်းထဲ အတွေးမြင်များ ရှုပ်ထွေးသွက် ရှိနေချေပြီ....။

**ပထမပိုင်းပြီး၏။**

**ဒုတိယပိုင်းကို ဆက်လက်ဖတ်ရှုပါရန်**

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ် နေဘုန်းဦး

## ကျွန်တော့်ဆွေမျိုး

ဒုတိယပိုင်း

www.burmeseclassic.com

www.burmeseclassic.com

## ဆယ်ဦးအဖွဲ့ နဂါးနက်ဂိုဏ်း

ဝါယှင် ဆယ်ယောက်။

သူတို့အားလုံးသည် အသက်နှစ်ဆယ် ဝန်းကျင်ရှိ လူငယ်များသာဖြစ်ကြသည်။

ထိုမျှမက....

သူတို့တိုက်ခိုက်သော သိုင်းကွက်များသည်လည်း ထပ်တူဆင်မျှဖြစ်နေသည်။

သူတို့....

တစ်ဖွဲ့တည်း တစ်ဂိုဏ်းတည်းမှ မွေးထုတ်ပေးလိုက်သော လူငယ်များဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို....

မည်သည့်ရည်ရွယ်ချက်ဖြင့်သင်ပေးပြီး ဖွဲ့စည်းထားသော အဖွဲ့ဖြစ်သနည်း။

ချန်းယိ သူတို့နှင့်ယှဉ်ပြိုင်တိုက်ခိုက်ရင်းစဉ်းစားနေမိသည်။

ထိုစဉ် နောက်မှ အသံတစ်သံ၊

'ဟေ့ အားလုံးရပ်လိုက်'

ကြီးစွာ အာဏာပြည့်ဝသောအသံဖြစ်သောကြောင့် အားလုံး ရပ်လိုက်ရသည်။

သူတို့တိုက်ခိုက်နေသော လူငယ်များလည်း ရပ်လိုက်ကြသည်။

ချန်းယိ နောက်သို့လှည့်ကြည့်လိုက်ရာ....

အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးအို သုံးယောက် တောင်ကမူပေါ်တွင် ရပ်နေသည်။

အဘိုးအိုတို့၏ဘေးတွင်....

ကြောင်ဖိုက်ထားသောမိန်းကလေး၊ နောက်တစ်ယောက် ချုအင်း။

သူတို့...

မည်သည့်အချိန်တွင် ရောက်ရှိလာကြောင်းပင် မသိလိုက်ရ၍ မိမိ ဝါယင်တို့နှင့်တိုက်ခိုက်ရသည်မှာ မည်မျှ အာရုံထားနေရသည်ကို သတိထားမိသည်။



ဝါယင်တို့လူစုလည်း တစ်ဖက်သို့စုပြီးရပ်နေကြသည်။

ချန်းယိသည် အဘိုးအိုသုံးယောက်ကို ဦးညွှတ်လိုက်ပြီး....

'ဦးတို့က ဘယ်ကပါလိမ့်'

အဘိုးအိုသုံးယောက်ထဲမှ တစ်ယောက်က....

'မင်းက ဈေးဆန်းရွာကဟုတ်သလား'

ချန်းယိ ခေါင်းညိတ်ပြလိုက်သည်။

'မင်း ကျင်ဝေလင်မြို့ကို ဘာလာလုပ်တာလဲ'

'ကျွန်တော် ဦးလေးနဲ့အဒေါ် အသတ်ခံရလို့ လာစုံစမ်းရင်း ရောက်နေတာဦးလေး'

အဘိုးအိုသည် အနည်းငယ်မျက်မှောင်ကုတ်သွား၏။

'မင်းက ဘာလဲ စားချေဖို့ တာဝန်ယူထားတာလား'

'မဟုတ်ပါဘူးခင်ဗျာ၊ အမှုမှန်ပေါ်ရင် ကျေနပ်ပါပြီ၊ ဘာလဲ စားချေဖို့ကိစ္စကတော့ သမီးဖြစ်သူစုလင်က တာဝန်ယူပါလိမ့်မယ်'

အဘိုးအိုတစ်ယောက်ကကြားဖြတ်၍....

'မင်း ငါ့ကိုသိသလား'

ချန်းယိ ခေါင်းခါပြလိုက်သည်။

'အမိန့်ရှိမှ သိရမှာပါ ဦးလေး'

'ဒါဆို မင်း စုဂိုဏ်းဆိုတာရော ကြားဖူးလား'

www.burmeseclassic.com

www.burmeseclassic.com



ထိုနာမည်ကိုကြားလိုက်သည်နှင့် ချန်းယိ သွေးကြောစိမ့် တချက်ဖြစ်သွားသည်။

သူ့ဘိုးဘိုး ပြောပြထားတာတွေ အားလုံး သတိရလာသည်။

ဒါကိုစိတ်ထိန်းပြီး....

'ကြားဖူးပါတယ်၊ အခုတော့ အဲဒီဂိုဏ်း မရှိတော့ပါဘူး'

ချန်းယိ၏စကားမဆုံးမီ....

'မင်းပါးစပ် ပိတ်ထားစမ်း'

အဘိုးအိုတစ်ယောက်က သူ့ကိုဟောက်လိုက်သည်။

သူ၏ခြေလှမ်းများသည် ချန်းယိဆီသို့ တစ်လှမ်းချင်း တိုးလာသည်။

'မင်းတို့ဈေးထန်းရွာကလူတွေ တို့ကိုဒုက္ခပေးတာများလွန်းနေပြီ၊ ဒီတစ်ခါတို့အလှည့်ပဲ'

သူ၏စကားမဆုံးမီ အဘွားအိုတစ်ယောက် ရောက်လာပြီး....

'ဘန်မင် မင်းလွန်ပြီထင်တယ်၊ ပြန်လာခဲ့'

ချန်းယိကိုကြိမ်းမောင်းပြီး စကားပြောလာနေသော သူသည်....

ဤစကားကြားသည်နှင့် နောက်သို့ပြန်လှည့်ပြီး အဘွားအိုအား အရိုအသေပြုလိုက်သည်။



'ဟုတ်ကဲ့...ဂိုဏ်းချုပ်ကြီး၊ အမိန့်အတိုင်းပါပဲ'

ကျန်တဲ့အဘိုးအိုသည် အရိုအသေ ပြုကြသည်။

ချူအင်းနှင့် စုစီတို့သည် အရိုအသေပြုကြသည်။

ဒူးထောက်၍ ဦးချနေလေသည်။

ချန်းယိလှမ်းကြည့်လိုက်သောအခါ....

မြက်ပင်များအကြားတွင် အဘွားအိုတစ်ယောက်ရပ်လျက်ရှိသည်။

သူ၏အနီးတွင်....

ဆံပင်များ ပခုံးပေါ်ဝဲကျနေသော မိန်းကလေး တစ်ယောက် ပါလာ၏။

အဘွားအိုနှင့် မိန်းကလေးသည် ချန်းယိအနားသို့ဖြည်းဖြည်း တိုးကပ်လာသည်။

ချန်းယိ သူတို့ကို မျက်တောင် မခတ်ဘဲ ကြည့်နေလေသည်။

အဘွားအိုကား....

နဂါးနက်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးပင်ဖြစ်သည်။

အသက်ကြီးနေပြီဖြစ်သော်လည်း တောင့်တောင့်တင်းတင်း နှင့် ဖြစ်သည်။

သူ၏လက်၌ တောင်ဝှေးတစ်ချောင်းကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ထွေးထိပ်တွင်....

နဂါးတစ်ကောင် အမောက်ထောင်နေသော အရုပ်တစ်ခု ပါရှိသည်။

ဂိုဏ်းချုပ်ကြီးသည်....

မျက်နှာတွင် သွေးရောင်ပင် မရှိတော့တဲ့ ဖြူဖပ်ဖြူရော် ဖြစ်နေပေပြီ။

ဂိုဏ်းချုပ်ကြီးထံရောက်နေသောမျက်လုံးကို....

မိန်းကလေးထံသို့ လွှဲလိုက်သောအခါ သူ့ ရင်ခုန်သံပင် နည်းနည်းမြန်လာလိုပင်ဖြစ်သည်။

မိန်းကလေးသည်....

မျက်နှာသွယ်သွယ်၊ မျက်ခုံးမည်းမည်း၊ နှာတံဖြောင့်ဖြောင့် မျက်လုံးများ ဝင်းလက်နေကာ အလွန်လှပ ကျက်သရေ ရှိသည်။

နီရွှေးသောနှုတ်ခမ်းလွှာကို....

မသိမသာ ဟလိုက်သောအခါ ပုလဲသွယ်လေးများ စီထားသည့်ပမာ လှပသောသွားတန်းကလေးများ ပေါ်လွင်နေပေသည်။

သူမ၏ကိုယ်လုံးကိုယ်ပေါက်မှာလည်း အဖုအထစ် အမို့ အမောက် အချိုင့်အခွက်များတို့သည် သူ့နေရာနှင့်သူ စီစဉ်ထကျ ထုဆစ်ထားသော ကျောက်ဆစ်ရုပ်လို ချောမောလှပ ရှုမငြီး လှပေသည်။



ချန်းယီသည်....

မိန်းကလေးအား မြင်လိုက်သည်နှင့် သူ့မျက်လုံးအစုံသည် ညို့ဓာတ်အမိခံထားရသကဲ့သို့ အခြားတစ်နေရာသို့ လွှဲပြောင်း မရဖြစ်နေသည်၊ ချန်းယီ ပါးစပ်အဟောင်းသားနှင့် ငေး၍ ကြည့်နေမိတော့သည်။

သူ့ဘေးမှ လူများကို တဒင်္ဂအတွင်း မေ့လျော့၍နေ တော့သည်။

ချန်းယီသည်....

မလှုပ်မယှက် ကြက်သေ သေလျက်၊ ထိုအချိန်ထိ သူ တစ် ယောက်တည်း။

လှပသော မိန်းကလေးဆီမှာသာ သူ့မျက်လုံးများ၊

ယင်ဟင်နှင့် သူ့အထိန်းတော်ကြီးမှာ ပခုံးချင်းယှဉ်လျက် ရပ်နေကြသည်။

သူတို့၏မျက်လုံးများသည်....

နဂါးနက်ဂိုဏ်းချုပ်ကြီး၏ အမိန့်ကို စောင့်နေကြသော သူတွေဖြစ်နေကြသည်။

'ချန်းယီ'

ဂိုဏ်းချုပ်ကြီး၏အသံဖြစ်သည်။

ချန်းယီ အခုမှ သူ့နာမည်ကြား၍ သတိ ပြန်ဝင်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွင် ရှက်သွေးဖြာလာသည်။

ချောမောလှပသော မိန်းကလေးပေါင်းများစွာ သူတွေ့ဖူးသည်။

သည်မိန်းကလေးလောက် သူ့ကိုအာရုံဖမ်းစားနိုင်သောသူ မတွေ့ဖူးသေးပေ။

သူ့ ဂိုဏ်းချုပ်ကြီး၏အသံကြောင့်....

'ဒီကိုလာပါဦး'

'ဘာဖြစ်လို့ လာရမှာလဲ'

နှင်းဆီ ချန်းယိ၏ လက်မောင်းကိုဆွဲပြီး ပြောလိုက်သည်။

'မင်းကိုခေါ်တာ မဟုတ်ဘူး'

နှင်းဆီ ရှက်သွားသည်။

ရုတ်တရက် ပြောင်းသွားပြီး....

'သူ့ကိုခေါ်လဲ အတူတူပါပဲ'

အဘွားကြီး ပြုံးသည်။

ပြီးနောက်....

'ကျုပ်က မင်းတို့ထက် အသက်ကြီးတော့ စကားပြောစရာရှိတာ ကျုပ်ကလာရမလား၊ မင်းတို့က လာရမလဲ။ စဉ်းစားကြည့်ပါဦး'



ချန်းယိသည် ညီမအရွယ်နှင်းဆီကို....

'ကို သွားသင့်တယ်'

ဟုသို့ပြောပြီး ဂိုဏ်းချုပ်ကြီးဆီ လျှောက်နေသည်။

နှင်းဆီလည်း မတတ်နိုင်တော့ဘဲ ချန်းယိနောက် လိုက်သွားရပေသည်။

'သွားပါနဲ့ သူတို့တစ်ခုခုကြံစည်မယ်နဲ့တူတယ်'

ယင်ယင်က စိုးရိမ်ကြီးစွာ သတိလှမ်းပေးလိုက်သည်။

အဘွားအိုသည် ပြုံးပြီး....

'မိန်းကလေး....မစိုးရိမ်ပါနဲ့လေ'

ယင်ယင် ရှက်ပြီး မျက်နှာနီမြန်းသွားလေသည်။

ချန်းယိ ဂိုဏ်းချုပ်ကြီး၏ လက်တစ်ကမ်းအကွာတွင် ရပ်လိုက်သည်။

'ဂိုဏ်းချုပ် ဘာပြောစရာရှိလို့လဲ'

'မင်းဘွားဘွား နေကောင်းရဲ့လား'

'ဟုတ်ကဲ့'

'မင်းအဖေနဲ့ အဖေကော'

'ဟုတ်ကဲ့'

နဂါးနက်ဂိုဏ်းချုပ်အဘွားအိုသည် ပြုံးပြီး....

'မင်းတို့မိသားစုတွေဟာ တွေ့ထန်းရွာလေးထဲမှာပဲ ဇာတ်မြုပ်နေကြတော့ဘာသဲ၊ ကျုပ် မင်းတို့ရွာကို အလည်လာချင်ခဲ့မယ့် မအားလို့ မရောက်ခဲ့ဘူး၊ နောက်....မင်းတို့ မိသားစု အထင်အမြင်လွဲမှားမှာလဲ စိုးလို့ပေါ့လေ'

www.burmeseclassic.com

www.burmeseclassic.com



ချန်းယီ ဂိုဏ်းချုပ်ကြီးကို နားမလည်တော့ပေ၊

ဖြစ်နေတဲ့ကိစ္စကိုမရှင်းဘဲ....

မဆိုင်တာတွေ လာမေးနေပြန်သည်၊

ချန်းယီလည်း စကားလမ်းကြောင်းလွှဲရပြန်သည်၊

'ကျွန်တော်မေးစရာတစ်ခုရှိတယ် ဂိုဏ်းချုပ်ကြီး၊ မေးခွင့်ပြုနိုင်မလား'

ဂိုဏ်းချုပ်ကြီးသည် ပြုံးပြီး....

'မေးပါ၊ မေးခွင့်ပြုပါတယ်'

'စူးသခင်တို့ဇနီးမောင်နှံအသတ်ခံရတယ်ဆိုတာ ဂိုဏ်းချုပ်ကြီး သိပါသလား'

အဘွားအိုသည် ခေါင်းညိတ်လိုက်ပြီး....

'သိသားပဲ၊ အဲဒါ ဘာဖြစ်လဲ'

'စူးသခင်ရဲ့သမီးဟာ ဂိုဏ်းချုပ်ကြီးသမီး ဆိုတာရော'

'ဟုတ်တယ်၊ သူက တို့ဂိုဏ်းကို သစ္စာဖောက်သွားတဲ့သူ၊ ဒီတော့ သူ့ကိုစိတ်နာတယ်၊ သူ့အကြောင်း မကြားချင်ပေမယ့် ကြားခဲ့ရတယ်၊ မင်းအဖေနဲ့ဟွာဟင်တို့ဟာလဲ တို့ဂိုဏ်းကို သစ္စာဖောက်ခဲ့ကြတာပဲ၊ ဒီအတွက်လဲ ကျုပ်တို့ဂိုဏ်း နာမည်ပျက်ခဲ့တယ်'

ချန်းယီသည် တစ်ချက်မဲ့ပြီး....

'ဒါတွေဟာ သူတို့တွေနဲ့ နှစ်ဦးကိစ္စပေါ်လာတာတွေပါ၊ နှလုံးသားအဖြစ်ရတဲ့ကိစ္စရော့ပါ၊ ဒါကို ကျွန်တော် မဆုံးဖြတ်ချင်ဘူး'



ချန်းယီ....

ဂိုဏ်းချုပ်အားကရပ်နေသော မိန်းကလေးကို ကြည့်ပြီး ပြောလိုက်သည်၊

မိန်းကလေးမှာ....

ပထမဦးဆုံးအကြိမ် ရှက်သွေးဖြာသွားသည်၊

'ဒါပေမယ့်....'

ချန်းယီ စကားကိုဆက်ပြီး....

'စူးသခင်တို့လင်မယား သတ်ခံရတာ၊ နဂါးနက်ဂိုဏ်းက လုပ်ကြံသတ်တယ်လို့ သတင်းဖြစ်နေတာကို ဂိုဏ်းချုပ်အနေနဲ့ ဘယ်လိုထင်ပါသလဲ'

'ဒါဟာ ထင်စရာဖြစ်နေတာပေါ့၊ မဆန်းဘူးလေ သူတို့ဟာ ဂိုဏ်းကိုသစ္စာဖောက်ပြီး စွန့်ခွာသွားတာ သူတို့နှစ်ယောက် တကယ်လဲ သစ္စာဖောက်တို့သွားရာလမ်း သေသင့်တယ်'

ချန်းယီအဘွားအို၏စကားကြောင့် စိတ်တိုသွားသည်၊

'ဂိုဏ်းချုပ်ကြီး ခင်ဗျား စုဝေသင်သာ ဂိုဏ်းချုပ်ကြီး၏သမီးဖြစ်လို့ ဂိုဏ်းအဖွဲ့ဝင်မို့ ထားပါတော့ ကျွန်တော့် ဦးရီးတော်ကတော့ နဂါးနက်ဂိုဏ်းကမဟုတ်ဘဲ ဂိုဏ်းချုပ်ကြီးက ပြစ်ဒဏ် ဘာဖြစ်လို့ပေးတာလဲ'

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး၏မျက်နှာ မဲ့ပြီးနောက်....

'ချန်းလီဟာ နဂါးနက်ဂိုဏ်းက မဟုတ်ပေမယ့် နဂါးနက်ဂိုဏ်းရဲ့ လက်ယာရံကို ဖျားယောင်းသွေးဆောင် ခေါ်သွားတာကြောင့် သူလဲ သေသင့်ပါတယ်'

ချန်းယီ ပို၍ပို၍ ဒေါသထွက်လာပြီး....

'ဒီမှာဂိုဏ်းချုပ်ကြီး၊ ကျုပ်ဦးရီးတော်ကိုသတ်တာ ဘယ်သူလဲ ဇုစီမိန်းကလေးလား'

အဘွားအို မဖြေမီ....

သူ့ဘေးနားမှ မိန်းကလေးကဝင်ပြီး....

'ဟိတ်...မင်းတို့က တရားခံသတ်မှတ်တဲ့သူဟာ ဒို့ဆီမှာတော့ သူရဲကောင်းပဲလေ'

သူမ၏စကားသံကြောင့် ချန်းယီအံ့ဩသွားသည်။

ဒီလို အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်၏နှုတ်မှ....

ရင့်သီး ကြမ်းတမ်းရက်စက်သောစကားများ ထွက်ပေါ်လာသည်ကို သူနားပင် သူမယုံနိုင်အောင်ဖြစ်လာသည်။

နတ်မိမယ်က....

စုန်းမတစ်ယောက်လို ဖြစ်နေသည်။

ချန်းယီ ထိုမိန်းကလေးကို အတန်ကြာစိုက်ကြည့်ပြီး....

'မိန်းကလေးက'

'စုဝေယန်ပါ သခင်မလေး စုဝေယန်ပါ'

ချန်းယီစကားမဆုံးမီ မိန်းကလေး ဖြေလိုက်သည်။



ထိုစကားကိုကြားသောအခါ ချန်းယီ ပို၍တုန်လှုပ်သွားသည်။

သူသည် အဖေတို့ဦးလေးတို့အတိုင်း ဖြစ်ဖို့အလှည့် ဖန်လာပြီလေ။

ဒါဟာ ဂိုဏ်းချုပ်ကြီး၏အရိုက်အရာ ဆက်ခံမည့်သူ ဖြစ်ရမည်။

ဒီလို လက်ယာရံအဖြစ်....

ဂိုဏ်းချုပ်ကြီးက မြှောက်စားထားခြင်းသည် သူမ၏ သိုင်းပညာ အခြေအနေကလည်း အဆင့်အတန်းမြင့်ရတော့မည်။

သိုင်းလောကကို ချုပ်ကိုင်ဖို့ ဒုတိယလူသည် သူ့ရှေ့တွင် ရောက်နေပေပြီ။

ဒီလိုချောမောလှပတဲ့ မိန်းကလေးများကို ...

သိုင်းလောက၏ အဓိပတိပေးဖို့သည် ဂိုဏ်းချုပ်နှင့်လာစပ်နိုင်သည်။

သူမ၏အရည်အချင်း စုဝေယန်၏အရည်အချင်းကြောင့်....

ချန်းယီဆိုသော လူလင်တစ်ယောက်ကို ရှေ့လူတို့နည်းတူ အဖြစ်ကလေး ဒဏ္ဍာလေးတစ်ပုဒ် ဖြစ်ရတော့မည်။

ချန်းယီ မြင်မြင်ခြင်း သခင်မလေးကို စွဲမိသည်။

'ဘာလဲ ချန်းယီ၊ သခင်မလေးစုဝေယန်က သိုင်းပြနေလို့လား'

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိသည်....

ဂိုဏ်းချုပ်ကြီး၏အမေးကို စုစေယန်ဆီမှ မျက်လုံးမခွာပဲ ခေါင်းညိတ်လိုက်သည်။

ပါးစပ်မှလည်း....

'ဟာ....ဟုတ်....ကုတ် သိပ်လှတာပါ'

အမှတ်မထင် ပြောလိုက်သည်....

ဒါကို နှင်းဆီနှင့် ယင်ယင် ကြားလိုက်သည်။

'ဟင်း....သူက လှတယ်ဆိုတာ ဒီက အိပ်နေသလောက်ပဲ ရှိတာ'

ခနဲ့၍ အသံထွက်အောင် ပြောလိုက်သည်။

ယင်ယင်က....

'သူတို့မို့ မရှက်တာဃ် လှသလားလို့ မေးမှမေးရက်တယ်' ပြောလိုက်သည်။

ဒါကို သခင်မလေး ကြားလိုက်သည်။

လူသို့ လူကို....

လူရှေ့ သူရှေ့တွင် ပြောနေသော မိန်းကလေးအပေါ် ရှက်လည်းရှက် ဒေါသလည်း ထွက်သွားသည်။

သူတို့ ဆူညံဆူညံ ပြောနေသော စကားသံများကြောင့် ချန်းယိ သတိပြန်ဝင်လာပြီး သခင်မလေးကို အရိုအသေပြု လိုက်သည်။



'သခင်မလေး၊ကို စကားတစ်ခွန်းပြောပါရစေ'

သခင်မလေးသည်....

မျက်နှာထားခပ်တင်းတင်းဖြင့် မေးခွန်းနှစ်ခွန်း ဆင့်မေး လိုက်သည်။

'ကာလ... လူသတ်တရားခံဖမ်းပြီး ကလဲ့စား ချေချင်လို့ လား'

ချန်းယိ....

ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်တော် တရားခံ ဖော်ထုတ်ပေးရုံပါ၊ ဒါကြောင့် ဘယ်သူဘယ်ဝါ သတ်တယ်ဆိုတာရယ်၊ ဘယ်နှစ် ယောက် သတ်တယ်ဆိုတာရယ် သခင်မလေးသိရင် ပြောမြပါ လား'

သခင်မလေး သူ့ကို နှာခေါင်းတစ်ချက် ရှုံ့ပြပြီး....

'အမယ်....ရှင်တို့သိချင်တဲ့ကိစ္စ အတော်များနေပြီပဲ၊ ကျွန်မ က မပြောရင်ကော ရှင်ဘာလုပ်ဦးမှာလဲ'

ချန်းယိပြုံးပြီး....

'သခင်မလေးမပြောလဲ ရပါတယ်၊ ဒီအမှုနဲ့ပတ်သက်ပြီး ကျွန်တော့်အဖေနဲ့ အဘွား အတော် စိတ်ထိခိုက်နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါသလဲဖြစ်နေကြတယ်၊ ဒါကြောင့် လူစုခဲ့ပြီး တရားခံကို ရှာနေကြတယ်....

'ခုလောက်ဆို ကျွန်တော့်အဖေ ကျောင်ဝေလင်မြို့ထဲရောက် နေပြီထင်ပါတယ်၊ သူဟာ သူ့နည်းသူ့ဟန်နဲ့စုံစမ်းရင် ဒီအမှုဟာ မကြာခင်ပေါ်လာမှာပါ'

ချန်းယိ မှသားသုံးလိုက်သော စကားများကြောင့် မျက်နှာ မချိုမချဉ် ဖြစ်နေသည်။

ဒါပေမဲ့....

အားလုံးက သူ့အတည်ပြောလိုက်သဖြင့် ယုံကြည်သွားသည်။

တစ်ချိန်လုံး အခြေအနေစောင့်ကြည့်နေသော ဝါယင်ဆိုသည့် တပည့်များအား....

'တို့ဒီမှာရှိလဲ အကျိုးမရှိဘူး၊ သွားမယ်'

တိုးတိုးပြောပြီး ဤနေရာမှ ထွက်ခွာသွားကြသည်။

တစ်ချိန်ထည်းမှာပင်....

ယင်ယင်တို့အထိန်းတော်ကြီးသည် အင်္ကျီစဆွဲပြီး....

'သွားကြစို့ သခင်မလေး'

ယင်ယင်ကတော့ ဤသို့မဟုတ်ပေ။

ခေါင်းခါပြီး....



'ဟင့်အင်း....ကျုပ်တို့ ခဏစောင့်ကြည့်ဦးမယ်'

နဂါးနက်ဂိုဏ်းချုပ်ကြီးသည် ပြုံးပြီး—

'ချန်းယိ....နင်လိမ်ပြောတတ်တဲ့ပညာ မဆိုးဘူး'

ချန်းယိ မထီမဲ့မြင်ပြုံးပြီး....

'ကျွန်တော် အမှန်တကယ်ပြောတာပါ၊ ခင်ဗျားတို့ မယုံ င်လဲနေ'

နှင်းဆီက စကားဖြတ်၍....

'ဦးလေး ချန်ရှင်း လာမယ်ဆိုတာနဲ့ လန့်သွားလိုက်တာ ပါပဲ'

ဟု ဝင်ရောက်ပြောလိုက်သည်။

'ချန်ရှင်းလဲလူပါပဲ၊ လူလူချင်း ဘာမှကြောက်စရာမရှိပါ ဘူး'

စုဝေယန်မထိလေးစားအသံဖြင့်ပြောလိုက်သည်ကို ချန်းယိ ခုံးတွန့်ပြပြီး....

'ကျွန်တော်လဲ ကျွန်တော့်အဖေကို နတ်လို့ မပြောမိပါ ဘူး'

စုဝေယန် စိတ်တိုပြီး....

'မင်းက စကားနိုင်လုနေတာလား'

'မဟုတ်လို့ သခင်မလေးကို တရားခံဘယ်သူလဲ မေးနေ တာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ချန်းယီ ပြောလိုက်သည်။

'မင်းစိတ်ထဲ တရားခံဟာ စုစီလို့ထင်နေတာလား'

'ဒါဖြင့် သူ မဟုတ်ဘူးပေါ့'

'မဟုတ်ဘူး၊ လူသတ်တရားခံက ဟွာဟင်'

ချန်းယီ ရီပြုလိုက်ပြီး....

'ဟွာဟင်ဟုတ်လား၊ ဟားဟား ဟွာဟင် လူ့ပြည်မှာ မရှိတော့ဘူးဗျ'

'ဒါတော့ ရှင်ယုံချင်မှယုံမှာပေါ့'

ချန်းယီသည်.....

စုဝေယန် တည်တည်နှင့်ပြောသောကြောင့် အနည်းငယ် တွေဝေသွားပြီး....

'ဟုတ်တယ်....ကျွန်တော် ယုံတယ်ထား၊ ဒါဆို လူသတ် တရားခံဘယ်သူလဲ'

စုဝေယန်သည် သူ့ကို အေးစက်စက်ဖြင့်ကြည့်လိုက်ပြီး....

'မင်းကိုမင်း သိပ်အထင်ကြီးနေတယ်မဟုတ်လား၊ ကိုယ့်ဘာသာကိုယ် စုံစမ်းပေါ့'

ချန်းယီ မဲ့ပြုံးပြုံးပြီး....

'ဟုတ်ပါပြီ၊ ကိုယ့်ဘာသာကိုယ် တရားခံ ပေါ်အောင် စုံစမ်းမယ်'

ချန်းယီ စိတ်ဆိုးသွားပြီး လှည့်တွက်သွားခဲ့သည်။

'ဟဲ...မိန်းကလေး၊ တို့သွားကြစို့'



နှင်းဆီနှင့် ယင်ယင်တို့ကို တစ်ချက် မျက်ရိပ်ပြလိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် လျှောက်လာခဲ့သည်။

'ဟေ့ ရပ်လိုက်'

သူလျှောက်နေသောခြေ့တွင် စုဝေယန် ကျွလာပြီး မတ်တတ်ရင်လိုက်သည်။

သခင်မလေး၏ကိုယ်ဖော့ပညာသည် မိမိထင်တာထက်ပင် တော်နေကြောင်း သူသိလိုက်သည်။

ပညာကို အံ့လည်း အံ့သြမိပါသည်။

ဒါပေမယ့်....

ဟန်အမူအရာကောင်းသောချန်းယီသည် မသိချင်ယောင်ဆောင်လိုက်သည်။

ဒီလိုအခြေအနေမျိုးတွင်....

သူ ဒီလိုပဲကျင့်ရမည်ကို သူ့အလိုလိုသိနေသည်။

ဂုဏ်ဖြူမပျက်ပြုံးလိုက်ပြီး....

'သခင်မလေး၊ ဘာပြောစရာရှိလို့လဲ'

သူ ဟန်ဆောင်ပြီးပြောနေမှန်း မေစုသိသည်။

ဒီလိုအခြေအနေမျိုးမှာ စုဝေယန် ဖြေရှင်းနေကျဖြစ်သည်။

သူ တမင်သက်သက် ဟန်လုပ်နေမှန်း သိသည်။

ဒါကြောင့်လည်း ...

မျက်လုံးထဲတွင် ဒေါသအရိပ် တခဏဆောင်းသောင်းထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းစက်သော သူ့မျက်လုံးများသည်လည်း ဒေါသအရှိန်ဖြင့်မှားလာပြီး ...

'နှင့်ကို သတ်မလို့'

ချန်းယိ တကယ်လန့်သွားသည်၊

ဒီမိန်းကလေး စကားမျိုးပြောသည်ကို ထပ်မံ မအံ့သြဘဲ မနေနိုင်ပေ။

ဤမျှလောက် ချောမော လှပသော မိန်းကလေးတစ်ယောက်သည်....

တစ်ခဏအတွင်း ရန်ညှိုးကြီးစွာ ဆက်ဆံနေရခြင်းသည် အကြောင်း တစ်စုံတစ်ရာတော့ ရှိမည်ထင်သည်။

'သူသည်....

ဒီမိန်းကလေးကို အဘယ်သို့ပြန်လည်ပြောရမည်ကို စဉ်းစားနေစဉ်....

'မင်းခား ထုတ်လိုက်စမ်းပါ'

ချန်းယိ မျက်မှောင်ကုတ်လိုက်ရသည်၊

'ဒီမှာမိန်းကလေး၊ ခင်ဗျားနဲ့ကျုပ် ဘာရန်ညှိုးရန်စမှ မရှိဘဲနဲ့၊ ကျုပ်ကို ဒီလောက်တောင်ရန်ညှိုးထားပြီး ယှဉ်ပြိုင်ချင်နေရတာလဲ၊ ကျုပ်အဖေနဲ့ ကျုပ်ဟာ ခင်ဗျားတို့ဂိုဏ်းကို ဘာမှ အညှိုးတစ်ခုနဲ့မဆက်ဆံခဲ့ဘူး၊ ခင်ဗျားနဲ့ကျုပ်လည်း



ဆက်ဆံစရာမလိုဘူးလို့ ထင်တယ်၊ အဖေဟာ နဂါးနက်ဂိုဏ်းရဲ့ သခင်မလေးတစ်ယောက်နဲ့ ဖြစ်ပျက်ခဲ့ပေမယ့် ဒါတွေဟာ ပြီးသွားပါပြီ'

ချန်းယိ၏ရှည်ပျားသော စကားတို့ကို မေစု နားထောင်နေသည်၊

သူမမျက်နှာမှာတော့ ဘာမှ ပြောင်းလဲခြင်း မရှိပေ။

ဒါကြောင့်လည်း....

ချန်းယိ စကားကို ဆက်မပြောဖြစ်ဘဲ ရပ်ထားလိုက်သည်။

ချန်းယိ စုဝေယန်ကို ကြည့်လိုက်သည်၊

'မင်းစကားပြောလို့ ပြီးသွားပြီလား'

စုဝေယန် ခက်ထန်မာကျောစွာနှင့် ချန်းယိကို မေးလိုက်သည်။

'ကျုပ်ပြောတာတွေ သခင်မလေး နားမဝင်ရင် ကျုပ်ပြောနေတဲ့စကားတွေဟာ ဘာအဓိပ္ပာယ်ရှိမှာလဲ'

ချန်းယိ ထပ်မံရှင်းပြန်သည်၊

ဒါပေမယ့်....

သူ ထင်သလို ဖြစ်လာလိမ့်မယ်လို့ သူ မထင်ပေ။

ဒါပေမယ့်လည်း ပြောသင့်တာတွေ ပြောပြီးပြီဟု တွက်လိုက်ပေမယ့် စုဝေယန်ကတော့ အေးစက်စက်နှင့်ပင်...

www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို မင်းခေါးထုတ်လိုက်တော့'

ထိုသို့ပြောလိုက်ရင်း....

သူ့လက်သည် ခါးရိုးပေါ်သို့ရောက်သွားသည်။

စုဝေယန်၏ မာနထောင်လွှားနေမှုကိုကြည့်နေသော ယင်ယင်သည် မခံမရပ်နိုင်ဖြစ်ကာ သူ့ခါးကို ဆွဲထုတ်လိုက်လေသည်။

'ဟား... ဟား... မင်းကို မှုစရာမှတ်လို့'

မေစု၏ အေးစက်မာကျောသော မျက်လုံးသည် ယင်ယင်ဆီ ရောက်သွားပြီး....

'မင်း သေဖို့သာပြင်'

စကားမဆုံးမီ သူ့ခန္ဓာကိုယ်သည် မီးမိုးဘန်းလို ယင်ယင်ဆီသို့ ရောက်နေသည်။

ဒါကို ချန်းယိ မြင်လိုက်သည်။

သူလည်း....

ကိုယ်ဖော့၍သိုက်သွားပြီး ယင်ယင်ရှေ့တွင်သခင်မလေး၏ လက်ဝ းစောင်းကို သူ့လက်ဝါးစောင်းဖြင့် ခုခံလိုက်စဉ်....

'ဖြန်း....'

ဟူသောအသံတစ်သံ ပေါ်ပေါက်လာသည်။

ချန်းယိ နောက်သို့ ရှေ့လျားသွားသည်။



ယင်ယင် အထိန်းတော်ကြီးသည် အခြေအနေ ပိုဆိုးလာသည်ကို သိလိုက်ပြီးဖြစ်၍ ယင်ယင်ကို တားဆီးပေး ယူထွက်ဖို့ ကြိုးစားသည်။

သို့သော်....

ထိုအချိန်အတွင်း စုဝေယန်သည် ချန်းယိဆီသို့ တမြည်းမြည်း တိုးသွားသည်။

သူ၏မျက်နှာသည် အေးစက်မာကျောနေသည်။

ချန်းယိလည်း ထကျရာမှ ကြိုးစားပြီး ထလိုက်သည်။

ပါးစပ်ကို တစ်ချက် သက်ဖြင့်သုတ်လိုက်ပြီး....

သွေးများ နှုတ်ခမ်းထောင့်စွန်းတွင်ထွက်နေသည်ကို သူသိလိုက်သည်။

မိန်းကလေးသည် အသက်ငယ်သော်လည်း....

အဆင့်မြင့်သိုင်းသမားတစ်ဦး ဖြစ်နေသည်ကို သူ အံ့ဩမိသည်။

ဒီလိုပညာမျိုးတွေ မိန်းကလေးတတ်ကျွမ်းနေပြီဖြစ်သည်။ ခုနက....

သူ၏တန်ပြန်တိုက်ကွက်သည် လူတစ်ယောက်ပင် သေစေနိုင်သော တိုက်ကွက်ဖြစ်သည်။

မိမိအကျကောင်း၍သာ အတော်သက်သာသွားသည်ကို ချန်းယိ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီသည် ချန်းယိ အဲထိနာခံရသည်ကို အံ့တော်မကျေနပ်ပေ။

သူမ ဒေါသထွက်လာပြီး....

သူ့ဓားကိုထုတ်၍ စုဝေယန့်ထံ ပြေးဝင်သွားသည်။

သူ၏သိုင်းကွက်များသည် စေ့စပ်သေချာလှသည်။

တော်ရုံသိုင်းသမားဆိုလျှင်....

ဇီဝိန်ချုပ်သွားနိုင်သည်။

သူ...စုဝေယန့်ငယ်ထိပ်ကို ချိန်ရွယ်၍ ဓားဖြင့် ခုတ်လိုက်သည်။

သို့သော်....

နှင်းဆီရှေ့တွင် စုဝေယန် ရုတ်တရက် ပျောက်ကွယ်သွားသည်။

နှင်းဆီ မျက်လုံးပြူး၍ကြည့်နေစဉ်....

'နှင်းဆီ မြေပေါ်လှဲချလိုက်'

ချန်းယိ၏ သတိပေးသံ ကြားလိုက်ရသည်။

နှင်းဆီ အသံအတိုင်း မစဉ်းစားဘဲ မြေပေါ်သို့ လှဲချလိုက်သည်။

'ဝုန်း'

ဟူသောအသံ ပေါ်ပေါက်လာသည်။

နှင်းဆီနောက်ဖက်မှ သစ်ပင်တစ်ပင် ထက်ပိုင်းကျိုးသွားသည်။



နှင်းဆီသည် စုဝေယန်ကို လှမ်းကြည့်လိုက်သောအခါ သူမသည် ပုံစံမပျက် ရပ်လျက်ရှိသည်ကို တွေ့ရသည်။

ချန်းယိသာ သတိမပေးမိပါက....

နှင်းဆီ ထိုနေရာတွင်ပင် သစ်ပင်ကြီးလို ကိုယ်ခန္ဓာကျိုးသွားနိုင်သည်။

လူလောကထဲက....

အပြီးအပိုင် ထွက်သွားရနိုင်သည်။

စုဝေယန့် လှည့်လိုက်သည်။

သူမ ဒေါသမီး ဟုန်းဟုန်းတောက်နေသည်။

သူမ၏ မျက်နှာတွင်...

ရက်စက်ကြမ်းကြုတ်မှုများ ပေါ်လွင်နေသည်။

မိန်းမလှလေးတစ်ယောက်၏....

ရက်စက်ကြမ်းကြုတ်မှုကို မျက်ဝါးထင်ထင် မြင်တွေ့နေရသော ချန်းယိ စိတ်ပျက်ပြီး ခေါင်းခါယမ်းလိုက်သည်။

သူသည်....

ဒီခေတ်အဖို့တော့ သူသေကိုယ်သေ တိုက်ခိုက်တော့မည့်သိုင်းသမားနှင့် တွေ့နေရပြီဟု နားလည်လိုက်သည်။

ဒီမိန်းကလေး အလှအပတွေနှင့်တခြားဖြစ်နေခြင်းကို စိတ်မကောင်း ဖြစ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



စုဝေယန်အတွက် စိတ်မကောင်းပေ။

ချန်းယိသည် ဘဝတစ်လျှောက်လုံး ယှဉ်ပြိုင်ဝံ့သူ တစ်ယောက်ဖြစ်သည်။

ပညာမျှင် ရက်စက်ပါစေ သူယှဉ်ပြိုင်ဝံ့သည်။

ယခုတော့....

စုဝေယန်နှင့်ကျမှ သူယှဉ်ပြိုင်ဖို့ ဝန်လေးနေသည်။

သူ ဦးနှောက်များ တုန့်ဆိုင်းနေသည်။

ဒီလိုပွဲမျိုး သူ မယှဉ်ခြင်းဘူး အစီပွာယ်ရနေသည်။

ပြိုင်ပွဲကို....

တစ်ဖက်သတ် ယှဉ်ပြိုင်မယ့်သူအတွက် သူ ကြိုးစားပြီး ရင်ဆိုင်ဖို့ အသင့်ဖြစ်နေသည်။

စုဝေယန် သူဆီသို့ တဖြည်းဖြည်းခြင်း ကပ်လာသည်။

ချန်းယိ နီးလာသောရန်သူထက်အာရုံကြာကိုကစိတ်မကောင်း ကြီးစွာ သူ ဓားကိုဆွဲထုတ်လိုက်သည်။

သူ တကယ်တော့ စိတ်မပါဘဲ ဓားကိုဆွဲထုတ်လိုက်ခြင်း ဖြစ်သည်။

ဒါကို စုဝေယန် တစ်ချက်ပြုံးလိုက်ပြီး....

သူမ၏လက်ကလေးတစ်ချက် ဝှေ့ယမ်းလိုက်သည်။

"ချလန်း"



စူးရှသော အသံတသံ ပေါ်လာသည်။

သူမ၏လက်ထဲတွင် နေရောင်နှင့် ပြောင်လက်နေသော ဓားကို တွေ့လိုက်ရသည်။

ထိုဓားသည် သံမဏိဓားအပါးလေးဖြစ်သည်။

ဓားသွားတစ်လက်မအရှည်သုံးကောင်ခန့် ရှိသည်။

နှစ်ဖက်ဓားအသွားရှိသော ဓားမျိုးဖြစ်သည်။

အသုံးမပြုရခေါက်ထားလိုက်လို့လျှင် တောင်ဆုတ်သာသာ ရှိသည်။

အသုံးပြုသည့်အခါ....

လွတ်နိုင်ရသည့်ဓားဆန်းတမျိုးလည်း ဖြစ်သည်။

စုဝေယန်၏ဓားသည်...

လက်ထဲတွင် တစ်ချက်ဆန့်လိုက်သည်နှင့် မဖြောင့်တန်းဝင်း လက်လက်ရှိသော သံမဏိဓားတစ်ချောင်းပင် ဖြစ်သည်။

သူမ၏သိုင်ပ်ရှားမှုကို အံ့ဩလိုက်သည်နှင့်....

သူမ၏ သိုင်းပညာသည် အဆင့်မြင့်ပညာတွေကို တတ်မြောက်ထားပြီးသား ဖြစ်နေသည်ကို တွေ့ရသည်။

သို့သော်လည်း....

ချန်းယိသည် မာနရှိသောလူတစ်ယောက် ဖြစ်သည်။

သူမ ဘယ်တော့မှ အရှုံးပေး လက်လျှော့တတ်သော လူတစ်ယောက်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အရှုံးပေးအညံ့ခံတတ်သော သူတစ်ယောက်မဟုတ်ပေ။

သိုင်းသမားကောင်းတစ်ယောက်မည်သည်....

အသက်ကိုပင် အသေခံ၍ထွက်ပြေးခြင်းကို ရှောင်ရှားရမည်ကို သူသိသည်။

ယောက်ျားပီသသော စိတ်ဓာတ် သူ့တွင် အပြည့်အဝ ကိန်းအောင်းနေသည်။

အကြောင်းက....

နှင်းဆီနှင့် ယင်ယင်တို့ကို ထားရစ်ခဲ့ပြီး သူ တိမ်းရှောင်သွားဖို့ စိတ်ကူးမရှိခြင်းပင်။

သူ စုဝေယန်ကို မျက်နှာတည်တည်ဖြင့်....

'ဒီမှာသခင်မလေး၊ ခင်ဗျား ကျုပ်ကို ယှဉ်ပြိုင်အနိုင်လို့ချင်တယ်မဟုတ်လား'

စုဝေယန်သည် ခက်ထန်စွာဖြင့်....

'ဟုတ်တယ်၊ မင်း မှာစရာရှိတာ မှာသွားနိုင်တယ်'

ချန်းယိသည် စုဝေယန်၏ စကားကြောင့် ခံပြင်းသော စိတ်၊ မကျေနပ်သောစိတ်များ တဖွားဖွား ပေါ်ပေါက်လာလေသည်၊ မဲ့ပြုံးပြုံးလိုက်ပြီး....

'သခင်မလေး၊ ခင်ဗျား ကိုယ့်ကိုယ်ကို အတော်အထင်ကြီးနေတယ်ထင်တယ်၊ သိပ်လဲမလောနဲ့လေ'

ချန်းယိသည် နှင်းဆီနှင့် ယင်ယင်ဘက်လှည့်ပြီး....



'ဒီနေရာဟာ မင်းတို့နဲ့ ဘာမှမဆိုင်တော့ဘူး၊ အခုတော့ မင်းတို့အားလုံး ပြန်ကြပါ'

ဟု ပြောလိုက်သည်။

'မသွားဘူး၊ ကျုပ်တို့လဲ ပါဝင်ယှဉ်ပြိုင်မယ်'

ယင်ယင်သည် ဤသို့ပြောဆိုလိုက်လျှင် အထိန်းတော်ကြီးက သူ၏နောက်ကျောသို့မှီလိုက်ရာ သတိလစ်သွားပြီး လဲကျသွားသည်။

အထိန်းတော်ကြီး....

သူ့ကိုထမ်းပြီး တောင်အောက်သို့ ဆင်းသွားသည်။

နှင်းဆီမှာတော့ ရပ်လျက်ပင်ရှိသည်။

ချန်းယိသည် နှင်းဆီအား စိုးရိမ်ကြီးစွာဖြင့်...

'ဟေ့.... နှင်းဆီ၊ မင်း ငါပြောတာ မကြားဘူးလား'

နှင်းဆီသည် အေးစက်စက်လေသံဖြင့်....

'ကြားသားပဲ'

'ဒါဆို သွားတော့လေ'

'မသွားဘူး'

စုဝေယန်သည် သူတို့နှစ်ယောက် ပြောနေသည်ကို စိတ်ရှည်စွာဖြင့်...

'ကဲ.... သေချင်တဲ့သူ တစ်ခါတည်းဝင်ခဲ့'

www.burmeseclassic.com

www.burmeseclassic.com



သူမသည်....

ဤသို့ပြောပြီးသည်နှင့် နှင်းဆီထံသို့ ဓားတစ်ချက်ဝှေ့ယမ်းလိုက်သည်။

ဝိုး....

အသံနှင့်အတူ....

ဓွေ့ရောင်တန်းတစ်တန်းသည် နှင်းဆီ၏ ဦးခေါင်းဆီသို့ ဦးတည်သွားလေသည်။

'နှင်းဆီ၊ သတိထား'

ချင်းယိ အော်၍သတိပေးလိုက်သည်။

ဒါကို နှင်းဆီကြားလိုက်သည်။

နှင်းဆီ မြေပေါ်သို့ ထပ်မံလှဲချလိုက်ရသည်။

နှင်းဆီ တော်တော်ခံနေရသည်။

ချန်းယိက အမြဲသတိပေး၍သာ နည်းနည်းသက်သာနေရသည်။

ချန်းယိ နှင်းဆီအတွက် စိတ်ပူစပြုလာပြီ၊ နှင်းဆီ သူပြောတာလည်း နားမထောင်ပေ၊

သူ စုဝေယန်ကို တစ်ယောက်ချင်း မနိုင်နိုင်ပေ၊

ဒီလိုမနိုင်တာကို....

မိန်းကလေးတစ်ယောက် အနေနှင့် မယှဉ်ပြိုင်စေချင်ပေ၊

သူသာ ယှဉ်ပြိုင်ဖို့လူ ဖြစ်နေသည်။



နှင်းဆီဝင်ကူတာကို သူမလိုလားပေ။

ဒီမိန်းကလေး သူ့အပေါ် သံယောဇဉ်ကြီးလွန်း၍သာ ဖြစ်နေသည်။

နှင်းဆီ ယူကြုံးမရ ဖြေရှင်းမရ ဖြစ်နေသည်။

နှင်းဆီကိုယ်၌ကလည်း....

ချန်းယိအပေါ် အစ်ကိုတစ်ယောက်လို သံယောဇဉ်ဖြစ်နေမိသည်။

သည်တောင်ပေါ်ကိုလာခဲ့သောသူ နှစ်ယောက်တွင်....

အတူသွား အတူလာ ဖြစ်ခဲ့ပြီးမှ မတားချင်တော့ပေ၊ တစ်နိုင်လျှင် သူတစ်ယောက်တည်းသာ စုဝေယန်ကို ပြိုင်ဆိုင်ချင်သည်။

ဒါပေမယ့်လည်း....

မိန်းကလေး ဖြစ်သည့်အတွက် အားကိုးမိသည့်ကတော့ အမှန်ပင်၊

သူ ချန်းယိကို အားကိုးမိသည်။

ချန်းယိအပေါ် သံယောဇဉ်ရှိနေမိသည်။

သူက ရှိနေသောသံယောဇဉ်ကို ချန်းယိလည်း သိစေချင်သည်။

ဒါကြောင့်လည်း....

www.burmeseclassic.com

www.burmeseclassic.com



သူမ စုဝေယန်ကို ယှဉ်ပြိုင်တိုက်ခိုက်နေခြင်း ဖြစ်သည်။

စုဝေယန်၏ သိုင်းပညာကို သူ မယှဉ်နိုင်မှန်း သိလိုက်သည်။

ဒါပေမယ့်....

သူမ မာနကိုတော့ စုဝေယန် အပြီးဖြိုနိုင်မှာမဟုတ်လို့ သူ ယုံသည်။

တကယ်တော့....

သိုင်းသမားကောင်းတစ်ယောက်တို့မည်သည် စိတ်ဓာတ် အရေးကြီးပေသည်။

သူ စုဝေယန်ကို စိတ်ဓာတ်အရတော့ အပြိုင်အနိုင်ကျဲနိုင်ပြီ ဆိုတာ သူယုံသည်။

နှင်းဆီ စိတ်ရှည်စွာ ကြည့်မနေနိုင်တော့ပေ၊ စုဝေယန်ထံ ပြေးဝင်သွားပြီး လက်သီး လက်ဝါးစောင်းတို့ဖြင့် တိုက်ခိုက် ပြန်သည်။

ဒါပေမယ့်....

နှင်းဆီတိုက်ကွက် ချစ်ကွက်လုံးသည် စုဝေယန်အားဘာမျှ ထိရောက်မှုမရှိပေ။

ဒါကြောင့်....

နှင်းဆီ ရှက်သွားပြီး ထပ်မံအားသုံး၍တိုက်ခိုက်ပြန်သည်။

တကယ်တော့ အချည်းအနှီးပင်။



သူ့ ပညာသည် စုဝေယန်နှင့်ယှဉ်လိုက်လျှင် နုနယ်နေသည်။

စုဝေယန်၏လက်မှ အငွေ့တန်းကလေး ထပ်မံ ထွက်ပေါ်လာပြန်သည်။

ဒါကို ချန်းယိတွေ့သည်။

'နှင်းဆီ သတိထား'

ဟု ပြောရပြန်သည်။

ထိုအချိန်တွင်....

သူ ဓားသည်လည်း စုဝေယန်၏ဗိုက်ထဲသို့ ချောက်အောင် ထိုးသွင်းလိုက်သည်။

ဒါပေမယ့်....

စုဝေယန်ကိုမထိခင် စုဝေယန်တစ်ယောက် သူတို့ရှေ့မှ ပျောက်သွားသည်။

'ဝိုး....'

အံ့သြနှင့်အတူ....

ငွေရောင်တန်းကလေးလာသည်ကို သူရှောင်လိုက်ရသည်။

ဒါမျိုးကြုံတွေ့ခဲ့ရသော....

ချန်းယိအတွက် ဒီအကွက်ကို အလွတ်ရနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်၏ တိုက်ကွက်တွေကိုတော့ သူ မချီးမွမ်းဘဲ မနေနိုင်။

အတော်တော်သော မိန်းကလေးတစ်ယောက်....။

'ဟိတ်.... ရပ်လိုက်'

အဆင်သင့်တိုက်ခိုက်ဖို့ ဟန်ပြင်နေစဉ်...

ကြားလိုက်ရသော အသံကြောင့် သူတို့ နောက်ကိုလှည့် ကြည့်လိုက်မိသည်။

ဂိုဏ်းချုပ်ကြီး မတ်တတ်ရပ်လျက်ပင်။

စုဝေယံနှ် ဂိုဏ်းချုပ်ကြီးကို တစ်ချက်လှည့်ကြည့်လိုက်၏။

ဂိုဏ်းချုပ်ကြီး သူ့ကိုတစ်ချက်ပြုံးပြပြီး...

'သူ့ကို အရှင်လိုချင်တယ်'

အဲ့ဒီစကားကို ချန်းယိ ကြားလိုက်သည်။

စုဝေယံနှ် ဂိုဏ်းချုပ်ကြီးကို အရိုအသေပြုလိုက်သည်။

ပြီးနောက်...

သူ့ဓားကို ပြန်သိမ်းလိုက်သည်။

ဒါကို ချင်းယိ သဘောပေါက်လိုက်သည်။

သူလည်း ဓားကိုပြန်သိမ်းလိုက်သည်။

ဒါကို စုဝေယင် မဲ့ပြုံးပြုံး၍ တစ်ချက်ကြည့်သည်။



'မင်းက ဘာဖြစ်လို့ ဓားပြန်သိမ်းတာလဲ'

စုဝေယန် ခနဲ့သောအမူအယာဖြင့် မေးလိုက်သည်။

'လက်နက်နဲ့ လက်နက်မဲ့ချင်း မယှဉ်ချင်ဘူး'

'ကောင်းပြီလေ'

ကိုစကားဆုံးသည်နှင့်...

လိပ်ပြာသိုင်းကွက်ဖြင့် သေဘဲတွင်ဝဲပျံ၍ စတင်တိုက်ခိုက် တော့သည်။

ပဘမတစ်ချက် ချန်းယိပခုံးကို ထိမိသလိုဖြစ်သွားသော်လည်း မထိပေ။

ချန်းယိသတိထားပြီး....

သူတို့တိုက်ခိုက်ခံဖို့အချတ်ပြနေခြင်းပင်။

ချန်းယိတိုက်ကွက်ကို အာရုံစိုက်လိုက်သည်။

စုဝေယန် နောက်ထပ် တိုက်ကွက်တစ်ခုဖြင့် ဝင်ရောက် တိုက်ခိုက်ပြန်သည်။

ဒီတစ်ခါတော့....

ချန်းယိက ပြန်လှင့်ထွက်သွားသည်။

ဓားချင်းယှဉ်ပြိုင်တွန်းကြသည်ကို သူမနိုင်ပေ။

ချန်းယိပြန်ထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဝင်သာတတ်သော တိုက်ကွက်လမ်းကြောင်းတို့ကိုရွေးပြီး အကွက်ချလိုက်သည်။

ထိုစဉ်....

နှင်းဆီ သူ့ရှေ့မှနေ၍ စုဝေယန်ကို ဝင်ရောက်တိုက်ခိုက်ပြန်သည်။

စုဝေယန်နှင့် နှင်းဆီတို့ မာန်လျှော့လိုက်သည်။

ဒါပေမယ့်....

နှင်းဆီမြေပေါ်သို့ ရှစ်ခါလောက်လဲနေရသည်။

ပြန်ထလာသောအခါ....

ပါးစပ်မှ သွေးတွေသုတ်ပစ်နေသည်။

နှင်းဆီကို ချွန်းယိစိတ်ပူသွားသည်။

ထိုစဉ်....

လှုရိပ်တစ်ခု သူတို့ရှေ့ကျလာသည်။

လူတစ်ယောက်နှင့်အမျိုးသမီးကြီးတစ်ယောက်။

သူတို့နှစ်ယောက် နှင်းဆီကို ပွေ့ထားလိုက်သည်။

ဒါကို....

ဂိုဏ်းချုပ်ကြီး သိလိုက်သည်။



ကလေးမများဖက်မှ....

အဆင့်မြင့် သိုင်းသမားများက ကျူဖို့ရောက်လာပြန်ပြီဆိုတာကို သူ့တပည့်များအား အရိပ်အကဲပြလိုက်သည်။

နဂါးနက်ဂိုဏ်းသားများ တစ်ယောက်ပြီး တစ်ယောက် အလျှိုလျှိုပျောက်သွားကြသည်။

'ညီမလေး ဘာဖြစ်သွားသေးလဲ'

နှင်းဆီ အစ်ကိုဖြစ်သူကိုပြုံးပြီး....

'ဘာမှမဖြစ်ပါဘူးအစ်ကို၊ ချွန်းယိဘက်က ဝိုင်းကူပေးပါ'

ညီမဖြစ်သူ၏စကားကိုကြားလိုက်သောအခါ၊ အစ်ဆိုဖြစ်သူ လုလင်သည် ညီမကို အခမလက်ထဲထည့်ပြီး....

စုဝေယန်ဆီသို့ တဟုန်ထိုးပြေးဝင်သွားသည်။

ဒါကိုလှုပ်မြန်သော ဂိုဏ်းချုပ်ကြီးသည်....

ချွန်းယိကို နောက်ကျောမှအကြောပိတ်၍ သယ်ယူပျောက်ကွယ်သွားသည်။

စုဝေယန်လည်း....

သိုင်းလုလင်နဲ့ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းမပြုတော့ဘဲ သူတို့ရှေ့မှပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နှင်းဆီမြင်လိုက်သည်။

'သမီးလိုက်သွားမှဖြစ်မယ် မေမေ'

အမေဖြစ်သူအား ပြောလိုက်သည်။

အမေဖြစ်သူသည် ပြုံးပြီး....

'လိုက်သွားစရာမလိုပါဘူး သမီးရယ်'

'သူဟာ စွေထန်းရွာက သိုင်းသမားပါအမေ၊ သူတို့ရဲ့ သိုင်းလောကနဲ့ စေတနာဟာ ထန်ဖိုးကြီးပါတယ် အမေရယ်'

'ဟုတ်ပါတယ် သမီး၊ ဒီကိစ္စမှာ သမီးဝင်မကူသည်း ဖြစ်ပါတယ်'

အမေပြောသောစကားကို အစ်ကိုဖြစ်သူ ပုလင်သည် ညီမဖြစ်သူ နှင်းဆီအား ခေါင်းကလေးကိုင်၍...

'အစ်ကို စွေထန်းရွာက သိုင်းသမားတွေကို အသိအမှတ်ပြုလို့ပဲ ညီမလေးရယ်၊ တို့အိမ်ကိုခေါ်ပြီး ဆေးကုပေးခဲ့တာပဲ၊ ဒါဟာ တို့က သူ့ကို အသိအမှတ်ပြုလိုက်တာပေါ့'

'ညီမလေးကတော့ အစ်ကိုချွန်းယိကို လိုက်ကူစေချင်တယ် အစ်ကို'

နှင်းဆီထိုသို့ပြောလိုက်စဉ်...

'စိတ်မပူပါနဲ့ သမီး'

ဘုန်းကြီးတစ်ပါး၏ အသံထွက်လာသည်။



'သူတို့နှစ်ယောက် တောင်ပေါ်ရောက်သွားကာ သစ်ပင်ခြေရင်းတွင် တရားထိုင်နေစဉ် ဘုန်းကြီးဖြစ်သည်။

'ဒကာမလေး.. ကျုပ်ကို မှတ်မိလား'

နှင်းဆီနှင့် ရင်ကျေ့သည် အမေဖြစ်သူမျက်နှာကို ကြည့်နေကြသည်။

အမေဖြစ်သူသည် သားနှင့်သမီးကိုတလှည့် ဘုန်းကြီးကို တလှည့်ကြည့်နေသည်။

'ဟာ... ဘိုးဘိုး'

'ဟုတ်တယ်၊ ဘိုးဘိုးသူဝတ်ကြောင်ကို စွန့်ပြီး သာသနာ့ဘောင်ကို ဝင်လိုက်ပြီ'

အမေဖြစ်သူမျက်ရည်များပင် ကျနေသည်။

'သားတို့သမီးတို့ ဒီစွေထန်းရွာကို သိုင်းသမားလေးအပေါ် တော်တော် သံယောဇဉ်ကြတယ် ထင်တယ်'

'ဟုတ်ပါတယ် ဘိုးဘိုး'

'အေး၊ သူဟာ တကယ့်တော့အ ဆင့်မြင့်သိုင်းသမားတစ်ယောက်ပါ၊ သူ့ကို သခင်မလေးဟာ ရက်စက်မှာမဟုတ်ပါဘူး'

ဘုန်းကြီးသည်...

သူ၏ထင်မြင်မှုကို ပြောပြနေသည်။

'သမီးတော့ သူ့ ဆီလိုက်ပြီး ကယ်ချင်တယ်ဘိုးဘိုး'

နှင်းဆီ အဘိုးဖြစ်သူကို အားကိုးတဲ့အမူအရာနှင့် ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးဖြစ်သူသည် မြေးမလေးအား....

'ငါ့မြေး ဘာမှစိတ်မပူပါတော့၊ အဘိုးကျောင်းကိုလိုက်ခဲ့၊ ကျောင်းရောက်ရင် ငါ့သမီးတို့ရဲ့ ဇွဲထန်းရွာသားလေးအတွက် လွတ်ရာလွတ်ကြောင်း တိုင်ပင်ကြတာပေါ့ ဟုတ်လား'

ဘုန်းကြီးပြောသည်ကို....

အားလုံး သဘောတူလိုက်ပြီး ဆင်ခြေလျှော အတိုင်းကျောင်းရှိရာသို့ ဆင်းလာခဲ့ကြသည်။

....★....

## နောက် ကွယ် က အ ဖြစ် ပျက်

---

အသူရာဂိုဏ်း....။

လှည်းယဉ်များ ကျင်းစန်းတောဝင်ပေါက် သိုင်းသင်ကြားနေသည်။

အားလုံး အသက်နှစ်ဆယ် လုလင်များ ဖြစ်ကြသည်။

သူတို့တစ်ကိုယ်လုံး ချွေးများဖြင့် ရွှဲနစ်နေကြသည်။

ဒါပေမယ့်....

မနားမနိုင် မပမ်းနိုင်၊ လုလင်တို့ သင်ယူနေကြသည်။

ဒါကို စံကျောင်းမဟာဂေဟာပေါ်မှ....

မိုက်ဆိတ်ဖြူနှင့် လူကြီးတစ်ယောက် တပည့်များကိုကြည့်ပြီး ပီတိဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စုစီကျောင်းတစ်ယောက်တည်း....၊

ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်နေသည်၊

သူ တစ်ခုခုကို ဆုံးဖြတ်ရန် ခက်ခဲနေသည်၊

သမီးလေး စုစီကိုလည်း သတိရနေသည်၊

သူ ဘဝတစ်လျှောက်လုံးတွင် သိုင်းပညာဆီသာ အာရုံ ပေးခဲ့ရသည်၊ သားသမီးများကို စောက်ရှောက်နိုင်ခြင်း မရှိခဲ့ပေ၊

ဒါကို သူနောင်တရပါသည်၊

သို့ပေမယ့်...သူနောက်ကျသွားခဲ့သည်၊

သူ တစ်ခန့် ရွာကိုပြန်ရောက်တော့....

အိမ်ရှေ့တွင် ဆွေမျိုးများစုံညီစွာ တွေ့ရှိရသည်၊

စုစီကျောင်း စိတ်ပူသွားသည်၊

မိမိအိမ်ရှေ့တွင်....

လူအများ ဒီဇလောက်များနေခြင်းသည် သူ့အဖို့ ဒုံးဩ နေသည်၊

'ဘာဖြစ်ကြလို့ လဲခင်ဗျာ'

အနီးရှိ အဘိုးအိုတစ်ဦးအား သူ မေးလိုက်သည်၊



အဘိုးအိုသည် မျက်နှာမကောင်းစွာဖြင့် သူ့ကို ကြည့် ပြီး....

'မင်း မိန်းမကို သင်္ဂြိုဟ်ပြီး ပြန်လာကြတာ'

စုစီကျောင်း စိတ်ထိန်းလိုက်ပေမယ့် မရ၊

သူ့အဖို့....

ဇနီးနှင့်သမီးအပေါ် တာဝန်ပျက်ကွက်မှုကြောင့် ဒီလို ဖြစ်ရသည်ဟု သူထင်လိုက်သည်၊

မိမိနှင့်အတူပါလာသောဓားကို ဆွဲထုတ်လိုက်မိသည်၊

ဒါကို အဘိုးအိုမြင်၍....

'ဒီလို စိတ်လိုက်မာန်ပါမလုပ်ပါနဲ့ စုစီကျောင်း၊ မင်းမှာ သမီးလေးတစ်ယောက် ကျန်ပါသေးတယ်'

ထိုအချိန်တွင်....

သမီးဖြစ်သူ စုစီသည် မောင်လေး ချူအင်းနှင့် စားပွဲ တွင် ထိုင်နေကြသည်

သူ့မှာ ဒီကလေးနှစ်ယောက်၏တာဝန် ရှိနေသေးသည်၊

သမီးနှင့်သားကို သူ နှစ်သိမ့်ရပြန်သည်၊

www.burmeseclassic.com

www.burmeseclassic.com



မိမိဒုက္ခထက် သားသမီးတို့၏ဒုက္ခကို သူတန်ဖိုးထားရပြန်သည်။

မိခင်ဖြစ်သူကို လွမ်းဆွတ်နေကြသော သားနှင့်သမီးသည် ဖခင်ကိုမြင်သောအခါ ပို၍ အားကိုးမိကြပြန်သည်။

သူတို့သားအဖသုံးယောက်....

'ဖေဖေ....ဒီတခါ သမီးတို့ကို ခိုမသွားပါနဲ့တော့နော်'

သမီးကြီးက တောင်းပန်စကား ပြောသည်။

'သားတို့မောင်နှမနဲ့အတူ အဖေ အေးအေးဆေးဆေး နေလို့ရပါပြီ အဖေရယ်'

မျိုးအင်း စိတ်မကောင်းစွာဖြင့်ပြောသည်။

သူစဉ်းစားသည်။

ဇကယ်တော့ တိုတောင်းသောဘဝလေးတွင် သားသမီးတို့နှင့် သူအသက်ထက်ဆုံးနေဖို့ ဆုံးဖြတ်လိုက်သည်။

ကျောင်းဂေဟာ....။

စိမ်းလန်းတဲ့တောအုပ်ကလေး၊

ချောင်းကလေးဘေးက ယာတဲ၊



သူတို့ဘဝ သာယာကြည်နူးမှုပင်။

သစ်ပင်စိုက်ပျိုးရင်း သူတို့ဘဝလေးကို ဇာတ်မြှုပ်နေကြသည်။

သူတို့တွေနှင့်အတူ....

အဖော်ဆို၍ မိဘတွေလက်ထက်ထဲက အထိန်းတော်ကြီး တစ်ယောက်သာ ရှိသည်။

လေးဦးစလုံး၏ဘဝသည် သာယာစိုပြေနေကြသည်။

ထမင်းဝိုင်းတွင် ဖြစ်သည်။

'ဖေဖေ သင်ပေးတဲ့ သိုင်းပညာကို သားတို့သမီးတို့ လိုက်နိုင်ရဲ့လား'

စုစီကျောင်းမေးလိုက်သည်။

'ဟုတ်ကဲ့ ဖေဖေ၊ လိုက်နိုင်ပါတယ်'

'အေး....အေး၊ လူဆိုတာ မိမိကိုယ်ကို ကာကွယ်ဖို့တော့ ပညာတစ်ခုတော့ တတ်ထားသင့်တယ်'

အဖေဖြစ်သူသည်....

သားသမီးတို့ကို ဆုံးမဩဝါဒပေးတဲ့စကား ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'သားခေတ္တဘော့ ဒီပညာတွေကြောင့် အဖေလို ဖြစ်မှာစိုးသယ်'

စုစီကျောင်း စိုးရိမ်စိတ်ဖြင့်ပြောသည်။

'ငါ့သားဟာ အဖေလို့မဖြစ်စေရပါဘူးကွာ'

'ဟုတ်ကဲ့ပါ၊ သားလဲကြိုးစားပါ့မယ်'

သူတို့ ထမင်းဝိုင်းသည်....

စကားများပြောဆိုရင်း စားသောက်ကြခြင်းဖြစ်သည်။

ဒါကို....

တစ်နေရာမှကြည့်နေသော အထိန်းတော်ကြီးသည် သူတို့သားအဖကိုကြည့်ပြီး ပီတိဖြစ်နေသည်။

ထိုအချိန်တွင်....

မြင်းစီးလုလင်လေးယောက် သူတို့အိမ်ဂေဟာသို့ ရောက်ရှိလာကြသည်။

စုစီကျောင်း ရောက်လာသော မြင်းစီးလုလင်တို့ကို မမြင်ဖူးပေ။

သူ အဆင်သင့် ဓားကိုကိုင်လိုက်သည်။



ခါပေမယ့်....

လုလင်တို့သည် သူတို့ မြေတွင်ခါးထောက်၍ ဂါရဝပြုကြသည်။

'ဆရာကြီးကို အရိုအသေပြုပါတယ်'

စုစီကျောင်း ပြန်ပြီးအသိအမှတ်ပြုနေလိုက်သည်။

'လုလင်တို့ကိစ္စကို ပြောပါဦး'

သူ့တို့ဆီတွင် စာတစ်စောင်ပါလာသည်။

ခေါင်းဆောင်ဟုထင်ခံသော လုလင်တစ်ဦးက ထိုစာကို လှမ်းပေးလိုက်သည်။

မိတ်ဆွေ စုစီကျောင်း....

ကျွန်ုပ် သင့်ကိုသတိရနေပါတယ်၊ သင်နဲ့ မတွေ့တာ နှစ်ကြွေ အတန်ကြာခဲ့ပါပြီ၊ သို့အတွက်ကြောင့် တွေ့ချင်ပါသည်။

သင်လဲ ကျွန်ုပ်ကိုတွေ့ချင်လိမ့်မည်ဟု ထင်ပါသည်၊

ကျွန်ုပ် တပည့်များကလဲ သင့်ကိုတွေ့ချင်ပါသည်။

အကျိုးတစုံတရာရှိမည်ဟု ကျွန်ုပ်ကတိပေးပါသည်။

ဇင်ကျောင်း

ဇူဝိန်ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



စုစီကျောင်း စာဖတ်ပြီးတော့ ရှိုက်ကြီးသည်။

သူ့မျက်နှာ အရောင်တက်လာသည်။

တကယ်တော့....

သူ့ကို စာဖြင့်အကြောင်းကြားလိုက်သောသူ ဇင်ကျောင်းသည် တစ်ချိန်တုန်းက သူတို့ကူညီခဲ့ဖူးသောသူ တစ်ယောက်ပင်....။

အချိန်းကား ညနေချိန်....။

စုစီကျောင်း အသက်နှစ်ဆယ်အရွယ်လောက် ဖြစ်သည်။

သူ့ မြို့ကိုတက်ပြီး စားဖို့ ရိက္ခာအဝယ်ထွက်ရသည်။

မြို့ကအပြန် သူ့ နောက်ကျနေ၍ မြင်းကိုဒုန်းစိုင်း၍နှင်လာရသည်။

ရွာတွင် နေ့ညပွဲတော်ရှိသည်။

ထိုပွဲတော်ကို သူ အမှီပြန်ရမည်။

အိမ်ပြန်စောလျှင်....

စောသလောက် အကျိုးရှိမည် ဖြစ်သောကြောင့် သူ ခရီးတွင်ဖို့သာ သူ့စိတ်ထဲစွဲနေသည်။

တကယ်တော့....

လမ်းခရီးသည် သူထင်သည့်အတိုင်း ဖြစ်မလာခဲ့ပါ။



သူဖြတ်မည့်လမ်းတွင် မြင်းလှည်းတစ်စီး ပိတ်ရပ်ထား၏။

ရထားကိုကြည့်လိုက်သည်နှင့် သူသိသည်။

'ဩ၊ နယ်ဝန်မင်း မြင်းလှည်းပဲ'

နယ်ဝန်မင်းမြင်းလှည်းဖြစ်နေ၍ သူ့မြင်းကို ဖြည်းဖြည်းလျှောက်လာသည်။

မြင်းလှည်းထဲတွင် လူတစ်ယောက်မျှမတွေ့ရပေ၊

သူသွေးေတွဲနေရာတွင် မြင်းလှည်းချည်းသက်သက် ဖြစ်နေသည်။

ခြေရာလက်ရာပျောက်နေသော မြင်းလှည်းကိုကြည့်ပြီး သူမသက်သာပေ။

ဝန်းကျင်တစ်ခုလုံးတော့ တိတ်ဆိတ်နေကည်။

'ဝုန်း....'

သူ့နောက်က အသံတစ်သံဖြစ်သည်။

သူလှည့်ကြည့်လိုက်တော့ သစ်ပင်တစ်ပင် လဲကျသွား၏။

ဆက်တိုက်ဆိုသလို....

'ဝုန်း.... ဝုန်း'

သစ်ပင်များ တစ်ပင်ပြီးတစ်ပင် လဲကျနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ထွက်ပေါက်မရှိတော့ပေ။

သူ ထွက်ပေါက်ပိတ်ပြီ။

တစုံတစ်ယောက်ကကြံစည်မှန်း သိလိုက်သည်။

သူ မြင်းဇက်ကို ထိန်းထားလိုက်သည်။

သူ သစ်ပင်ထိပ်တွင် လူတစ်ယောက်ကို တွေ့လိုက်သည်။

ထိုသူထံသို့ စုစီကျွင်း ကိုယ်ဖော့၍လိုက်တက်သည်။

သူတို့ သစ်ပင်ပေါ်ကလူသည် တစ်ယောက်တည်းမဟုတ်။

သစ်ပင်လေးပင်နှင့် လူလေးယောက်....။

စုစီကျွင်း ထိုလူတွေ၏ သိုင်းပညာအရည်အချင်းကို တွက်လိုက်သည်။

လေသိုင်းပညာ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ထားသူများ ဖြစ်ပေသည်။

ထိုသူလေးယောက် မြေပေါ်သို့ ခုန်ဆင်းလိုက်ပြန်သည်။

မြင်းလှည်းအနီးတွင် စုစီကျွင်းရပ်နေသည်။

သိုင်းလုလင်လေးယောက်ကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။

သူတို့မျက်နှာများနှင့် မျက်နှာချင်းဆိုင်မိကြသည်။



စတင်တိုက်ခိုက်ပြီ....။

လေးဦးစလုံး၏သိုင်းကွက်များ သူ့ဆီသို့တဟုန်ထိုး ဝင်ရောက်လာသည်။

မြားဦးကဲ့သို့ သူတို့သည် မြန်လှသည်။

စုစီကျွင်း လှဲချလိုက်သည်။

လေးဦးစလုံး သူ့ကိုကျော်၍ ဝါးနှစ်ပြန်လောက်အထိ ရှေ့လျှားသွားသည်။

သိုင်းသမားတို့၏ တိုက်ခိုက်မှုသည် သူ့ကိုမထိပေ။

စုစီကျွင်း တစ်ချက်မျှအလွတ်မပေးသေး။

သူတို့လေးဦး၏ သိုင်းပညာသည်....

အဆင့်မြင့်သိုင်းသမားတို့၏ ပညာရပ်ဖြစ်နေသည်။

သိုင်းလောကတွင် စကြာသိုင်းဟုခေါ်သောလေးယောက်ပေါင်းတိုက်ကွက်ဖြစ်သည်။

စကြာပုံသဏ္ဌာန်ဖြစ်အောင် ပြုလုပ်ပြီး တိုက်ခိုက်သောပညာရပ်ဖြစ်သည်။

ဒါတော့ စုကျွင်းသိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တိုက်ကွက်မျိုး သူလေ့ကျင့်ပြီးသားဖြစ်သည်။

သူတို့လေးဦး တစ်ဦးလျှင် ငါးပေအကွာတွင် ရပ်နေကြသည်။

သူတို့ရှေ့တည့်တည့်တွင်....

စုစီကျောင်းတစ်ယောက်တည်း ဓားကိုင်ထားသည်။

သိုင်းသမားလေးဦး တစ်ဦးချင်းဝင်ရောက်၍ ခုတ်သည်။

'ချွမ်း....ချွမ်း'

သူတို့ဓားရေးကို တိမ်းရှောင်နေရသည်။

တစ်ယောက်ချင်းမှ နှစ်ယောက်တစ်ယောက်၊

သုံးယောက်နှင့် တစ်ယောက်၊

လေးယောက်နှင့် တစ်ယောက်၊

ပွဲက အခြေအနေဆိုးလာသည်။

လေထဲတွင်....ဝှေ့ဝိုက်နေသော ဓားရောင်များသာ မြင်ရသည်။

'ဟား....ဟား....ဟား'



ရုတ်တရက်....

'လေးယောက် တစ်ယောက်ကတော့ ကြည့်မကောင်းပါဘူး'

စကြာသိုင်းသမားတို့သည်....

အပြင်မှဝင်ရောက်နှောင့်ယှက်သူ လူလင်ကို မနှစ်သက်သော အမူအရာဖြင့်....

'ကိုယ့်လမ်းကိုကိုယ် လျှောက်ပါမိတ်ဆွေ'

'ကိုယ့်လမ်းကိုယ်လာရင်းနဲ့ မတန်မရာတွေ့လို့ ကျုပ်ခြေထောက် ဝင်နားတာပါ'

တစ်ဦးတည်းသော လူလင်က ပြောသည်။

ဒါကို စကြာသိုင်းသမားတို့ မကျေနပ်ကြပေ။

'ဒီလောက်ကောင်း ဝင်ရှုပ်ချင်တဲ့ကောင်'

တိုက်ပွဲက....

ဖိတ်ခေါ်မှုမပါပဲ ဖြစ်ပြန်သည်။

တစ်ဖက်က လေးယောက်၊ တစ်ဖက်နှစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ကူညီတိုက်ခိုက်မည့်လုလင်သည် စုစီကျောင်းဆီသို့တိုးပြီး ပူးကပ်လိုက်သည်။

စကြာသိုင်းသမားတို့ တိုက်ကွက်များကို သူတို့ အေးဆေးစွာ တန်ပြန်တိုက်ခိုက်နိုင်သည်။

စကြာသိုင်းသမားတို့သည်....

သူတို့ယှဉ်နိုင်မှန်းမရှိတော့၍ တခဏအတွင်း ကိုယ်ဖော့၍ ထွက်ပြေးပျောက်သွားကြသည်။

ခုမှ....

စုစီကျောင်း အသက်ရှူချောင်သွားတော့သည်။

သိုင်းလုလင်က....

'မိတ်ဆွေရဲ့ သိုင်းပညာ လေးစားလောက်ပါတယ်'

စုစီကျောင်း ဂါရဝပြုလိုက်ပြီး....

'ဆင်ကူညီလို့ပါ'

သူတို့နှစ်ယောက်....

တစ်ဦးကိုတစ်ဦး တကယ့်မိတ်ဆွေရင်းချာ ဖြစ်သွားကြသည်။



နောက်ပိုင်းတွင်....

စုစီကျောင်းနှင့် ဇင်ကျောင်းတို့လျှင် သိုင်းလောကသားတို့ မဆ်သလောက် ဖြစ်သွားကြသည်။

စတင်သိတဲ့နေ့ကလည်း....

ဇင်ကျောင်းသည် စုစီကျောင်းတို့အနားက ပွဲတော်သို့လာရင်းနှင့် တွေ့ဆုံရခြင်းဖြစ်သည်။

နောက် သုံးနှစ်လောက်ကြာသောအခါ....

စုစီကျောင်းသည် တုရင့်တပ်ဘင် အမှုထမ်းရန်ထွက်သွားပြီး ဇင်ကျောင်းသည် နဂါးနက်ဂိုဏ်းသို့ ဝင်ရောက်သွားကြောင်း သတင်းရကြသည်။

ထိုစဉ်က....

တစ်ဦးနှင့်တစ်ဦး တကယ့်အခက်အခဲ အရေးအကြောင်းရှိပါက အချိန်မရွေး မှာနိုင်ကြောင်း သစ္စာပြုကြသည်။

ဒါကြောင့်....

စုစီကျောင်းသည် ဇင်ကျောင်းထံသွားဖို့ ဆုံးဖြတ်လိုက်၏။

ထိုနေ့မှစ၍....

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဇင်ကျော်း၏ လက်ခုပ်ထဲက ခရုဖြစ်သွားတော့သည်။

သိုင်းသင်တန်းတစ်ခုပြီးတစ်ခုပေးနေရသေးသည်....

တကာယ်အရေး ဆုံးဖြတ်ချက်များကို ဇင်ကျော်းကိုယ်တိုင်ဦးစီး၍ သူ့တပည့်များကို ရွေးစေခိုင်းတော့သည်။

အချိန်ကြာလာသည်နှင့်အမျှ....

ဇင်ကျော်း၏ အကောက်ကြံစိတ်မှာတကို သူသတော်ပေါက်လာသည်။

သူသင်ပေးနေသောပညာဖြင့်....

လူတစ်ဦးပြီးတစ်ဦးကို ရက်ရက်စက်စက် သတ်ကြသည်။

စဉ်းလဲသုတ်မာသောအကြံတို့ဖြင့်....

အခြားသူများကို အခြားအဖွဲ့များကို ဖြိုခွဲသည်။

ဒါကြောင့် စုစီကျဉ်းနှင့် ဇင်ကျော်း မတည့်တော့ပေ။

မိမိအကျိုးကိုမလိုက်လျောနိုင်သောအခါ....

ဇင်ကျော်းသည် စုစီကျင်းကို တန်ဆာခံအဖြစ်ဖမ်းထားပြီး သမီးဖြစ်သူ စုစီနှင့် သားဖြစ်သူ ချူအင်းတို့ကို ခြောက်၍ သူခိုင်းသမျှလုပ်ပေးရန် အမြဲတမ်းသိမ်းသွင်းထားသည်။



ဒါကို စုစီရော၊ ချူအင်းပါ....

အဖေလွှတ်ဖို့ကြိုးစားရင်း ဇင်ကျော်း၏ လှည့်ကွက်ထဲတွင် တဝဲလည်လည် ဖြစ်နေသည်။

....★....

www.burmeseclassic.com

www.burmeseclassic.com

## ရန်သူမဟုတ် မိတ်ဆွေမဟုတ် မေတ္တာ

နဂါးနက်ဂိုဏ်းဂေဟာ...။

ကျွင်ရေမြို့၏ တောင်ဘက်....

အရှေ့တွင် ကျူပင်မြစ်စီးဆင်းနေသည်။

တစ်ကိုယ်တည်း မားမားမတ် တောင်ကြီးတစ်ခုကို ကျော ပေးထားသည်။

အဝေးမှ...

ရန်သူများလာလျှင် အဆင်သင့်တွေ့မြင်နိုင်သောတောင်ကမူ လေးတွင် မြို့စား နန်းတော်တမျှ အဆောက်အဦးကို တည် ဆောက်ထားသည်။



ထိုအဆောက်အဦးသည်....

နဂါးနက်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနေသောနေရာ အစောင့် အကြပ်တွေ ထူထပ်စွာ ချထားသည်။

သူတို့....

အစောင့်ချထားသော သူများအားလုံး သိုင်းသမားတွေ ချည်းဖြစ်သည်။

သိုင်းသမားတို့၏....

အစောင့်အရှောက်ဖြင့် ပိတ်ဆို့နေသောဂေဟာကို အပြင် လူ မည်သူမျှ ဝင်ရောက်လာဖို့ မလွယ်ကူပေ။

အတွင်းမှလူလည်း....

အပြင်သို့ တော်ရုံနှင့်ထွက်လို့မရအောင် ရှိသည်။

ဒါကြောင့်....

နဂါးနက်ဂိုဏ်းကို သစ္စာဖောက် ပုန်ကန်ထွက်ပြေးဖို့ဆိုတာ လည်း လွယ်ကူသော အလုပ်မဟုတ်။

ဒါကြောင့်....

ဒီအထဲရောက်တဲ့သူတိုင်း နဂါးနက်ဂိုဏ်း၏ သစ္စာခံတွေ သာ ဖြစ်သွားကြသည်။

ကျားသားရေခင်း ထိုင်ခုံပေါ်တွင်....

www.burmeseclassic.com



သခင်မလေးစုဝေယန်တစ်ယောက် ထိုင်နေသည်။

သူမ၏ချောမောလှပမှုသည်....

ဤသို့တိုင် ရှိနေစဉ်တွင်ပင် ပို၍သိသာထင်ရှားပေသည်။

သူမ၏ရှေ့တွင် ခံစားနေသော....

မိန်းကလေးအများအပြားရှိနေပေမယ့် သူမ၏အလှအပကို မည်သူမျှ မမီပေ။

ထိုအလှအပကြောင့်ပင်....

သူမသည် လိုတာထက်ပို၍တည်နေသည်။

မာနပိုရှိနေသလို ထင်ရနေရသည်။

တစ်ခါတစ်ရံ....

ပြုံးသည့်အချိန်ပင်လျှင် ပို၍တည်တည်ကြည်ကြည်အပြုံးဖြစ်သည်။

ဒါပေမယ့်....

ဒီကနေ့ သူ့စိတ်ထဲတွင် ဖြစ်ပေါ်နေသော စိတ်အလျှင်ကိုတော့ မည်သူမျှ မသိနိုင်။

ဝေခွဲပေးနိုင်မှာ မဟုတ်ပေ၊

သူအောရုံများ ဒီကနေ့ထူးခြားနေသည်။

တစ်ခုခုကို....

သူ ပြုတ်ပြုတ်သားသား ပြုလုပ်ရန် သူစဉ်းစားနေရသည်



သူမ၏စိတ်လှုပ်ရှားမှုများကို....

မည်သူမျှ တိုင်းတာ၍ရမည် မဟုတ်ပေ။

သခင်မလေး၏ရှေ့တွင်....

ကြိုးတုပ်ထားသောလူလင်တစ်ယောက်။

လောကကြီးကို....

ဂရုမစိုက်သည့်အသွင် ရပ်နေသည်။

သူ....

ကျွန်းသားရေပေါ်တွင် ထိုင်နေသော မိန်းကလေးကိုမှင်စိုက်ကြည့်နေသည်။

ဒါကို....

သခင်မလေး မနေတတ်မထိုင်တတ် ဖြစ်နေသည်။

သူကတော့....

ကြည့်ကောင်းသလောက် ကြည့်နေသည်။

'မင်း အခုအချိန်မှာ ပြန်လည်ခုခံချင်တဲ့စိတ်မရှိဘူးလား'

သခင်မလေး မေးနေသည်။

ချွန်းယိကတော့ မချိပြုံး ပြုံးလိုက်သည်။

'ဒီမှာ ကြိုးတုပ်ထားတဲ့လူတစ်ယောက်ကို ခင်ဗျားမို့ မေးရက်တယ်'

သူ ကြိုးစတစ်စကိုကိုင်ပြီး ပြောလိုက်သည်။

'ဟော.... သူ့ကိုကြိုးဖြေပေးလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



အရပ် ထောင့်ထောင်မောင်းမောင်းနှင့် အမျိုးသမီးတစ်ဦး သခင်မလေးရှေ့သို့ ရောက်လာသည်။

ပြီးနောက် အရိုအသေပြုသည်။

'သခင်မလေး သူ့ကိုကြိုးဖြေရင်း တော်တော်ကြာ သူ ထွက်ပြေးသွားမှာပေါ့'

အစောင့်အမျိုးသမီး စိုးရိမ်စွာနှင့် ပြောသည်။

ဒါကို သခင်မလေး ပြုံးပြီး....

'ကြိုးသာဖြေပေးလိုက်ပါ'

အမျိုးသမီးနှစ်ယောက် သူ့ကို ကြိုးဖြေပေးသည်။

သူ့ကိုယ်ပေါ်တွင်....

တုပ်နှောင်ထားသော အရာတစ်ခုမှ မရှိတော့။

သခင်မလေးစိတ်ထဲတွင်....

သူ့ရဲ့ ယောကျ်ားပီသတဲ့အမူအရာကို ဝေခွဲမရဖြစ်နေသည်။

ချန်းယိကတော့မလှုပ် ခြေစုံရပ်နေသည်။

'ရှင်ထွက်ပြေးပြေး၊ ခုခံ ခုခံရပြီလေ'

သခင်မလေးစိတ်ထဲက တကယ်ပြောသလို ဖြစ်နေသည်။

ချန်းယိ ခေါင်းခါယမ်းပြီး....

'ကျုပ် ဘယ်တော့မှ ထွက်မပြေးပါဘူး'

သခင်မလေး ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဘာဖြစ်လို့လဲ'

ပထမတစ်ချက်ကတော့ ဦးလေးနဲ့အခေါ်ကိုသတ်တဲ့တရားခံကို သိချင်နေသေးလို့'



'ဒုတိယအချက်ကကော'

ချန်းယိ ပြောသင့်မပြောသင့် စဉ်းစားနေသည်။

သခင်မလေးက သူ စကားမဆက်သောကြောင့်....

'ဒုတိယအကြောင်း ဆက်ပြောပါ'

'ကျုပ် ခင်ဗျားရှေ့က ထွက်မသွားချင်သေးဘူး'

သူ့စကားကြောင့်....

သခင်မလေးမျက်နှာ နီမြန်းသွားသည်။

သူ ချန်းယိမျက်နှာပင် မကြည့်ရဲတော့ပေ။

မိန်းကလေးတစ်ယောက် အနေဖြင့်....

သွယ်ဝိုက်သောပြောခြင်းမျိုး သူခံစားလိုက်ရသည်။

အနားတွင်ရပ်နေသော မန်စီစီမ်းပင် လက်ကလေးကိုင် ထိုက်သည်၊

စုဝေယန် ဘာစကားဆက်ပြောရမည်မှန်းပင် မသိဘဲ....

'ရှင်....'

'ကျုပ်ဗိုက်ဆာနေ၍'

'ဟုတ်ပါတယ် သခင်မလေးရယ်၊ ဧည့်သည်သဲ ဗိုက်ဆာနေပြီ'

မန်စီစီမ်းဝင်ပြောမှ ရှုပ်သလိုဖြစ်သွားသည်။

'ဒါ ဧည့်သည်လား'

စုဝေဟန် စိတ်ဆိုးဟန်ဆောင်၍ မိန်းကလေးကို ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး ဘာမှမပြောဘဲ သူလုပ်စရာရှိတာတွေ ဆက်လုပ်နေသည်။

ချန်းယိက....

မိန်းကလေး အခန်းတစ်ခုထဲသို့ ခေါ်သွားသည်။

သည်အခြေအနေရောက်မှ သူ အဆင်ပြေအောင်နေရတော့မည်ဖြစ်သည်။

'မိန်းကလေးကမှ ကြင်နာတတ်သေးတယ်'

ဖူးဝယန်သည်....

ချန်းယိပြောသောစကားကို မကျေနပ်ပေ။

ဒါပေမယ့်....

မဆီဟန်ဆောင်နေလိုက်သည်။

သူမစိတ်ထဲတွင်....

ချန်းယိနှင့် အစေခံမိန်းကလေး အတူထွက်သွားသည်ကို မကျေနပ်သလို....။

သဝန်တိုသလို၊ စိတ်ပချသလို၊ တစ်စုံတစ်ခု စိတ်ထဲတွင် အလိုမကျဖြစ်နေမိသည်။

မန့်စီစိမ်း စီစဉ်ထားပေးသော....

ထမင်းစားနေစဉ် သူ့ခေါင်းထဲတွင် စဉ်းစားစရာတွေ ပြည့်နှက်လာသည်။



သူဘာကြောင့် ထွက်မပြေးဖို့ စိတ်မကူးရသလဲ။

တကယ်လာရင်း ကိစ္စကလည်း....

ဦးလေး၏အမှုကိစ္စပင်ဖြစ်သည်။

သည်ကိစ္စ....

အမှုမှန်ပေါ်ပေါက်ရေးသည် သူ့အတွက် အရေးကြီးဆုံးသော တာဝန်တစ်ခုဖြစ်သည်။

သည်တာဝန်တွေကို သူ မထမ်းဆောင်နိုင်ပါက....

သူသည် ရွှေထန်းရွာသားတစ်ဦးအဖြစ် ရပ်တည်ဖို့ခက်ခဲပေလိမ့်မည်။

တာဝန်တွေ....

တစ်ပိုင်းတစ်စနှင့် နီးစပ်လာသောအဖြေတို့ကို ထမင်းစားရင်း စဉ်းစားမိသည်။

'အစ်ကိုက ရွှေထန်းရွာကနေဒီ'

မန်စီစိမ်းသည်....

သူထမင်းစားနေစဉ် တောက်လျှောက် သူ့ကိုထိုင်ကြည့်နေမှန်း သူအခုမှ သတိထားမိသည်။

'ဟုတ်ပါတယ်၊ ဘာဖြစ်လို့မေးတာလဲ'

မိန်းကလေး ရှက်သွားသလိုဖြစ်ပြီး....

'ဘာမှမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူ မိန်းကလေးကိုတစ်ချက်ကြည့်ပြီး....

'ပြောပါ ရပါတယ်၊ နားထောင်ပေးပါ့မယ်'

မိန်းကလေးစဉ်းစားပြီး....

'ကျွန်မတို့ဂိုဏ်းနဲ့ အဲဒီခွေထန်းရွာ အဲတော့ကိုသံယောဇဉ်ဖြစ်ကြတာပဲပေါ့'

သူ မသိသလိုဖြင့်....

'ဘယ်လိုသံယောဇဉ်တွေ ဖြစ်ကြလို့လဲ၊ တို့က ကြားဖူးစာတွေရှိတယ်'

'ဒီနဂါးနက်ဂိုဏ်း သခင်မလေးတစ်ယောက်ဟာ ခွေတန်းရွာက သိုင်းသမားတစ်ယောက်နဲ့ ချစ်ကြိုက်မိပြီး အနှောင်အယှက်တစ်ခုကြောင့် သူတို့နှစ်ယောက်ဟာ ကွဲကွာသွားကြရတယ်'

ချန်းယိ သဲလွန်စတစ်ခုရနိုင်သည်ဟု ထင်ပြီး....

'အဲဒီသခင်မလေးမှာ တခြားတစ်ယောက်ကလဲ ကြိုက်နေတဲ့အတွက် အဲ့ဒီလူကို သခင်မလေးက မကြိုက်ဘူးရှင့်၊ ဒါကြောင့် သူ့ရဲ့နှောင့်ယှက်မှုအမျိုးမျိုးကို ခံစားရပြီး သခင်မလေးဟာ လူပတ်ကြောင်တစကို စွန့်သွားတယ်'

ချန်းယိ စိတ်ဝင်တစား နားထောင်နေသည်။

'သူ့နာမည်က ဇင်ကျန်းလို့ခေါ်တယ်၊ အဲဒီလူဟာ ဘယ်လောက်အထိဆိုးသလဲဆိုရင် ရှင်တို့ခွေထန်းရွာ တစ်ရွာလုံးကို



အဓိဂိုဏ်းတကြီးနဲ့ အမှုန့်ဖြစ်အောင် ချေမှုန်းဖို့ သူအမြဲကြံနေတယ်'

ချန်းယိ မျက်လုံးပြူးသွားသည်။

သည်လောက်ဆိုးတဲ့သူကို....

သူ ယခုမပင် တွေ့ချင်စိတ်ပေါ်ပေါက်လာသည်။

မိန်းကလေးရိပ်မိမည် စိုးသောကြောင့် စိတ်ထိမ်းထားလိုက်သည်။

ထိုစဉ်....

အပြင်တွင် လူရိပ်တစ်ခုမြင်လိုက်သောကြောင့် ချန်းယိက မိန်းကလေးကို....

'ရှူး....'

ဆက်မပြောတော့ ရပ်ထားလိုက်သည်။

သူ ထမင်းကိုသာဆက်စားနေသည်။

ထမင်းစားပြီး ပြန်ထွက်လာသည်အထိ သခင်မလေးထိုင်နေတုန်းပင်။

ချန်းယိ သခင်မလေးတို့ အရှိအသေပြုလိုက်သည်။

'ထမင်းစားလို့ ကောင်းရဲ့လား'

ချန်းယိ ဗိုက်ပွတ်ပြီး....

www.burmeseclassic.com

www.burmeseclassic.com



'စေတနာနဲ့ကျွေးတဲ့ထမင်းမို့ တကယ်ကောင်းတယ်'

စုဝေယန်မဲ့ပြုံး....

'ဒါ နှပျော်ပွဲစားထွက်လာတာ မဟုတ်ဘူးနော်'

ချန်းယီပြုံး၍...

'သုံ့ပန်းဖြစ်ခဲ့ရင်လဲ ဒီအတိုင်းနေပြီး အစသာခံပါမယ်'

သခင်မလေး သူ့ကိုဘယ်လိုပြောပြော ရမည်မဟုတ်တော့ပေ။

ဒါကြောင့်....

'သူ့ကို အခန်းတစ်ခု ပေးလိုက်ပါ'

'ဟုတ်ကဲ့ပါ သခင်မလေး'

မန့်စီစီမ်း....

သူ့ကို အခန်းတစ်ခုကို လိုက်ပို့သည်။

တကယ်ကြီးကျယ်ခမ်းနားသော အိမ်ခန်းကြီး ဖြစ်သည်။

သူပင် အခန်းထဲသို့ မဝင်ရဲဖြစ်နေသည်။



'ဝင်ပါ၊ အထဲမှာအနားယူနိုင်ပါပြီ၊ ဒီအခန်းဟာ သခင်မလေးနေဖို့ ပြင်ထားတဲ့အခန်းပါ၊ ခမြီးသေးလို့ ရှင့်ကိုပထမဦးဆုံး ဧည့်သည်အဖြစ် ပေးနေတာပါ'

ချန်းယီ အခန်းထဲတွင် လမ်းလျှောက်လိုက် လှဲအိပ်လိုက် လုပ်နေသည်။

တုံးလုံးလှဲ၍ စဉ်းစားရျကျပ်လာလျှင် သူသမ်းဝေလျှောက်မြန်သည်။

သူ့ရင်ထဲတွင်....

ထစ်ခနဲခုခံစားနေရသည်။

နောက်တစ်နေ့ မိုးသောက်သော်....

မန့်စီစီမ်းလာရောက်နှိုးမှ ချန်းယီ အိပ်ရာကနိုးသည်။

'မင်္ဂလာပါ မန့်စီ'

ချန်းယီမျက်နှာပွတ်ရင်း မိန်းကလေးကို နှုတ်ဆက်လိုက်သည်။

မိန်းကလေး ရေအင်တုံကိုယူလာရင်း....

'ရှင့်အဖို့တော့ မင်္ဂလာရှိမယ် မထင်ဘူး'

မိန်းကလေး ခေါင်းငုံ့ပြီး....

'ရှင့်အတွက် ဂိုဏ်းချုပ်ကြီးဆီက....'

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေး စကားဆက်မပြောတော့ဘဲ အခန်းထဲမှထွက်သွားသည်။

ချွန်းယိ....

မိန်းကလေးနောက်မှနေ၍ လိုက်လာခဲ့ရသည်။

မနေ့က တစ်နေ့ရာတွင်ပင် သူ့ကို မတတ်တတ် ရပ်နိုင်းသည်။

စုဝေယန်ကတော့ ကျွားသားရေ ထိုင်ခုံခပ်ါတွင် ဝိုင်လျက်ပင်။

သခင်မလေး မျက်နှာမကောင်းမှန်း သူ သိသည်။

သူမ၏မျက်လုံးအိမ်သည် မှိုန်နေသည်။

အိပ်ရေးပျက်ထားသောပုံပင်။

ပြင်ဆင်ခြယ်သခြင်းလည်း မရှိပေ။

သူမ....

တစ်ခုခုကို အချိန် ကြာမြင့်စွာ စဉ်းစားနေပုံ ပေါ်နေသည်။

အဘယ်ကြောင့် သူမ အိပ်ပျက်ရပါသနည်း။

အဘယ်ကြောင့် မျက်နှာမကောင်းရပါသနည်း။

ချွန်းယိတစ်ယောက်တည်း သူမကို ကြည့်ပြီး တွေဝေနေသည်။



သူ့ရင်ထဲတွင်လည်း....

တစ်စုံတစ်ခု ခံစားနေရသလို ဖြစ်နေသည်။

'ရှင့်ကို ဟိုသစ်ပင်မှာ ဖောက်ထိုးချိတ်ဆွဲထားဖို့ ဂိုဏ်းချုပ်ကြီးဆီက အမိန့်လာတယ်'

'ခင်ဗျားပဲအရင်းအတိုင်းဖောက်သည်ချနေတော့ကျွန်တော်ဘာလုပ်ရမှာလဲ'

စုဝေယန် သူ့စကားမှားသွားသည်ကို သူ သိလိုက်သည်။

မျက်နှာ နီမြန်းသွားသည်။

ပြီးမှ ကူခံခြွဆယ်လိုက်သည်။

'ကျွန်တော်ကတော့ ထွက်ပြေးမှာမဟုတ်တဲ့အတွက် ဘာမှမစဉ်းစားတော့ဘူး'

စုဝေယန်သည် လုလင်ကို တွေဝေသောမျက်လုံးဖြင့်ကြည့်နေသည်။

သူသည်....

အစွမ်းသတ္တိရှိသောသူတစ်ယောက်ဖြစ်လျက် သူမကိုယ်ခုလိုနှိပ်စက်နိုင်နေခြင်းဖြစ်သည်။

ဒေါသလည်း ထွက်သည်။

ထိုဒေါသမျိုး သူ မထွက်ဖူးပေ။

ကရုဏာဒေါသ၊ ထွက်ပြေးဖို့ အခါအခွင့် ပေးထားသော်လည်း သူ ထွက်မပြေးပေ။

မိမိကိုယ်ကို အတော်အပြစ်တင်မိသည်။

www.burmeseclassic.com



နှစ်ဦးသည်း ရွှင့်မွှင့်လင်းလင်း မျက်ဆံရသော ဒုက္ခသည်လည်း ကြီးစွာခံစားနေရသည်။

'ရှင် တယ်ခေါင်းမာပါလား'

သခင်မလေး မျက်စောင်းထိုးပြီး ပြောလိုက်သည်။

ချန်းယိ ခေါင်းညိတ်ပြလိုက်သည်။

အနားတွင်ရှိသောမိန်းကလေး သူတို့နှစ်ယောက်ကို ကြည့်ပြီး ပြုံးပြုံးသည်။

'ရှင့်ကို သစ်ပင်မှာ ဇောက်ထိုးဆွဲတာ သဘော ကျနေလား'

ချန်းယိ ပခုံးတွန့်လိုက်ပြီး....

'သခင်မလေး နှစ်သက်မယ်ဆို ခုချက်ချင်းသတ်လဲ သေလိုက်မှာပါ'

ချန်းယိ မနေနိုင်တော့ဘဲ ပေါက်ကွဲထွက်လာသည်။

သခင်မလေးစိတ်ပျက်သလို သူ့ဘဝ မလွှတ်လပ်သလိုဖြစ်လာသည်။

'ဟ့ သူ့ကို ကြိုးတုပ်ပြီး သစ်ပင်ပေါ် ဇောက်ထိုး ချိတ်လိုက်ပါ'

အနီးရှိ မိန်းကလေးကို ပြောလိုက်သည်။

သူ့ ဆီသို့....

ကြိုးအကြီးတစ်ချောင်း ယူလာကြသည်။

သခင်မလေး မကြည့်မေ။

အဝေးတစ်နေရာသို့ ကြည့်နေသည်။



သူ့ကို ကြိုးတုပ်ပြီး....

ခြံအတွင်းမှာရှိသော အမြင့်ဆုံး သစ်ပင်ကို ရွေးပြီးဆွဲတင်ကြသည်။

ချန်းယိ....

ခုအချိန်အထိ ဟန်မပျက်အပေါ်သို့ ဇောက်ထိုးလိုက်သွားသည်။

လူ့ မျက်လုံးများကတော့....

ပြတင်းပေါက်မှ ကျားသားရေ ထိုင်ခုံပေါ်က စုခဝယ်နှံဆီသို့ ရောက်နေသည်။

သခင်မလေး....

သူနှင့် မျက်လုံးချင်း မဆိုင်မိအောင် ကြိုးစားနေရသည်။

သူမ မျက်နှာချင်းဆိုင်လျှင်....

ကဆတ်ဆတ်ခုန်သော ရင်ကို စိတ်ထိန်းနိုင်စွမ်း မရှိတော့ပါ။

ဒါပေမယ့်လည်း အမှတ်မထင် ခိုးကြည့်နေရသည်။

သူ့ စိတ်ထဲတွင် တစ်ခုခုဖြစ်နေသည်။

ကာလတစ်ခုအထိ....

ထိန်းထားနိုင်စွမ်းရှိသော သူ့စိတ်တို့သည် ယခုအခါ လွှင့်ပျယ်စပြုလာပေပြီ။

ဒါကို သူ နားလည်သည်။

နားမလည်နိုင်သည်က သူ့ဘဝပင်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဘ၀ကို နားလည်ဖို့ သူ ကြိုးစားကြည့်မိတိုင်း မဖြစ်နိုင်သော အဖြေတွေ သူ့ရင်ဝယ် ပိုက်ထားရသည်။

ချွန်းယိကို သစ်ပင်တွင် တွဲလောင်းချိတ်ပြီး မိန်းကလေးတစ်စု မြှန်လာကြသည်။

'သခင်မလေး....အဲဒီအတိုင်းနော်'

သူမ မမြင်သလို၊ စိတ်မဝင်စားသလို။

'အေး....ရပြီ၊ နင်တို့ ဒီကနေကြည့်မနေနဲ့တော့....သွား'

'ဟုတ်ကဲ့ပါ သခင်မလေး၊ သွားပါမယ်'

သူတို့ အခန်းထဲမှ ထွက်သွားကြသည်။

ချွန်းယိ စုဝေယန်ကိုသာ ကြောင်ကြည့်နေသည်။

မိမိဒုက္ခထက်....

မိန်းကလေးကို ကြည့်နေရသော သူက သူ့အတွက် ပို၍ ကြည်နူးနေသည်။

တဖြည်းဖြည်း ညသည် အမှောင်ဘက်ရောက်တော့မည်။

စုဝေယန်တစ်ယောက်တည်း အခန်းအောင်းနေသည်။

သူတစ်ယောက်တည်း....

အပြင်တွင် တွဲလောင်းချိတ်ခံထားရသောသူ တစ်ယောက်ကို စိတ်ဝင်စားနေသည်။

အအေးတို့ဖြင့်....

တဖြည်းဖြည်း ခအေးမြလာမည်။

အရက်တက်ချိန်ဆိုလျှင်....

နှင်းတို့ သူ့ခန္ဓာကိုယ်အနှံ့အပြား ကပ်နေတော့သည်။



ဟာကယ်၍များ....

သေသွားသည်ရှိသော် သူ စဉ်းစားရကျပ်လေသည်။

ဂိုဏ်းချုပ်ကြီး၏ ဆုံးဖြတ်ချက်သည် သူ့ဆုံးဖြတ်ချက်ဖြစ်သည်။

ဆုံးဖြတ်ပြီးသော ဆုံးဖြတ်ချက်ကို သူမပြင်နိုင်ပေ။

ဂိုဏ်းချုပ်ကြီးပြောသော စကားများ သူ ကြားယောင်လာသည်။

'စုဝေယန်၊ ငါ့သမီးဟာ တစ်ချိန်ချိန်မှာ ဒီနဂါးနက်ဂိုဏ်းကို အုပ်ချုပ်ရမယ့်သူဖြစ်တယ်၊ ဒီအတွက် ငါ့သမီးကို သိုင်းပညာ အကုန်သင်ပေးထားပြီးဖြစ်တယ်၊ မိမိတတ်ထားတဲ့ သိုင်းပညာဟာ အဆင့်အတန်းအမြင့်ဆုံးကို ရထားပြီးတဲ့ လူတစ်ယောက်အဖို့ ထိန်းသိမ်းရမယ့်ဝတ္တရားတွေဟာလဲ များလိမ့်မယ်....

'သိုင်းလောကသားတွေအဖို့ စောင့်ထိန်းရမယ့် သမီးရဲ့ တာဝန်တွေထဲမှာ အဖေအစီးရိမ်ဆုံးကတော့ အချစ်နဲ့ သာယာကြည်နူးမှုပဲ သမီး၊ ယောကျ်ားတွေဟာ သမီးကိုစည်းရုံးသိမ်းသွင်းမယ်၊ သူတို့ရဲ့ယောကျ်ားပီသတဲ့ ခန္ဓာကိုယ်နဲ့ သမီးကို မြှူဆွယ်မှာပဲ....

'သမီးကသာစိတ်ပါသွားရင် သမီးဘဝတိုးတက်မှု၊ အောင်မြင်မှုတွေဟာ ကျဆုံးဖို့အခြေအနေဖြစ်ဖို့ ကျိန်းသေသွားပြီ ငါ့ကြောင့် သမီး သူတို့ကို သံယောဇဉ်မရှိတဲ့သူ တစ်ယောက်အဖြစ် နေနိုင်အောင်ကြိုးစားပါ၊ မင်း အဲဒီလိုနေနိုင်လားလျှင်

www.burmeseclassic.com

www.burmeseclassic.com



တို့ဂိုဏ်းက မင်းကို သစ္စာရှိတဲ့သခင်မလေးအဖြစ်နဲ့ အမြဲဂုဏ်ယူနေမှာပါ'

စုဝေယံန် စဉ်းစားရင်း တစ်ဆို့ဆို့ ခံစားရသည်။

ချစ်ချင်းမေတ္တာနှင့် သံယောဇဉ်ဆိုသည်မှာ သူ့အတွက် ခေခွဲ၍မရ ဖြစ်နေခဲ့သည်။

သူတို့နှစ်ဦးစလုံး စိတ်ထဲတွင် ကိုယ်စီအသိရှိကြသည်။

ထိုအသိကို....

တစ်ဦးနှင့်တစ်ဦး အမိပ္ပာယ်ဖော်ထုတ်ခွင့်မပေးဘဲ ဖြစ်နေသည်။

သူ....

ချန်းယိကို ဆက်လက်ကြည့်နေနိုင်စွမ်း မရှိတော့။

မျက်လုံးအိမ်တွင် မျက်ရည်များ ပြည့်လျှံကျလာသည်။

သူမ အံကြိတ်၍....

ချာခနဲလှည့်ထွက်ပြီး အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။

အပြင်တွင် အမှောင်ထုက ကြီးစိုးနေဆဲပင်....။

သစ်ပင်တွင် တွဲလောင်းကျနေသော ချန်းယိ သတိရတစ်ချက် မရတစ်ချက် ဖြစ်နေသည်။

...★....

## မေတ္တာတရား၏ အတိမ်အနက်

နံနက်အရုဏ်တက်ပြီ....

စုဝေယံန် ဒီနေ့ စောစီးစွာနိုးနေသည်

တကယ်တော့....

သူ ညက အိပ်မပျော်ခဲ့ပေ။

သူ့အဖို့ အိပ်ရန်ပင်မရှိသလို ဖြစ်နေသည်။

ဒီအထိုင်းဆို....

သူ့ခံစားမှုသည် အဖြေတစ်ခုအဖြစ် ပြောင်းလဲသွားနိုင်သည်။

အစေခံမိန်းကလေး....

သူ့အနားရောက်လာသည်ကိုပင် သူတစ်ယောက် သတိမထားမိတော့။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်ကတည်းက....

ကျောက်ရုပ်ဖြစ်နေသည်ကို မန်စီစီမ်း အဝေးကကြည့်လျှင်ပင် သိနိုင်သည်။

'သခင်မလေး'

စုဝေယံအသံကြောင့် ရုတ်သလိုလန့်သွားသည်။

နောက်လှည့်ကြည့်လိုက်သော် မန်စီစီမ်း ဖြစ်နေသည်။

'ဘာလဲ'

သူဟောက်လိုက်သည်။

တကယ်တော့....

သူ့အပြစ်သူကာကွယ်ဖို့ ပြောလိုက်ခြင်းပင်။

မိန်းမငယ်သည်....

လင်ဗန်းတစ်ချပ်ပေါ်တွင် စားစရာများထည့်ပြီး သူ့ထံသို့ယူလာသည်။

ဒါတွေကိုလည်း သူ စိတ်မဝင်စားနိုင်ပေ။

'သခင်မလေး ထမင်းမစားတာ သုံးရက်ရှိပြီ'

မိန်းကလေးစကားကို သူကြားသည်။

ဒါပေမယ့်....

သူ မကြားချင်ဟန် ဆောင်နေလိုက်သည်။

'ဒါလေးနည်းနည်းစားပါဦး သခင်မလေး'

မန်စီမိန်းကလေး ကရုဏာဖြင့် သခင်မလေးကို လင်ဗန်းရှေ့တိုးပေးသည်။



'သနားပါတယ်နော်'

မိန်းကလေး ပြောလိုက်သည်။

'ဘာကိုသနားနေတာလဲ'

သူ စိတ်တိုနေသည်။

ထိုစိတ်တိုမှုကို မထိန်းနိုင်ဘဲ ပြောလိုက်သည်။

အမှန်အတိုင်း ဝန်ခံရသော်....

သူ့စိတ်တွေသည် ချန်းယီအပေါ်တွင် စွဲလန်းနေသည်။

သခင်မလေးဘဝတွင်....

အကျဉ်းသားတစ်ယောက်အပေါ် ထားတဲ့ကိစ္စ ဂိုဏ်းချုပ်ကြီးသာ သိသွားပါက အလွန်ကြီးလေးတဲ့ သစ္စာဖောက်အဖြစ် သတ်မှတ်မည်။

စုဝေယန်သည် သာမာန်မဟုတ်၊

ဂိုဏ်းချုပ်၏တပည့်ရင်း ဖြစ်သည်။

ထိုတပည့်ရင်းက....

သစ္စာဖောက်ရမည်ဆိုတော့ ဘယ်လိုနည်းနှင့်မှ အဖြစ်မခံနိုင်ပေ။

'နင် ဘာရှုပ်လုပ်နေတာလဲ'

သူ စိတ်မရှည်သလို ပြန်မေးလိုက်သည်။

'ဟိုသခင်မလေးရယ်၊ သူ့မှာ အသက်မှရှိသေးရဲ့လားလို့ပါ'

စုဝေယန် စိုးရိမ်သွားသည်။

ဒါပေမယ့် ဟန်မပျက်။

'တော်တော်ကြာ သွားဖြုတ်ခဲ့ချေ'

www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးစပ်က ထွက်သွားချေပြီ။

မည်သူ့ကိုမျှ တိုင်ပင်စရာမလိုဘူး သူ လွှတ်ပေးနိုင်သည်။ စေခိုင်းနိုင်သည်။

ဒါတွေဟာ....

ဒုတိယဂိုဏ်းချုပ်၏အကြောင်းတွေ ဖြစ်သည်။

သူ ဘာမျှမစဉ်းစားမိဘဲ သူ ဆုံးဖြတ်လိုက်သည်။

တကယ်တော့....

သူ့စိတ်ထဲတွင်ဖြစ်ပေါ်နေသော အကြောင်းအရာတို့သည် သူသာလျှင်အသိဆုံး ဖြစ်သည်။

ချန်းယိကို ကြိုးတွေဖြေပေးနေသည်ကိုပင် မသိတော့။

စုဝေယန် သူ့ကို အိပ်ခန်းရွှေ့ထားဘည်။

မန်စီမိန်းကလေးတစ်ယောက်သာ သူ့ကိုစောင့်နေသည်။

သစ္စာရှိသော မိန်းကလေးပင် ဖြစ်သည်။

သခင်မလေး၏စိတ်ခံစားချက်နှင့် ဂုဏ်သိက္ခာကို ဤမိန်းကလေး အသိဆုံးဖြစ်သည်။

ဒါကြောင့်လည်း....

ချန်းယိအပေါ် အစ်ကိုတစ်ယောက်လို သဘောထားပြီး စောင့်ရှောက်နေသည်။

နောက်တစ်နေ့မနက်....

ချန်းယိ ကိုယ်နည်းနည်းလှုပ်လာသည်။

မျက်လုံးများ ပြာဝေနေသည်။



သူ အသိစိတ်တစ်ခု ဝင်လာသည်။

ပတ်ဝန်းကျင်မှအလင်းရောင် သူ့ဆီဆိုးကျနေသည်။

မျက်လုံးများကြိမ်းစပ်လာ၍ သူဖြည်းဖြည်းဖွင့်ကြည့်သည်။

'ဟော... သတိရလာပြီနော်'

မိန်းကလေးတစ်ယောက်၏အသံကို ကြားလိုက်သည်။

မှန်ဝါးဝါးပုံရိပ်တစ်ခု သူ့အနားတွင် ကျန်နေသည်။

တဖြည်းဖြည်း သူ အမြင်ကြည်လင်လာသည်။

'ဟင်... မန်စီစီမ်း'

သူ လှတ်ခနဲခေါ်လိုက်မိသည်။

နန်စီစိမ်းမိန်းကလေး သူ့ကိုပြုံးပြသည်။

သူ ပီတိဖြစ်မိသည်။

မနေ့ကတည်းက......

ဒီအခန်းထဲမှာ ပြုစုနေရခြင်းကြောင့် ဖြစ်သည်။

သူ မိန်းကလေးကို ကျေးဇူးတင်ကြောင်း ပြောသည်။

'သခင်မလေးကော....'

ကောက်ခါငင်ကာ မေးလိုက်သောကြောင့် မိန်းကလေး ငြိုသွားသည်။

'သခင်မလေးရှိပါတယ်၊ ရှင် နေမကောင်းဆေးလို့ သူလဲ စိတ်ပူနေတယ်၊ ရှင်နေကောင်းတဲ့အခါ တွေ့ပေါ့၊ အခု ရှင့် အားမရှိသေးဘူး၊ ဒါကြောင့် နွားနို့ကိုသောက်ပြီးတော့ အိပ်လိုက်ပါဦး'

www.burmeseclassic.com

www.burmeseclassic.com



မန်စီစိမ်း သူ့ကို နွားနို့ခွက်ကြီး တစ်ခွက် ယူလာပေးသည်။

သူ အစာမစားရသည်မှာ....

သုံးရက်ရှိပြီမို့ ပေးသောနွားနို့ကို ကုန်သည်အထိသောက်ပစ်လိုက်သည်။

နွားနို့သောက်ပြီး....

တခဏတွင်ပင် သူ ပြန်လည်အိပ်ပျော်သွားသည်။

ပြန်လည် နိုးလာသော်....

မန်စီစိမ်း အခန်းဝတွင် ရပ်လျက်နေသည်။

'ရှင် နိုးပြီလား'

ချန်းလီ ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

'မင်း ငါ့ကို ဘာဖြစ်လို့ အမြဲတမ်း စောင့်ရှောက်နေရတာလဲ'

သူ သံချင်း၍ မေးလိုက်သည်။

'ဪ...ရှင့်ကို သခင်မလေးက သူ့ကိုယ်စားကူညီစောင့်ရှောက်ဖို့ တာဝန်ပေးထားလို့ပါ'

မိန်းကလေး ပြန်ဖြေပေးသည်။

'အခုလဲ ဂိုဏ်းချုပ်ကြီးက ရှင့်ကို တစ်ခါတည်း ခေါ်ခဲ့ပါဆိုလို့ စောင့်နေတာ'

သူ မိန်းကလေးအတွက် စိတ်မကောင်းပေ။

သူ အဝတ်အစား အမြန်လဲပြီး မိန်းကလေး နောက်က ထွက်လိုက်လာပါသည်။



ခန်းမဆောင်တွင် လူစုံညီရောက်နေသည်။

သူ အကျဉ်းသားတို့ အပြစ်ဒဏ်ခံရမည့်နေရာသို့ ရောက်သွားသည်။

ဒါကို မိန်းကလေးက....

'ဖဲဒီနေရာ သွားစရာမလိုတော့ဘူး၊ ဒီမှာတင် ထိုင်ပါ'

ပြောပြီး သူ့ကို ခုံတစ်လုံးပေါ်တွင် ထိုင်ရန် ညွှန်ပေးသည်။

သူ မထိုင်ခင် ဂိုဏ်းချုပ်ကြီးကို ဂါရဝပြုလိုက်သည်။

သခင်မလေးကိုလည်း အရိုအသေပြုလိုက်သည်။

'ထိုင်ပါ ချန်းသိ'

ဂိုဏ်းချုပ်ကြီး သူ့ကို အေးဆေးသက်သာစွာ ပြောသည်။

သခင်မလေး....

သူ့ကိုတစ်ချက်ကြည့်ပြီး မျက်ဝန်းထဲတွင် မျက်ရည်တွေရှိလာသည်။

ပြန်ပြီး ဟန်ဆောင်နေလိုက်မှန်း သူသိသည်။

တကယ်တော့....

တစ်ယောက်နှင့် တစ်ယောက် မပြောဘဲ သိနေကြသော အသိသည် ပို၍ အကြွင်နှာပြင်းလှသည်။

'ချန်းယိ....တို့ဂိုဏ်းနဲ့ပတ်သက်ပြီး ဘာပြောစရာရှိသေးလဲ'

ဂိုဏ်းချုပ်ကြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းအနေနဲ့ ရှူးသခင်တို့ လူသတ်မှုမှာ တို့ဂိုဏ်းက ပတ်သက်နေတယ်လို့ ထင်တုန်းပဲလား'

ဂိုဏ်းချုပ်ကြီး၏အမေးကြောင့် သူ ဘာပြန် ပြောရမှန်း မသိဖြစ်သွားသည်။

'ဒီလိုလဲမထင်ပါဘူး ဂိုဏ်းချုပ်ကြီး'

'ဒါဆို ဘယ်လိုထင်ထားလို့လဲကွာ'

ဂိုဏ်းချုပ်ကြီး သိချင်ဇောဖြင့် ဆက်မေးသည်။

'တို့ဟာ မင်းတို့ရွာအပေါ် ဘယ်တော့မှ ဒုက္ခပေးမယ့်သူ မဟုတ်ဘူး၊ မင်းကိုခေါ်ထားရတာလဲ တို့က ရှင်းပြစရာရှိနေလို့ပေါ့၊ တကယ်တော့ တို့ဂိုဏ်းဟာ အမျိုးသမီးလေးတွေ များတဲ့အတွက် အန္တရာယ်က အမြဲတမ်းနီးစပ်နေတယ်၊ ဒီမှာ အကြောင်းလေးတွေကလဲ ရှိမြဲခဲ့တာ မင်းတို့သိပြီးပြီပဲ...

'မင်းအဖေနဲ့ တို့ဂိုဏ်းက သခင်မလေးတစ်ယောက်ဟာလဲ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ဖူးတယ်၊ အဲဒီ ဇာတ်လမ်းကြောင့်လဲ မင်းနဲ့တို့ဟာ ရန်သူတွေတောင် ဖြစ်ခဲ့ရတယ်၊ ဒါတွေဟာ မင်း ကိုယ်တိုင် စုံစမ်းပြီး အဖြေတွေမှာပဲ၊ ခုဆို တစ်ဝက်ကျော်ခရီး ရောက်နေပြီဆိုတော့ မင်းသိသလောက် သိနေပြီပေါ့'

'ကျွန်တော် သိသင့်သလောက် သိပါပြီ၊ ဂိုဏ်းချုပ်ကြီးတို့ ကိုလဲ ကျေးဇူးတင်ပါတယ်'

ချန်းယိ ကျေးဇူးစကားပြောလိုက်သည်။



'မင်းသိတယ် ကျေးဇူးတင်ရမှာက ဟွာဟင်ပဲ'

'ခင်ဗျာ့...ခေါင်းဆောင်ကြီး ဘာပြောတယ်'

ချန်းယိ အာမေဍိတ်သံပြုပြီး မေးလိုက်သည်။

'ဟုတ်တယ်၊ မင်း ထွက်လာကတည်းက မင်းနောက်က အန္တရာယ်မပြုနိုင်အောင် စီစဉ်ထားနေတာ ဟွာဟင်ပဲ'

ချန်းယိ တွေဝေပြီး စဉ်းစားမိသည်။

တကယ်လည်း...

အချို့ အန္တရာယ်များသည် ကြိုတင် မစီစဉ်ရဘဲ သူ့ အခြေအနေ အခွင့်သာခဲ့သည်။

'ဟုတ်ကဲ့၊ ကျွန်တော့်အဖေတို့ရော ကျွန်တော့်ကိုပါ စောင့်ရှောက်ပေးတဲ့ ဟွာဟင်သခင်မလေးကျေးဇူး ကျွန်တော် ဘယ်တော့မှ မမေ့ပါဘူး'

'အေး...မင်းသွားလမ်းဖြောင့်ဖြူးဖို့ကို ဆုတောင်းပေးနေပါတယ်၊ မင်းရည်ရွယ်ချက် အောင်မြင်ပါစေကွယ်'

သူ ဂိုဏ်းချုပ်ကြီးကို နှုတ်ဆက်ဂါရဝပြုလိုက်သည်။

ပြီးမှ သခင်မလေး စုဝေယန်ကို နှုတ်ဆက်သည်။

'သွားတော့မယ်နော်...သခင်မလေး'

စုဝေယန် မော့မကြည့်ဘဲ...

'ရှင်ဟာ လွတ်လွတ်လပ်လပ်သွားနိုင်ပြီဖြစ်တဲ့လူ[illegible]ပါ'

www.burmeseclassic.com

www.burmeseclassic.com



သခင်ခေလးအသံ တစ်ဆို့နေမှန်း ဂိုဏ်းချုပ်ကြီးသိလိုက်သည်။

တကယ်ခွဲခွာရမည်ဆိုတော့….

နှစ်ဦးစလုံး ဟန်ဆောင်သောစိတ်တွေ ပြောင်းချင်သည်။

ချန်းယိ စိတ်ထိန်းပြီး ခန်းမကြီးထဲမှ ထွက်လာခဲ့တော့သည်။

….★….

## တစ်ကိုယ်တော် လူစွမ်းကောင်း

လရောင်၏အလင်းကို သူ အပြည့်အဝ ခံစားနေသည်။

အခန်းစောင့်လုလင်….

ထမင်းလာပို့ပြီးပြန်သွားမှ သူ သတိဖြင့် ပြူတင်းတံခါးမှ လှည့်ထွက်လိုက်သည်။

လှသွရိပ် ထင်အောင် အမှောင်ဖက်သို့ တဖြည်းဖြည်း လျှောက်လာခဲ့သည်။

သူထင်သည့် တည်းခိုခန်းသို့ရောက်ပါပြီ….

ဝရံတာတစ်ခုကို ကိုယ်ဖော၍ ကျော်ဝင်လိုက်သည်။

စကြံတစ်ခုလုံးမှောင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ ခြေသံမကြားရအောင် ကိုယ်ဖော့၍လျှောက်လာသည်။ အခန်းတစ်ခန်းရှေ့ရောက်တော့ သူ ရပ်လိုက်သည်။

အခန်းထဲတွင် လူသံမကြားဘဲ တိတ်ဆိတ်နေသည်။

သူ တံခါးကို ဖြည်းဖြည်းဖွင့်လိုက်သည်။

တစ်ခန်းလုံး မှောင်အတိဖြစ်နေသည်။ ထိုအခန်းမျိုး သူ့အဖို့ ကျင့်သားရပြီးသားမင်….။

တဖြေးဖြေး တိုးဝင်လာသည်။

ညအမှောင်တွင် အလင်းတန်းတစ်ခု ရုတ်တရက်ထွက်လာသည်။

ရှေ့တွင်လည်း လူတစ်ယောက် သူ့ဓားကို ရှောင်လိုက်သည်။

'ချုန်းယိကို ဒါမျိုးနဲ့ကြိုးလို့မရဘူးလေ'

ဓားကိုင်ထားသောလက် ဓားအိမ်ထဲ အမြန်ပြန်သွင်းသိမ်းလိုက်သည်။

တခဏ….

လူရှေ့မှထွက်သွားပြီး မီးထွန်းလိုက်သည်။

တစ်ခန်းလုံးမီးလင်းထိန်သွားမှ မိန်းကလေးတစ်ယောက် သူ့ကို….

'ရှင် ဘာဖြစ်လို့ အချိန်မတော် ကျွန်မအခန်းထဲဝင်လာတာလဲ'



ချုန်းယိမှုံးပြီး….

'မင်းနဲ့ ဆွေးနွေးစရာရှိလို့ပါ'

'ရှင်နဲ့ကျွန်မက ဘာဆွေးနွေးစရာရှိလို့လဲ'

မိန်းကလေးက မသက်သာလို့ သူ့ကိုကြည့်ပြီးမေးလိုက်သည်။

'သိပ်လဲစိတ်မလောပါနဲ့မိန်းကလေး၊ ကျုပ် ခင်ဗျားကို ကူညီချင်လို့ ဒီလိုရောက်လာရတယ်ဆိုတာ မိန်းကလေး သိထားစေချင်တယ်'

တကယ်တော့ မိန်းကလေးကိုလှည့်စားလိုက်ခြင်းပင် ဖြစ်သည်။

သူပြောသောစကားကို….

မိန်းကလေး ယုံကြည်သွားလေသည်။

ထိုယုံကြည်မှုကြောင့်ပင်။

'ကျွန်မတို့မောင်နှမရဲ့ဘဝက မကောင်းပါဘူးရှင်'

အစချီပြီး သူတို့ဘဝကို ပြောပြတော့သည်။

ချုန်းယိ တကယ်သိထားပြီးဟန်နှင့် နားထောင်နေသည်။

'ရှင့်ကို ကျွန်မ ဒုက္ခမပေးချင်လို့ပါ ခုချိန်အထိ ရှင် အသက်ရှင်နေရတာပါ'

မိန်းကလေးတစ်ယောက်က….

သိယောဇဉ်စကားပြောနေသောကြောင့် ချုန်းယိ စိတ်ပါဝင်စားလာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မတို့မောင်နှမတွေ ကျွန်ချေခိုင်းစေတဲ့အတိုင်း ဆက်လုပ်နေ၍ ကျွန်မအဖေ ဘာမှဖြစ်လာမှာမဟုတ်ဘူး'

'မိန်းကလေးအဖေကို သူကဖမ်းထားလို့လား'

'ဟုတ်တယ်...ဖေဖေ့ကို ဖမ်းထားပြီး ရှင့်ကို ကျွန်မတို့မောင်နှမက သုတ်သင်ပေးဖို့ပါ၊ ဒါပေမယ့် ရှင့်ကို မြင်ပြီး ကျွန်မအဲဒီစိတ်တွေ တစ်စက်မှမရှိသလိုဖြစ်သွားတယ်'

ချန်းယိ မယိချင်ယောင် ဆောင်၍...

'ဘာဖြစ်လို့လဲ'

'ရှင့်ရဲ့သိုင်းပညာနဲ့ ရှင့်တို့ စွေထန်းချွာကလူတွေရဲ့ ကိုယ်ကျင့်တရားကို လေးစားမိလို့ဆိုရင် မမှားဘူး၊ ကျွန်မအမှန်ပြောနေတာပါ'

ချန်းယိမိန်းကလေးအပေါ် ကရုဏာဖြစ်မိသည်။

ထိုမိန်းကလေးကို...

မည်သို့ပြန်လည်ကူညီရမည်ကိုလည်း စဉ်းစားနေမိသည်။

တောင်ပေါ်မှာကတည်းက...

မိန်းကလေး သူ့ဖက်က ဝင်ရောက် တိုက်ခိုက်ပေးခဲ့သည်။

ဒါကိုကြည့်ပြီး...

မိန်းကလေး သူ့အပေါ် ရိုးသားလာပြီဆိုတာ သူသိလာသည်။

'ကျုပ် စဉ်းစားမိတယ်'

ချန်းယိ မျက်မှောင်တစ်ချက်ကုတ်သည်။



'ဝါယင်တို့အဖွဲ့ ဒီမြို့သဲကိုရောက်နေတဲ့အချိန်မှာ ခင်ဗျားအဖေကိုကယ်ထုတ်နိုင်သွားပဲ၊ အဲဒီအဖွဲ့ မရောက်စရောက်အောင် လာဖို့က ကျုပ်တာဝန်ထားလိုက်'

'ဟုတ်တယ်...ကျွန်မလည်း ခုမှစဉ်းစားမိတယ်'

'ဒါဆိုမိန်းကလေး ကျုပ်ပြောတာလက်ခံပြီပေါ့'

သူတို့နှစ်ယောက် ဆက်ပြီးတိုင်ပင်ကြသည်။

မိန်းကလေးသည်...

ချန်းယိကို နက်ကတည်းကအထင်ကြီးသောကြောင့် ချန်းယိ ပြောတာတွေအားလုံး နားထောင်နေသည်။

သူမကလည်း ဇင်ကျောင်းနှင့်တွေ့လျှင် ချန်းယိအတွက် စိုးရိမ်ကြောင်းပြောပြသည်။

အစီအစဉ်အတိုင်း ပြုလုပ်ရန်ပြောပြီး...

ယင်ယင် သူ့ကိုတံခါးပေါက်ထိလိုက်ပို့သည်၊

သူ အပြင်ရောက်သည်နှင့် အမှောင်ထဲတွင် ပျောက်သွားသည်။

လသည်...

အာကာသတစ်ခုလုံးကို လင်းနေဆဲဖြစ်သည်။

ချန်းယိ အိပ်ရာပေါ်ရောက်မှ...

နောက်တစ်နေ့ အစီအစဉ်တွေ အစီအရီချစဉ်းစားတော့သည်။

မနက်မိုးလင်းသည်နှင့်...

သူ ဇမှာရှိကြောင်း တတ်နိုင်လျှင် လူကိုယ်တိုင် တွေ့ဆုံဆက်သွယ်ချင်ပါသော်လည်း နေရာမသိ၍မလာနိုင်ကြောင်း တည်း

www.burmeseclassic.com

www.burmeseclassic.com



ခိုခန်း လုလင်ကို စာရေးပြီး တည်းခိုခန်းရှေ့တွင် ထွက်ချိတ်ထားလိုက်သည့်စာမှာ၊

မိတ်ဆွေ....

ဝါယင် ၁/၁၀

ကျုပ် ချန်းယိ ဒီမှာစောင့်နေပါသည်။
အချိန်မရွေး လာတွေ့ပါ။
ကျန်ချေကိုယ်တိုင်ဆိုလျှင် ပိုကောင်းပါသည်။

သင့်ရဲ့
ချန်းယိ။

ခဲ့ချိတ်ပြီး သူ ခုတင်ပေါ်တွင် တုံးလုံးလှဲအိပ်လိုက်သည်။

အရာရာကိုတော့ သူ သသိထားပြီး နေလိုက်သည်။

သူဟာ....

ခုချိန်မှာ တစ်ကိုယ်တော်တစ်ယောက် ဖြစ်နေပေပြီ။

စွေ့ထန်းရွာမှ သတင်းလည်း သူ မကြားပေ။

သူ လက်မှိုသိနေရသော တရားခံသည်....

ရုပ်လုံးပေါ်နေပေပြီ၊ ထိုတရားခံကို ရှင်းလင်းပြီးသည်ထိ သူ တာဝန်ယူဆောင်ရွက်ချင်သည်။



ဒါမှ သူ့ ဘွားဘွားကို တာဝန်ကျေမည်ဖြစ်သည်။

တစ်ကိုယ်တည်း ရှန်းကန်လှုပ်ရှားနေရသော ဘဝကို သူ တစ်ခါ အထီးကျန်သလို ဖြစ်လာသည်။

အဖေနှင့်အမေကို မတွေ့ရသည်မှာလည်း တစ်နှစ်ကျော်ပေပြီ။

ဘဝကိုတစ်ယောက်တည်း ရင်ဆိုင်ဖြေရှင်းရတဲ့အချိန်တွင်....

မိဘများကို သကိရတတ်သောသူတွင် ချန်းယိတစ်ယောက်လည်းပါသည်။

သူ့စိတ်ထဲတွင်....

အဖေနှင့်အမေ ကျန်းမာပါစေဟု အမြဲရေရွတ်လေ့ရှိသည်။

နေ့ရက် နှစ်ရက်လောက်ကြာသောအခါ....

လမ်းများပေါ်တွင် လူအများပြောသံကို သူကြားရသည်။

စွေ့ထန်းရွာက သိုင်းသမားတစ်ယောက်က....

စီနံခေါ်သည်ဆိုသည့်သတင်း ဖြစ်သည်။

မြို့စားကြီးအိမ်မှပင် ထိုသတင်းကို သိသွားသည်။

ချန်းယိ ကိစ္စတွေ မသိသလို ဆက်လက်စုံစမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ကြားအားသောသတင်းကြောင့်....

ကျင်ဝေလင်မြို့ကလေးသည် အရှင်ထက် လူပိုစည်ကားလာသည်။

အယ်နေ့တွင် စီမ်ခေါ်ပွဲကြီးဖြစ်မည်ကို သွားရှင်းလာရင်း စပ်စုကြသည်။

မည်သူနိုင်မည် မည်သူရှုံးမည်ကိုပင် ထင်ကြေးပေးကြသည်။

မကြာပါ....

ငါးရက်မြောက်သောနေ့တွင် ချိတ်ထားသော ဆိုင်းဘုတ် ဖြုတ်သွားသည်။

ဒါဆို သူပြိုင်ဖက်အဖွဲ့....

မြို့ထဲသို့ ဝင်ရောက်နေပြီဆိုတာ သူသိလိုက်သည်။

သူ ပို၍သတိထားပြီး နေလိုက်သည်။

တည်းခိုဆောင်ရှေ့တွင်....

လူသူ ကင်းရှင်းနေသည်။

ဒါပေမယ့် ညနေသာစောင်းသွားသည်။

အာမှမထူးခြား။

လူလာပို့သော် ထမင်းကို အခန်းထဲတွင်သာ စားလိုက်သည်။



အခန်းစောင့်လူငယ်ကို ထူးခြားရင် သတင်းလာပြောဖို့ မှာထားလိုက်သည်။

တစ်နေ့လုံး....

အာရုံစိုက်၍ စောင့်ကြည့်နေရသောကြောင့် သူ တခဏ အတွင်း ခုတင်ပေါ်တွင် အိပ်ပျော်သွားသည်။

....★....

ဆိုင်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

## သူ့လူကိုယ့်ဘက်သား

ကောင်းကင်တစ်ခုလုံး ပြာလဲ့လဲ့ကြယ်များ စိုင်းရံထားသည်။

အမှောင်သည် ဖိုးတဝါးရှိသည်။
ထိုအမှောင်၏ အရှင့်ကောင်းယူ၍....
လူနှစ်ယောက် တောင်မေါ်သို တရွေ့ရွေ့တက်လာသည်။
ပတ်ဝန်းကျင်သည်....
သူတို့နှစ်ယောက် တက်လာသည်ကို မမြင်လိုက်ပေ။
တဖြည်းဖြည်း သူတို့နှစ်ဦး အဆောက်အဦကြီးထဲ ဝင်လိုက်သည်။
ခုချိန်ထိ...
အာအန္တရာယ်မှ မတွေ့ကြုံရသေးပေ။



တစ်ခန်းဝင် တစ်ခန်းထွက် သူတို့နှစ်ယောက် လိုက်ရှာကြသည်။

အချိန်အတော်ရှာသည်အထိ....

သူတို့လိုချင်သောနေရာကို မတွေ့ရသေးပေ။

မိန်းကလေးနှစ်ယောက်....။

တစ်ယောက်ကယင်ယင် နောက်တစ်ယောက်က အထိန်းတော်ကြီး သူတို့နှစ်ဦး ခန်းမကြီး၏နောက်ဖက်သို့ ထွက်လာခဲ့သည်။

တံဘိုင်များ ကာထားသောတံခါးကို ခဲယဉ်းစွာ ဖွင့်ကြသည်။

အောက်သို့ဆင်းရန် လှေခါးတစ်ခု အထိန်းတော်ကြီး ယောင်းတိုင် ထွန်းလိုက်သည်။

အောက်တွင်....

အတော်မှောင်နေ၍ဖယောင်းတိုင်မထွန်းလျှင် သူတို့ဆင်းသွားမည် မဟုတ်ပေ။

ယင်ယင် ရှေ့ကတစ်လှမ်းချင်း ဆင်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



အောက်တွင်...

သံတိုင်တစ်ထပ်ကာထားသည့် ဒါကိုသော့မခတ်ထားပေ။ အသာမင် တွန်းဖွင့်ပြီး ဝင်လာခဲ့သည်။

'ဖေဖေ'

စူစီကျင်သမီးအသံကို မှတ်မိသည်။

'သမီး ဖေဖေဒီဘက်မှာ'

အခန်းထောင့်မှ ထွက်ပေါ်လာသောအသံဖြစ်သည်။

ယင်ယင်ကိုမြင်၍ အပြင်သို့ တွဲခေါ်လာသည်။

အပေါ်တွင်...

လှုသံကြား၍ သူတို့ဖယောင်းတိုင်မီး ငြိမ်းလိုက်သည်။

အကွယ်တွင် လူအခြေအနေကို ကြည့်ရသည်။

သိုင်းသမား ဆယ်ယောက်ခန့် သူတို့ဘက်ကို လာနေသည်။

အထိန်းတော်ကြီးက...

'သခင်မလေးနဲ့သခင်ကြီး ဒီဘက်ကသွားပါ အပေါက်ရှိတယ်'



မိန်းကလေး အထိန်းတော်ကြီးကို တစ်ယောက်တည်း ထားခဲ့လို့ စိတ်မချရပေ။

'ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်၊ သခင်ကြီးကိုသာ မြန်မြန်အပြင်ရောက်အောင် ခေါ်ထုတ်သွားပါ ကျွန်မအတွက်မပူပါနဲ့ ကျွန်မနောက်က လိုက်ခဲ့မယ်'

ယင်ယင် အထိန်းတော်ကြီးကို မထားခဲ့ချင်ပေမယ့်...

ဖေဖေကိုတွဲနေရသောကြောင့် သူ့စကားနားထောင်ပြီး အပြင်သို့ ထွက်လာခဲ့သည်။

အပြင်ရောက်သည်နှင့်...

အဆောက်အအုံထဲတွင် မီးခိုးများထွက်လာပြီး လင်းတိန် ပေါက်ကွဲသံတွေ ကြားရတော့သည်။

'ဒါ မီးလောင်နေတာပဲ ဖေဖေ'

'အေး...အထိန်းတော်ကြီး ဖေဖေတို့အတွက် အသက်ပေးပြီး စောင့်ရှောက်သွားတာပဲသမီး'

'သူဟာ သမီးအပေါ် တစ်သက်လုံးသစ္စာရှိခဲ့တဲ့သူ တစ်ယောက်ပါ ဖေဖေ၊ အင်း...ဒီလိုသစ္စာရှိတဲ့ အထိန်းတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com



မျိုး ဖေဖေနဲ့သမီးတို့ဘဝမှာ နောက်ဘယ်တော့မှ ရမှာမဟုတ်တော့ဘူး'

သူတို့ တောင်အောက်ရောက်တဲ့အထိ....

အထိန်းတော်ကြီး လိုက်မလာနိုင်တော့ပေ။

....★....



အခန်းထဲတွင် မည်မျှကြာအောင် အိပ်ပျော်သွားသည် မသိ။

အခန်းစောင့်လူငယ်လေး၊ သူ့ ကိုလာနှိုးရသည်၊

'အစ်ကို နိုးပြီလား'

သူထလိုက်သည်။

အခန်းစောင့်လုလင် သူ့ ကိုစာတစ်စောင် ထုတ်ပေးသည်။

သူစိတ်ချယုံကြည်စွာ ဆက်ဆံနေသော လုလင်သည်...

သူ့ အပေါ် အလွန် တာဝန်ကျေပွန်သော လူငယ်တစ်ယောက် ဖြစ်နေသည်။

'အစ်ကို ဘာပြောစရာရှိဦးမလဲ'

ချန်းယိ စာခေါက်ကလေးကိုယူပြီး လုလင်ကို မုန့်ဖိုးပေးလိုက်သည်။

လုလင်သည်....

မုန့်ဖိုးကိုအိတ်တွင်ဆုပ်ပြီး လေချွန်၍ အခန်းတွင်းမှထွက်သွားလေသည်။

လုလင်ထွက်သွားမှ သူ အဝတ်လဲဆိုက်သည်၊

အုံးမောင်းခေါက်ချိန်တွင်...

သူ အိမ်အရောက်သွားရမည် ဖြစ်သည်။

သူ ပြတင်းဝကိုတစ်ချက်ငွေ့ကြည့်ပြီး ခုန်ထွက်လာသည်။

အပြင်က....

အမှောင်ထုက သူ့ ကိုကျင့်သားရပြီးသား ဖြစ်နေသည်။

ချိန်းထားခဲ့သော်နေရာသို့ သူ့ အဖို့ အလွယ်တကူရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုတ်အင်းဂဏ္ဍာတို့ ကွာနေပြီး ဖြစ်သော....

ဘုရားကျောင်းပျက်ကြီးတစ်ခုပင် တိုင်လုံးများကို သူတစ်တိုင်ပြီးတစ် စမ်းပြီးဝင်လာသည်။

ထိုစဉ်....

မိန်းကလေးတစ်ယောက်၏အော်သံ ကြားလိုက်ရ၍ အသံလာရာသို့ သူအမြန်လာခဲ့သည်။

ထိုနေရာတွင်....

မည်သူ့ကိုမျှမတွေ့ မြောက်ဘက်သို့အာရုံထားပြီး ကြည့်သည်။

သူ နားစွင့်ထားသည်။

အသံက သူ့အနားတွင်သာ။

သူ အသံကိုနားတောင်လိုက်သည်။

မိန်းကလေးတစ်ယောက်၏ အသံ။

'ကျွန်မ ဒီဖနားမှာ'

မိန်းကလေးအနား ရောက်သွားသောအခါ မိန်းကလေးအားယူပြီးထနေရသည်။

တစ်ယောက်က တိုက်ခိုက်ခြင်းခံရသည်။

'ကျွန်မအရင်ရောက်နေတုန်း တိုက်ခိုက်ခံရတာ၊ ရှင်လာတာမြင်လို့ သူတို့ထွက်ပြေးသွားကြပြီ'

ချွန်းယိ မိန်းကလေးကို တွဲလိုက်သည်။

'ရပါပြီ၊ ကျွန်မ သက်သာသွားပါပြီ'

'ကျွန်တော် ချွန်းယိပါ၊ ခင်ဗျား ချူးမိန်မဟုတ်လား'



မိန်းကလေးဆီက ဘာသံမှန်မကြားရပေ တကယ်လည်း ချူးမိန်သည်....

'ဟုတ်ကဲ့၊ ရှင်ရောက်ပြီးကူညီတာ ကျေးဇူးတင်ပါတယ်'

'နေပါဦး၊ ဒီလူက ခင်ဗျားကိုအန္တရာယ်ပြုလောက်အောင် ဖြစ်တာ သူက ဘယ်သူလဲ'

ချွန်းယိသည် ချူးမိန်အကြောင်း သိပြီးဖြစ်သည်။

သူတို့ တော်ရုံတန်ရုံသိုင်းသမားက မယှဉ်နိုင်ပေ။

ခုတော့....

အဆင့်မြင့် သိုင်းသမားတစ်ယောက်မှန်း သူသိလိုက်သည်။

'ကျွန်မလဲမသိလိုက်ပါဘူး၊ သူက ဒီကစောင့်နေတာ၊ ကျွန်မဝင်လာလို့ တိုက်ခိုက်တယ်လို့ထင်တယ်'

ချွန်းယိသည် မျက်မှောင်ကုတ်ပြီး စဉ်းစားသည်။

ပြီးမှ....

'ထားပါတော့လေ။ ကျွန်တော်တို့ကို ပြောပြမယ်ဆိုတဲ့အကြောင်းကို ပြောပါဦး'

ချွန်းယိ အချိန်တိုအတွင်း သိချင်တာတွေ မေးနေသည်။

'ခဏနေပါဦး'

မိန်းကလေး မီးခြစ်ကို ခြစ်လိုက်ပြီး....

ဖယောင်းတိုင်ထွန်းလိုက်ပြီး အနီးရှိဘုရားစင်တွင် ထွန်းထားလိုက်သည်။

ဘုန်းကြီးကျောင်းသည်....

ပျက်စီးနေပြီဖြစ်သဖြင့် ဘုန်းကြီးများပင် မရှိသောပေ။

www.burmeseclassic.com

www.burmeseclassic.com



ချန်းယိ အခန်းထောင့်မှ ကုလားထိုင်ပျက်တစ်လုံးကိုယူပြီး မိန်းကလေးကို ထိုင်စေသည်။

'ကဲ...ပြောမယ်ဆိုတာ ပြောတော့လေ'

မိန်းကလေးကို သူပြောနေသော်လည်း....

မိန်းကလေးသည် ကုလားထိုင်ကိုဆွဲပြီး သေသေချာချာ ထိုင်၏။

'နေပါဦး၊ ကျွန်မပြောတဲ့စကားကို ရှင်ကရောယုံမှာလား'

ချန်းယိတစ်ချက်ပြုံးပြီး....

'ကျွန်တော်ကတော့ ဘယ်သူမဆိုယုံပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဘက်က စိတ်ထားမှန်ရင် ကျွန်တော် ဘာဝန်ကျေတာမဟုတ်လား'

ချူးမိန် ခေါင်းညိတ်သည်။

'ကောင်းပါတယ်၊ ဘယ်သူတရားပျက်ပျက် ကိုယ်တရားမပျက်ဖို့ လိုပါတယ်'

'သူများကို ဝေဖန်နေဖို့ထက် ကိုယ့်ကိုကိုယ် ဝေဖန်ဖို့က အရေးကြီးပါတယ်'

'ဟုတ်ပါတယ်၊ အဲဒါအကောင်းဆုံးပဲ'

ချန်းယိပြုံးပြီး....

'ဘာလဲ ညီမနဲ့ တရားဆွေးနွေးဖို့လား'

ချူးမိန် ဟိခနဲ ရယ်သံထွက်လာသည်။



'ဟုတ်သားပဲ ကျွန်မပြောမယ့်ကိစ္စ လမ်းလွဲသွားပြီး ရှင်က စွန့်လွှတ်သူများဂိုဏ်းဆိုတာ ကြားဘူးလား'

ချန်းယိ ခေါင်းခါပြသည်။

'အင်း...မကြားမိဘူး'

ချူးမိန် စကားဆက်ပြောသည်။

'ဒီလိုပါ ကျွန်မချေဟာ နဂါးနက်ဂိုဏ်းကလွှတ်ပြီး သူဟာ ဝါယပ်တို့ကို သိုင်းပညာလေ့ကျင့်ပြီး အထူးလက်ရွေးအဖွဲ့ အဖြစ် ဖွဲ့စည်းထားတယ်၊ သူတို့ဟာ အင်အားတဖြည်းဖြည်း တောင့်တင်းလာတယ်၊ အဲဒီအင်အားနဲ့ပဲ ရှင်တို့ ဆွေ ထန်းရွာလေးကို အပြီးတိုင် ချေမှုန်းပစ်ဖို့ စီစဉ်နေတယ်၊ ဒီ အချိန်မှာ ဂူသခင်တို့ဟာ ရှင်တို့မျိုးဆက်မို့ သူတို့ကို စတင် တိုက်ခိုက်သုပ်ကြဲလိုက်တာပါ၊ ဒါ ကျွန်မတို့ စွန့်လွှတ်သူ များဂိုဏ်းက သိလိုက်ပါတယ်....

'အဲဒီအချိန်မှာ ရှင့်ကြွားဘွားက တာဝန်ပေးလို့ပဲရှင်၊ ဒီတာဝန်ကွေ ထမ်းဆောင်ရင် တစ်စုံတစ်ခု ဖြစ်မှာစိုးလို့ ကျွန်မတို့ကို ဟွာဟင်က ရှင့်ကိုခေါ်ယူဘွဲ့ဖို့ ကြိုးစားတာ ပါ၊ အဲ...နောက် ရှင့်ရဲ့တစ်ကိုယ်တော်သိုင်းပညာကို မဟွာ ဟမ် သဘောပေါက်သွားပြီး သူစိတ်ချက်ခနလိုက်တယ်—

'သူဟာ ရှင့်နားမှာ အမြဲရှိနေချင်ပေမယ့် မဖြစ်နိုင်တော့ ဘာကြောင့် ကျွန်မတို့ကပဲ အဲဒီဝေးက ရှင့်ကိုစောင့်ရှောက်နေ ခဲ့တာပါ၊ ရှင်ဟာ အမှော် မြေရောနှင်းမယ့် သားတော်ဟာလည်းဖြစ် လို့လဲ ရှင့်တို့ ဂုဏ်ပြုတဲ့အကြောင်း မှာလိုက်ပါ [illegible]

www.burmeseclassic.com



ရှင်နဲ့ကျွန်မတို့ဟာ ရန်သူလား မိတ်ဆွေလားသိဖို့ ကျွန်မ လာရှင်းပြရခြင်းပါ'

သူ့ စကားရှည်ကြီးကိုကြားရသည်နှင့်....

သခင်မလေးဟွာဟင်ကို စိတ်မကောင်းဖြစ်မိသည်။

ဟွာဟင်သည်....

ခွေအန်းရှာကိုထားရှိသော စေတနာကိုလည်း လေးစားသွားသည်။

'မကျေးဇူးတင်ပါတယ် ညီမရယ်၊ အစ်ကို သခင်မလေး ဟွာဟင်နဲ့ တွေ့ချင်ပါတယ်၊ တွေ့ခွင့်ရအောင် ကူညီပါလား၊ အစ်ကိုတို့ရှာက သူ့ကို စေတနာတုံ့ပြန်စေချင်တဲ့ အကြောင်း ပြောပြချင်လို့ပါ'

ချူးမိန် ခေါင်းခါပြသည်။

'အခုတော့ သူနဲ့တွေ့ဖို့ကိစ္စ ကျွန်မ မစီစဉ်ပေးနိုင်တော့ ဝမ်းနည်းပါတယ်၊ ဒါပေမယ့် အရေးကြီးတဲ့ ကိစ္စတစ်ခုကိုတော့ ရှင့်ကိုမှာချင်တယ်'

'ဘာများလဲ'

'ရှင်နောက်ဆုံး ယှဉ်ပြိုင်တိုက်ခိုက်ရမယ့် ကျွန်ချေမှာ လက်တစ်ချောင်း အပ္ပလိုင်းသွင်းသိုင်းကွက်ကိုနိုင်ဖို့ဟာ ရှင်နဂါးနက်ဂိုဏ်းက စုံဝေယန်ဆီသွားမှဖြစ်မယ် ဒီအကွက်ကို စုဝေယန်တစ်ယောက်ကတော့ ကောင်းကောင်းသိတယ်၊ ရှင် သူ့ဆီပြန်သွားစေချင်တယ်'

ချန်းယိ ခေါင်းခါလိုက်သည်။



'နေပါစေတော့ ညီမရယ်၊ အစ်ကိုဟာ ယောကျ်ားတစ်ယောက်ပါ၊ ဒီအကွက် ထိပြီးသေရမယ်ဆိုရင်တောင် စုံဝေယန်ဆီက အကူအညီမယူဘဲ အသေခံသွားမယ်'

'ရှင် သူနဲ့ယှဉ်ပြိုင်တဲ့အခါ ဒီ အီယန်ကျိဆိုတဲ့ သိုင်းကွက်ကို အောင်နိုင်ဖို့ အခြေအနေရှိဖို့ဆိုတာ ချင့်ချိန်ပြီးမှ ယှဉ်ပြိုင်ပါတဲ့၊ အကယ်၍ သူ့သိုင်းကွက်ကို အောင်နိုင်ဖို့ အခွင့်မသာသေးရင် ယှဉ်ပြိုင်မယ့်ရက်ကို ရွှေ့လိုက်ပါတဲ့'

ချန်ယိ ခေါင်းညိတ်လိုက်သည်။

'ကျွန်တော် သခင်မလေး ဟွာဟင်ရဲ့အမှာစကားကိုကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ဟာ ရက်ချိန်းပေးပြီးသားဖြစ်တဲ့အတွက် ရွှေ့လို့မရတော့ပါဘူး'

'ရှင်ဟာအတော်ခေါင်းမာတဲ့သူတစ်ယောက်ပဲ၊ ဒါကြောင့် သခင်မလေး ဟွာဟင်က ရှင့်အဖေနဲ့တူတယ်လို့ ပြောတာပဲ'

'ဒီလိုလဲမဟုတ်သေးပါဘူး၊ ကျွန်တော် အဖေခြေဖျားမကောင်းမမီသေးပါဘူး ဒါပေမယ့် ကျွန်တော်က ကိုယ်ခြေထောက်နဲ့ ကိုယ့်ခေါင်းနဲ့ အလုပ်လုပ်တာ ဝါသနာပါလို့ပါ'

အချိန်မည်မျှပင်ကြာသွားသည်မသိပါ။

ချူးမိန် သူ့ကိုကြည့်ပြီး ရယ်မောလာသည်။

သက်ပြင်းများပင် ချမိသည်။

သို့သော် အုန်းမောင်းသံကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ချူးမိန့်သည်...

'ကျွန်မမှာ ဒါတွေအကုန်ပြောပြီးပြီပဲ၊ ကျွန်တော်ကတော့ ချင့်ဖဲ့သာရှင် ဆုံးဖြတ်ပါ၊ ကျွန်မကိုခွင့်ပြုပါဦး'

'ကျွန်တော့်ကိုလဲ ခင်ဗျားတို့ သခင်မလေးနဲ့ တွေ့ဖို့ စီစဉ်ပါဦး'

'ဟုတ်ကဲ့...ကျွန်မကြိုးစားပါမယ်'

...★...



သူ မည်မျှအိပ်ပျော်သွားသည် မသိပါ။

နေရောင်ခြည်နှင့်နသည်...,

ပြတင်းပေါက်မှ ထိုးဖောက်ကာ ခုတင်ပေါ်တွင် အိပ်နေသော ချန်းယိအပေါ်သို့ ထိုးဖောက်ကျလာသည်။

အခန်းစောင့်ကလေး သူ့ဆီ ဝင်ရောက်လာသည်။

'ဘာကိစ္စရှိလို့လဲ'

လုလင်သည် တစ်ခန်းလုံး လှည့်ပတ်ကြည့်ပြီး....

'ဧည့်သည်ရောက်နေလို့ပါ ခင်ဗျာ'

'ဝင်လာခိုင်းလိုက်လေ'

လုလင်သည် ခေါင်းကုတ်ပြီး....

'အမျိုးသမီးဧည့်သည်ခင်ဗျ'

ချန်းယိ ကပျာကယာ အင်္ကျီကောက်ဝတ်လိုက်သည်။

ဧည့်ခန်းထဲသို့ သူ ရောက်တော့...

အစိမ်းနုရောင်ကိုဝတ်ထားသော နှင်းဆီကို တွေ့သည်။

'ဟေ...နှင်းဆီ စောစောစီးစီးဘာကိစ္စများ၊ အရေးတကြီးဖြစ်လို့လဲ၊ မလာဖူး အလာထူးတာ'

နှင်းဆီသည် ချန်းယိအား တွေ့လိုက်သည်နှင့်မတ်တတ်ရပ်ပြီး...

'ကျွန်မ စိတ်မချလို့လာတွေ့တာပါ'

'ဘာတွေစိတ်မချတာလဲ ညီမလေး'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို ယှဉ်ပြိုင် တိုက်ခိုက်မယ့် သတင်းဟာ တစ်မြို့လုံး ပျံ့ယက်ရိုက်နေတယ်၊ အစ်ကိုသတိထားဖို့က ချိန်းထားတဲ့မြေ နေရာကို အရင်ဦးဆုံး သွားကြည့်ထားဖို့ရယ်၊ ကျန်ရှိနေရဲ့ ညစ်ပတ်တဲ့စိတ်ကိုသိဖို့ရယ် ဒါတွေကို မေမေမှာလိုက်လို့ ညီမ ကိုယ်တိုင် လာပြောတာပါ'

'ကျေးဇူးတင်ပါတယ် နှင်းဆီ'

နှင်းဆီ ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

'ညီမစိတ်ထဲ မသင်္ကာစရာတစ်ခုဖြစ်နေသလိုပဲအစ်ကို'

'ဘာဖြစ်လို့လဲညီမရယ်'

'အစ်ကိုတို့ထဲက တစ်ယောက်ဟာ မသင်္ကာစရာ ဖြစ်နေတယ်'

'ဘယ်သူလဲဆိုတာကော ညီမသိလား'

'ဒါတော့ ဘယ်သိမလဲ၊ အစ်ကိုတစ်ယောက်ကတော့ ကျိန်းသေတယ်'

ချွန်းယိ မျက်မှောင်ကုတ်၍ စဉ်းစားသည်။

'အေး ...အစ်ကို သတိထားပြီး နေပါမယ်၊ ညီမ အိမ်အလုပ်တွေ နောက်ကျနေမယ်၊ ပြန်တော့နော်'

နှင်းဆီ သူ့ကို နှုတ်ခမ်းစူပြီး....

'ဒီကလာပြီး သတင်းလဲ ပေးရသေးတယ်၊ သူကမောင်းထုတ်တယ်'



ချွန်းယိ နှင်းဆီ၏ခေါင်းလေးကိုပွတ်ပြီး....

'အစ်ကို မောင်းမထုတ်ပါဘူး ညီမရယ်၊ တော်ကြာတကယ် အိမ်အလုပ်တွေ နောက်ကျမှာ စိုးလို့ပါ ညီမ'

ချွန်းယိ နှင်းဆီကို ပြန်လွှတ်လိုက်ရခြင်းကအကြောင်း ရှိသည်။

သူ့လို တစ်ကိုယ်တော်သူရဲကောင်းအဖို့....

အချိန်မရွေး အန္တရာယ်များ ရှိနိုင်သည်။

ထိုအန္တရာယ်ကို....

သူ တစ်ဦးတည်းဖြေရှင်းတာ အကောင်းဆုံးလို့ သူ ထင်သည်။

....★....



www.burmeseclassic.com

www.burmeseclassic.com

## ကြေးစားတို့ အရှုံး

နေဝင်ဆည်းဆာအချိန်....။

ကောင်းကင်တစ်ခုလုံး ထိန်တောက်နေသည်။

ပန်းနုရောင်အလျှံသည် သက်တန့်ရောင်ပြေးနေသည်။

နေရောင်သည် တောင်တစ်ခုလုံး ဖုံးလွှမ်းနေသည်။

လုလင်တစ်ယောက်....

တောတောင်၏သဘာဝတို့ကို ငေးမောနေသည်။

သူ တောင်ပေါ်၏အခြေအနေကို အကဲခတ်လာခြင်း ဖြစ်သည်။

တောင်ပေါ်ရောက်လျှင်....

သူ တစ်စုံတစ်ရာ အန္တရာယ်တစ်ခုဖြစ်မည်ဟုစိတ်ကအလိုလိုသိသလိုဖြစ်နေသည်။



ဒါကြောင့်....

သူ သတိဝီရိယဖြင့် တဖြည်းဖြည်း တက်လာခဲ့သည်။

တစ်ယောက်တည်း....

သဘာဝအလှကို အပြည့်အဝခံစားချင်သော်လည်း သူ့မှာ တာဝန်ရှိသေးသည်။

ဆွေမျိုးဆိုသော အကြောင်းသည် သူ့မိသားစုအတွက် တာဝန်တစ်ခုဖြစ်သည်။

ထိုတာဝန်သည် သူ့အဖို့ ပခုံးထမ်းတာဝန်ပင်ဖြစ်သည်။

ရုတ်တရက်....

'ဟေ့ မကောင်း....ရပ်လိုက်'

ဟူသောအသံတစ်ခု ထွက်လာသည်။

ချွန်းယိ အသံလာရာသို့ လှည့်ကြည့်လိုက်သောအခါ....

မိုးကာအင်္ကျီဝတ်ထားသောလူတစ်ယောက် သစ်ပင်ကွယ်ရာမှ ထွက်လာသည်။

သူတစ်ကြိမ်က တွေ့ဖူးသော လူတစ်ယောက်။

စူးသခင်အိမ်တွင် တွေ့ခဲ့ရသော သူ။

ဝါယင်ထဲက တစ်ယောက်။

ချွန်းယိ....

သူ၏အော်ပြောသည်ကို မကြားသလိုလုပ်ပြီး လမ်းဆက်လျှောက်လာသည်။

'ဟေ ....ရပ်လိုက်ဆိုတာ မကြားဖူးလား'

... သူ့ကို အော်ပြောသည်။

www.burmeseclassic.com



သည်တစ်ခါ လှည့်ကြည့်လိုက်တော့....

နောက်တစ်ယောက်က ထပ်တိုးခဲ့ကာ ပေါ်လာသည်။

ဒါပေမယ့်....

ချန်းလီ မချိုပြုံး ပြုံး၍နေသည်။

'မင်း ဒီတစ်ခါ ဘယ်ဖြေးမလဲ ကိုယ်တော်လူ'

တစ်ယောက်ပြီး တစ်ယောက် ထွက်လာရင်းနှင့် သူတို့ ဆယ်လောက်ဖြစ်နေသည်။

ချန်ယီ သည်ဆယ်ယောက်ကို ယှဉ်ပြိုင်ရတော့မည်။

'တို့ ဆယ်ယောက်က မင်းကို အခွင့်အရေးတစ်ခုပေးမယ်။ မင်း တို့နဲ့အတူ အသာတကြည်လိုက်မလား, မလိုက်ဘူးလား'

'မလိုက်ဘူးဆိုရင်ကော'

ခေါင်းဆောင်လုပ်နေသော လုလင်သည် ဓားကိုဆွဲထုတ်လိုက်သည်။

'မလိုက်ရင်တော့ မင်းတို့ ပညာပေးရမှာပေါ့ကွာ'

'ကောင်းပြီ၊ မင်းတို့သိုင်းပညာအဆင့် ဘယ်လောက်ရှိတယ်ဆိုတာ ငါသိချင်နေတယ်'

ဝါယင်ခေါင်းဆောင်ဟု ထင်ရသော လုလင်သည်....

'ကဲ.... ညီအစ်ကိုတို့ သူ့ကိုဝိုင်းဖမ်းထားလိုက်စမ်း'

ဝါယင်တို့အဖွဲ့....

သူ့ကိုတိုက်ခိုက်အနိုင်ယူရန် အဆင်သင့်လုပ်ကြသည်။

ဒါကိုပင်....

ချန်းယီ အေးအေးဆေးဆေးပင်။



သူ့အဖို့ တိုက်ပွဲတို့သည် ထမင်းစားခရေသောက် ဖြစ်နေသည်။

ဦးဆောင်သူလုလင်က တိုက်ခိုက်သည်နှင့် နောက်လူတွေ အကုန်လုံး ဝင်ရောက်တိုက်ခိုက်ကြသည်။

ထိုသူတို့၏ ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာသော ဓားကွက်တို့သည်....

ချန်းယီအဖို့ အဆန်းမဟုတ်သော်လည်း တော်ရုံ သိုင်းသည်နှင့်ဆိုလျှင် ဝင်ခုတ်လိုက် ထွက်သွားလိုက်နှင့် မထေမ ထင်ထားသည့် အလွယ်တကူနှင့် ပြီးသွားမည်ထင်ပြီး ပေါ့ပေါ့ သဘောထားယှဉ်ပြိုင်နေသည်။

တကယ့်လက်တွေ့တွင် သူထင်သလိုမဟုတ်ပေ။

သူတို့အပေါ် အထင်သေးမှုသည် မိမိအမှားတစ်ခုပင် ဖြစ်နေသည်။

ဓားကွက်များသည် ဆက်စပ်နေသည်။

လှိုင်းလုံးလို....

အမြဲယိမ်းထိုးနေသော ဓားကွက်တွေဖြစ်သည်။

အဆုံးအဆမရှိသော ဓားကွက်တို့သည်....

ချန်းယီ၏ ပတ်ပတ်လည်တွင် တရစပ်ဖြစ်နေသည်။

သူ၏....

အထက်မြက်ဆုံး သိုင်းကွက်ဖြင့် ပြန်လည်တိုက်ခိုက်နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့်....

အချပ်ဆွယ်မျက်နှာမှလာနေသော သိုင်းကွက်တွေကို သူ ဆဲဆဲမဲမဲ ခုခံနေရသည်။

သူ့ဘက်ကရှုံ့နိမ့်ဖို့အတွက် အခြေအနေတွေဖြစ်သည်။

သူ့ဘက်က...

အရေးနိမ့်သည့်အရိပ်အယောင် မြင်သည်နှင့် ဝါယင်တို့ အဖွဲ့ဘက်က တရကြမ်း တိုက်စစ်ဆင်နေတော့သည်။

ချန်းယိ အလှူ့အလဲဖြစ်နေရပြီး....

ရန်သူကို လျော့တွက်သောသူ့ကို ရန်သူက ပြန်၍အရွဲ့ အရေး အသုံးချခြင်း ဖြစ်သည်။

ချန်းယိ ချွေးပြန်လာသည်။

လက်ထဲကဓားသည် ချွေးတွေကြောင့် လွတ်ချင်လာ၏။

သူ နောက်တစ်ကွက်မပြောင်းမီ....

ဝါယင်တို့အဖွဲ့က အကွက်ပြောင်းပြီးသား ဖြစ်နေသည်။

အခြေအနေမှာ ဆိုးသည်ထက် ဆိုးလာသည်။

သူ ရှုံးဖို့လမ်းစရောက်လာသည်။

ထိုစဉ်....

သူတို့ဆီသို့ ရွေ့လာသော အရိပ်တစ်ခုနှင့်အတူ ဓားတစ်လက်သည် ဝိုင်းဖွဲ့ထားသော လူဆယ်ဦး၏အလယ်သို့ ခုန်ဝင် တိုက်ခိုက်တော့သည်။

ချန်းယိ ကြောင်သွားသည်။

ရန်သူတစ်ယောက်တိုးသည်ဟု သူထင်လိုက်သည်။



တကယ်တော့ သူထင်သလိုမဟုတ်။

ဝါယင်တို့ကိုတိုက်ခိုက်နေသော နှင်းဆီပင်ဖြစ်သည်။

မိနစ်ကလေးရောက်လာမှ ဝါယင်တို့အဖွဲ့ လက်ကျသွား သလို ဖြစ်သွားသည်။

သူတို့ အခြေအနေမဟန်ကြောင်းသိ၍....

လက်လျှော့ပြီး နောက်ဆုတ်သွားကြသည်

နှင်းဆီက ချန်းယိကို တိုက်ရင်းဆုတ်ဖို့ မျက်ရိပ်ပြသည်။

သူတို့ကိုဖောက်ထွက်မှ....

ဒီတိုက်ကွက်ပျက် သွားမည်ဖြစ်သည်။

ဒါကို နှင်းဆီသိသည်။

ရုတ်တရက်....

"အား...."

ဓားတစ်ချက်သည်....

သူ့လက်မောင်းရင်းကိုစုတ်တွက်သွားသည်။

နှင်းဆီ သူ့ဆီသို့ပြေးအသွား....

"အား...."

နှင်းဆီကို ဓားတစ်ချက်ထိပြန်သည်။

နှစ်ဦးစလုံး ဒဏ်ရာနှင့်ပင်။

ဒါပေမယ့် ကြီးကြီးကျယ်ကျယ်ထိလိုက်ခြင်းမဟုတ်။

သူတို့နှစ်ယောက် ဆက်လက်တိုက်ခိုက်နိုင်သည်။

နှစ်ယောက်စလုံး ထိခိုက်ထားသောကြောင့် ပုံစံပြောင်းရ သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးကခုခံပြီး တစ်ဦးကဖောက်ထွက်ရန်ဖြစ်သည်။

ချွန်းယိ ခုခံတိုက်နေရသည်။

နှင်းဆီ ထွက်ပေါက်ကိုရှာနေစဉ်....

အနီရောင်အလင်းတန်းတစ်ခု လှုအုပ်ထဲသို့ ဝင်ရောက်လာသည်။

အလင်းတန်းသည်....

ဝါယင်တစ်ယောက်ကိုထိသွားပြီး လဲကျသွားသည်။

ဒီအပေါက် ထွက်ပေါက်ဖြစ်သွားသည်။

နှင်းဆီ ထိုထွက်ပေါက်မှ ထွက်သွားနိုင်သည်။

နောက်အလင်းတန်းတစ်ခုနှင့်အတူ နောက်တစ်ယောက် လဲကျသွားသည်။

မိန်းကလေးတစ်ယောက် ဖြစ်သည်။

သူသည်....

ချွန်းယိနှင့်တွဲ၍ ဆက်လက်တိုက်ခိုက်သည်။

လူလင်တစ်ယောက် ဝင်ရောက်လာပြန်သည်။

သူတို့ ချွန်းယိသိသည်။

ချူအင်းပင်....။

သုံးယောက်နှင့် ရှစ်ယောက်မို့ သူတို့ ဆက်ပြီးယှဉ်ပြိုင်နိုင်သည်။

ဝါယင်တို့လက်မန်းကျပြီး တစ်ဦးပြီးတစ်ဦး ထွက်ပြေးတော့သည်။

'ကျေးဇူးတင်ပါတယ် ဟုန်ဝေ'



'ကျွန်တော်ကလဲ ကျေးဇူးတင်ပါတယ်'

'ဘာဖြစ်လို့လဲခင်ဗျာ'

'ကျွန်တော့် အစ်မဟာ ခင်ဗျားကြောင့် ကျွန်တော်တို့အဖေကိုကယ်နိုင်ခဲ့တာပါ။ ဒါကြောင့် ခင်ဗျားကို ကျေးဇူးတင်တာပါ'

ဟုန်ဝေကပြုံးပြီး....

'စွေထန်းရှောက သိုင်းသမားကို နှောင့်ယှက်မိရင်ခွင့်လွှတ်ပါ'

'ဟာ....ခင်ဗျားမနှောင့်ယှက်ပါဘူး။ အညီတာပဲဟာ'

ဟုန်ဝေ အကျိုးအကြောင်းရှင်းပြသည်။

တကယ်တော့....

သူတို့နှစ်ယောက်သည် ဇင်ကျောင်း၏ ဘက်တော်သားမို့လို့ စွန့်လွှတ်သူများ သခင်မလေးဂိုဏ်းကလိုလို ချွန်းယိတို့နောက်ယောင်ခံလိုက်ပြီး စောင့်ကြည့်နေခဲ့ရ၏။

'ခုတော့ ဒီအလုပ်ဘော့ ကျွန်မတို့နှစ်ယောက်စလုံး မလုပ်ကြတော့ဘူး'

ဟုန်ဝေက...

အကြောင်းစုရှင်းပြပြီး ချွန်းယိကို စိတ်မကောင်းစွာကြည့်သည်။

သူ့ ခါးမှ....

ပဝါစနီကလေးဖြင့် ချွန်းယိ၏ လက်မောင်း အနာကို ဆေးထည့်၍ ကြင်ကြင်နာနာစည်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီ သူ့လက်ကဒက်ရာကို ပတ်တီးစည်းပြီးရင်း မနာလိုသလို့မျက်လုံးဖြင့် ဟုန်ဝေကိုကြည့်သည်။

တကယ်ခတော့....

ဟစ်ကိုယ်တော်လူစွမ်းကောင်းကြီးချန်းယိသည် အသည်းမည်းမျှမှာနေပါစေ၊ နှဖူးတွေ့ ဒူးတွေ့တွေ့သောအခါ သူသူလည်း လောကီသားဖြစ်သည်နှင့်အညီ သာယာမိသည်။

နှင်းဆီနှင့်ဟုန်ဝေတို့အကြား သူ မဆက်ဆံတတ်အောင် သူ့စိတ်ထဲဖြစ်ပေါ်နေသည်။

....★....

## ယုတ်ညံ့သူ၏ အကြံ

ပင်ပန်းမှုဒဏ်၊ တာဝန်ကျေပွန်ဂုဏ်၊ ဆွေမျိုးသိက္ခာ၊ မျိုးရိုးဗီဇလို့သည့် ချန်းယိအပေါ် တစ်ခုပြီးတစ်ခု ရှင်းလင်းနေရသည်။

ဒါတွေအားလုံးကို ရှင်းလင်းပြီးလျှင်....

သူသည် အမေနှင့် အဖေအတွက်၊ ဦးလေးနှင့် အဒေါ်အတွက်၊ သူ့အဖို့ တာဝန်ကျေသောသူတစ်ယောက် ဖြစ်ပေတော့မည်။

ဖွေ့ကန်းရွာတစ်ရွာလုံးက သူ့ကို သူရဲကောင်းကြီးအဖြစ် ဂုဏ်ပြုတော့မည်။

လူဝယ်တို့သဘာဝ သူ အိပ်မက်များပင် မက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့...

သူလိုချင်သောအရာသည် ဒါတွေမဟုတ်တော့မှန်း သူ သိလာသည်။

ဘဝကို အေးအေးဆေးဆေးနေချင်သည်။

လူတစ်ဦးနှင့်တစ်ဦး တိုက်ခိုက် အနိုင်ယူရတဲ့ပွဲတွေသူမုန်းလာသည်။

ကလဲ့စားချေခြင်းကို သူရှက်ရွံ့သည်။

ယခုလည်း....

သူ့တာဝန်က သူ တရားခံအစစ်ရှာတွေ့ခဲ့ပြီးပြီ၊

ဒီတရားခံကို သူ တကျော့လည်ဆုံးဖြေရှင်းပေးချင်သည်။

ဘယ်သူဖောက်ဖောက် သူမဖောက်ပေ၊

ဘွားဘွားကိုလည်း ကတိပေးပြီးသားပင်၊

မိမိတို့ဆွေမျိုးတို့သည်....

ကလဲ့စားချေတတ်သော ဆွေမျိုးများမဟုတ်၊

ကျန်ချေသည်....

သူ့အဖေကို အမုန်းကြီးမုန်းပြီး အဖေနှင့်ပတ်သက်သမျှကို သုတ်သင်ရှင်းလင်းချင်သောစိတ်သည် သူ့ထံတွင် ပြင်းထန်စွာ ဖိစီးနေသည်။

ကိုစိတ်ဖိစီးမှုကြောင့်ပင်....

သူ ချန်းယိတွက်လာကတည်းက တစ်မျိုးပြီး တစ်မျိုး နှောင့်ယှက်လာခဲ့သည်။



ဒါတွေကို...

စွန့်လွှတ်သူများရဲ့သခင်မလေးက ကြိုတင်ပြီး သူ့ကို ဟန့်တား နှောင့်ယှက်နေသည်ဟု သူထင်ခဲ့သည်။

တကယ်တော့....

ဟွာဟင်သည် သူထင်သလိုမဟုတ်ခဲ့ပြန်ပေ။

သူစုံစမ်းခဲ့ရသမျှတွေ ဦးလေးဆီမှာထားခဲ့သော ကြုပ်ကလေးသည် ဖေဖေ၏ ချစ်သက်လက်ဆောင်တစ်ခုပင်....

ဒါကို ကျန်ချေသိသည်။

ဒါကြောင့်လည်း....

သူ၏သွေးသောက် စုစီကျင်းကို ခိုးခိုင်းခဲ့ခြင်း ဖြစ်သည်။

ကျန်ချေလက်ဖယ်ကကြုပ်ကလေးသည်....

ကလဲ့စားချေဖို့ အမှတ်တရပစ္စည်းတစ်ခု ဖြစ်ခဲ့သည်။

ဒါတွေဟာလည်း....

ချန်းယိအဖို့ တွေဝေစရာတွေ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တစ်ယောက်နှင့်တစ်ယောက်....

ချစ်ခြင်း၏အတုံ့အပြန်ကို မရဘဲအခါ အမုန်းတို့သည် ထုနှင့်ထည်နှင့် ပြန်လည်ဖြစ်ပေါ်လာမြဲဖြစ်သည်။

ဘဝတွေသည်....

အမြဲမပြတ် ပြောင်းလဲနေသည် ကျင်ချေ မသိလိုက်ရာ သလား။

သူကတော့....

သည်နေ့ တစ်ယောက်တည်း အိမ်ကထွက်လာတာ တစ်နှစ်ပြည့်ပြီ။

သည်တစ်နှစ်အတွင်း....

သူ့ဘဝအပြောင်းအလဲတွေကို သူလည်း စဉ်းစားမိသည်။

ပထမဆုံးတွေ့ခဲ့ရသည့် မိန်းကလေးက စုလင်း။

ချစ်စရာထက် သူ့ကိုတုန့်လှုပ်ဖို့ စတင်ပြောဆိုသွားသည့် သူလေး။

နောက်တစ်ယောက်က ယင်ယင်။

အထိန်းတော်တစ်ယောက်နှင့် အတူနေပြီး ကုန်ချေခိုင်း သမျှ လုပ်နေရသောသူ။

သူ့မောင်လေး ချူအင်းပြောမှ သူတို့နှစ်ယောက် ပို၍ရင်းနှီးသွားရသည်။



ဟုန်ဝေ သူလည်း ချန်းယိအမှတ်ရနေမယ့်သူပင်။

ချူအင်းက သူ့ကိုတစ်ဖက်သတ်ကြိုက်နေသည်ကို ချန်းယိ သိသည်။

ဟုန်ဝေက စိတ်ဝင်စားဖွယ်ကောင်းသော မိန်းကလေး။

နောက် ချူးမိန်၊ သခင်မလေးအလိုကျ လှုပ်ပေးရသူ။

နှင်းဆီ သူကလည်း အသက်ကိုပင် ကယ်ခဲ့ဖူးသည်။

စုဝေယန်နှင့်ကျမှ သူမနေနိုင်မထိုင်နိုင် ဖြစ်ခဲ့ရသည်။

ဒါပေမယ့်....

သူဟာ တာဝန်တွေနှင့်လူအဖြစ်ကြောင့် စုဝေယန်တို့ စွန့်လွှတ်ရပြန်သည်။

သူတောင်ပေါ်သို့ တဖြည်းဖြည်း တက်လာသည်။

သည်နေ့မှ....

သူ နောက်ကြောင်းတွေ စဉ်းစားမိသည်။

ညီမဇမ်းကွဲတစ်ယောက် ကိစ္စဖြင့် သူ စုံစမ်းနေရသော အခြေအနေသည် ပြီးပြည့်စုံပါပြီ။

သူကလေးကို....

ဘွားဘွားတို့ ထိန်းသိမ်း စောင့်ရှောက်ထားသည်မို့ သူ စိတ်အေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟစ်ခါထစ်ခါတော့လည်း သတိရမိသည်။

ခုဆို....

နောက်ဆုံး ကျွန်ုပ်ချေနှင့် နဖူးတွေ့ဒူးတွေ့ တွေ့ရတော့မည်။

တစ်ယောက်နှင့်တစ်ယောက် တွေ့ချင်သည်။

မိတ်ဟောင်း ဆွေဟောင်းများတွေ့ကို သတောထားရှိမရပေ။

ဟကယ်တော့....

ရန်သူအသွင် တွေ့ခြင်းပင်။

သူမတွေ့ချင်၍....

ရှောင်လို့လည်း မဖြစ်ပေ။

သူကိုယ်တိုင် ချိန်းပြီးသား ဖြစ်နေသည်။

စိတ်ကိုဆုံးဖြတ်လိုက်သည်။

သူ အကောင်းဆုံးတွေ့ဆုံဖို့ ကြိုးစားမည်။

ဒါမှ....

သူ ဘက်ကဖောက်လာရင်တော့ သူ့အခြေအနေ ကြည့်၍ လုပ်ရတော့မည်။

သည်တစ်ခါ တောင်ပေါ်ရောက်လာသည်မှာ....

လမ်းခရီးပို၍ဆိုးသောသလို ထင်မိသည်။

နေရောင်ခြည်သည် ဘောက်နိုင်လွန်းသည်။



တွေ့ရပါပြီ။

သူက တွေ့ချင်လွန်းသူ....၊

သူ့ကိုလည်း တွေ့ချင်လွန်းသူ....၊

ထိုသူနှစ်ဦး....

တောင်ထိပ်အမြင့်ဆုံးနေရာ လူသူရှင်းလင်းနေသည်။

ချိန်းဆိုချက်ကို....

မပျက်မကွက် လာရောက်ကြခြင်းဖြစ်သည်။

ယောကျ်ားကောင်းတို့၏တာဝန်။

သူတို့၏အခြေအနေသည်....

တောက်မနေသော ရောင်ခြည်တွင် နှစ်ဦးစလုံး စိတ်လှုပ်ရှားနေကြသည်။

ချုန်းယိကြည့်လိုက်တော့ သူ အသက်ငါးဆယ် ကျော်လောက် ရှိမည်ထင်သည်။

ကျွန်ချေ သူ့ဆီတစ်လှမ်းချင်းလျှောက်လာသည်။

'မင်းအဖေက ဘာဖြစ်လို့ သူကိုယ်တိုင်မလာတာလဲ'

ဒီလိုမေးသည်လို ချုန်းယိမကြိုက်ပေ။

အဖေကိုထိလျှင်....

နည်းနည်းမှမခံတတ်သော သားတစ်ယောက်ဖြစ်၍—

ထိန်းမင်းစာစေ

www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေဟာ အသက်ကြီးပါပြီ၊ လောကီကိစ္စတွေကို သူဟာ ဥပေက္ခာပြုထားပါပြီ ဦးလေး၊ ဖေဖေဒီအတိုင်းနေဖို့ ကျွန်တော် တောင်းပန်ချင်ပါတယ်'

'ဟား.... ဟား.... မင်းက တော်တော်လာတဲ့ကောင်ပဲ၊ မင်းအဖေလိုလူမျိုးကတောင် ငါ့ကိုမပြောနဲ့၊ မင်းလို လက်တောက်လောက် အကောင်က ငါ့ကိုဆုံးမနေတယ်ဆိုတော့ မင်းဟာ တော်ရုံကောင်မဟုတ်နိုင်ဘူး၊ မင်းဟာ ငါနဲ့လာတွေ့တာကိုက ကံဆိုးတာပဲ ကိုယ့်လူ'

'ဦးလေးခင်ဗျာ ကျွန်တော်ကံဆိုးတယ်၊ ကံကောင်းတယ် ဆိုတာ ကြိုတင်ပြောလို့ မရပါဘူးခင်ဗျာ'

'မင်းကလူငယ်ဆိုတော့ မင်းကိုဦးစားပေးရမှာပဲ၊ ဒီအချိန်မှာ မင်းအတွက် နောက်ဆုံးအခွင့်အရေးပဲနော်'

ချန်းယီ ပြုံးပြီး....

'ခုလိုအခွင့်အရေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်'

ချန်းယီ ရိုသေစွာပြန်ပြောလိုက်သည်။

'ကဲ.... နောက်တော့ မင်းကို စတင်တိုက်ခိုက်ခွင့်ပေးလိုက်ဦးမယ်'

ကျွန်ချေက မထေမဲ့မြင်လေသံဖြင့် ပြောလိုက်၏။



'ဦးလေးနဲ့ ကျွန်တော် မရှင်းခင် ကျွန်တော်သိချင်တာလေး တစ်ခွန်းလောက်တော့ မေးပါရစေ'

ကျွန်ချေ မျက်နှာသုန်မှုန်သွားပြန်သည်။

'မေးကွာ.... မေး'

'ဒီလိုပါဦးလေး၊ ကျွန်တော့်ဦးလေးနဲ့ အဖေ့ကို ဘာကြောင့် သတ်ဖြတ်ရတာလဲ၊ နောက်တစ်ခုက ဦးလေးဟာ နဂါးနက်ဂိုဏ်းသခင်မလေးကို မရတာနဲ့ ကျွန်တော်တို့ရွာအပေါ် အညိုးထားတာရယ်ပါ'

ကျွန်ချေ ဟက်ဟက်ပက်ပက် ရယ်တော့သည်။

'ဟား.... ဟား.... ဟား.... ကြိုက်သွားပြီ၊ ကဲ.... အချိန်မရှိဘူးကွာ၊ ငါပြောမယ်၊ ငါဟာ ဟွာဟင်ကို အသေအလဲ ကြိုက်တယ်၊ ဒါပေမယ့် သူငါ့ကိုမကြိုက်ဘူး၊ မင်းအဖေကို ကြိုက်တယ်၊ ငါဟာ အရှုံးကြုံခဲ့ရတာပဲ၊ ဒီအတွက် မင်းအဖေကိုမကျေနပ်ဘူး၊ မင်းအဖေကြောင့်သာ ဒီအကြောင်းတွေဖြစ်ခဲ့ရတာ၊ မင်းအဖေသာ အဲဒီအချိန်ကသူ့အနားမှာမရှိခဲ့ရင် ဒီအကြောင်းတွေဖြစ်မှာမဟုတ်ဘူး....

'ဒီအတွက် ငါဟာ ဟွာဟင်ကိုလဲစိတ်နာတယ်၊ ဒါကြောင့် မင်းအဖေရဲ့ အမြတ်တနိုးပစ္စည်းတွေဟာ ငါ့အတွက်အသုံးဝင်အောင် ငါစီစဉ်ပြီးယူခိုင်းရတာပဲ၊ ဒီပစ္စည်းဟာ ငါ့အရှေ့မှာ ကိုက်လဲစားချေဖို့ အခွင့်အရေးပဲ၊ ဒီပစ္စည်းလေးနဲ့ပဲ မင်း

www.burmeseclassic.com

www.burmeseclassic.com



စွေထန်းရွာကို အမြီးတိုင် ချေမှုန်းနိုင်အောင် ငါကြံစည်ခဲ့တာပဲ...

'တကယ်လဲ စူးသွေးခင်ကိုငါယက်ခဲ့တာ၊နောက်တစ်ယောက်က မင်း၊ မင်းပြီးရင် ခင်းအဖေအလှည့်၊ နောက်ဆုံးအလှည့်ကျတော့ ဟွာဟင်ပဲ၊ ကဲ... မင်းကျေနပ်ပြီလား၊ ဒီလူတွေမရှိတဲ့နောက်မှာ ငါသေပျော်ပြီ'

'ကျေးဇူးတင်ပါတယ် ဦးလေး'

ချွန်းယိ အားလုံးအဓိပ္ပာယ်ပေါက်သွားပြီဖြစ်တဲ့အတွက်...

ကျွန်ချေကို သူက သက်ဖြတ်မှုစတင်တိုက်ခိုက်သည်၊

ဒီလိုကလေးတိုက်ကွက်မျိုး...

အစပထမ မယ်တော်ဦးချတိုက်ကွက်၊ ကျွန်ချေစိတ်ထဲ တစ်မျိုးဖြစ်သွားသည်၊

ဒီကလေး ဒီလိုသိုင်းပညာကို အစမှနေ၍ အရိုအသေပေး တိုက်ခိုက်ခြင်းဖြစ်သည်။

သူ ကလေးကို အဓိပ္ပာယ်မဲ့အနိုင်မယူချင်၊

ရသေ ကွက်ဟုခေါ်သော တံတောင်ဆစ်ထောက်၍ လက်ဝါးဖြန့်ကာ မျက်နှာအနားရောက်မှ ကုတ်ချလိုက်သည်၊

ချွန်းယိ နောက်လှန်၍ရှောင်လိုက်သည်၊



နောက်...

မြွေပွေးကွက်ဟုခေါ်သော တံတောင်ဆစ်ဖြင့်တွတ်လိုက်သည်၊

ဒါကို ချွန်းယိတွေ့လိုက်၍...

ကိုယ်ကိုကော့၍ ရှောင်လိုက်ရသည်၊

ချွန်းယိ သူတတ်ထားသောသိုင်းကွက်တို့ဖြင့် အစွမ်းကုန် တိုက်ခိုက်နေသည်၊

ကျွန်ချေ ခြေတစ်ချောင်း လေတွင်ဆန့်တန်း၍ ဒေးဝင်ရှိုး ချွန်းသိုင်းကွက်ဖြင့် အဖချီတိုက်ခိုက်သည်၊

ခြေတစ်ဖက်က...

မြေတွင်ထောက်၍ ကျွန်ခြေတစ်ဖက် စကြာပုံလှည့်ပြီး ချွန်းယိရှိသောနေရာတွေ့ကိုလိုက်ပြီး မျက်နှာကိုသာမှဲ့၍ တိုက်ခိုက်သည်၊

ချွန်းယိ ကော့ပတ်ရှောင်နေရသည်၊

သူ့လက်ဖြင့်...

ခြေထောက်ကိုပုတ်နေရသော်လည်း သူ့အတွင်းအားသည် ကျွန်ချေခြေထောက်ကို ဆန့်တန်းထားခြင်းမှ နေရာရွေ့လျားသွားအောင် မလုပ်နိုင်ပေ၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်....

သိုင်းကွက်တစ်ရာမျှ တိုက်ခိုက်ပြီးကြပြီ။

သို့သော်....

မည်သူမျှ အသာမရပါချေ။

ကျန်ချေသည်....

သဲသဲမဲမဲတိုက်ခိုက်ရင်း သူ့တိုက်ကွက်တွေကို ရှောင်နိုင်ချန်းယိကို စိတ်ဝင်စားချီးကျူးနေသည်။

စိတ်ထဲတွင်လည်း....

'ငါ ဒီသူငယ်နှင့် ဒီလောက်တိုက်ခိုက်နေတာ ငါတော့ သိက္ခာကျတော့မှာပဲ'

စိုးရိမ်စိတ်လည်း ဝင်လာသည်။

ဒါကြောင့်....

သူ့ရဲ့နောက်ဆုံးတိုက်ကွက်ဖြင့် ထိုက်ခိုက်ရန် သူဆုံးဖြတ်လိုက်သည်။

သူ နောက်သို့နှစ်လှမ်းဆုတ်လိုက်သည်။

ယန်ကျဲခေါ် သိုင်းကွက်ဖြင့်....

သူတိုက်ခိုက်တော့မည့် စီးကူးလှိုင်းအတွင်းအား တ ချောင်း သိုင်းကွက်ဖြစ်သည်။

ထိုသိုင်းကွက်ဖြင့်သာ....

ချန်းယိကိုအနိုင်ယူရပေမည်။



ချန်းယိ သူ့ရွှေ့လျားမှုတွေကို သဘောပေါက်သည်။

သူ နောက်ဆုံးသိုင်းကွက်ဖြင့် အနိုင်ယူတော့မည်။

ချန်းယိအဖေဆီက သင်ထားခဲ့သမျှ သိုင်းပညာသည် ဒီပွဲတွင် အကုန်ထုတ်သုံးရတော့မည်။

အဖေ့မျက်နှာကို သူ ပြန်မြင်လာသည်။

အဖေထားခဲ့သော....

လူတွေအပေါ် သစ္စာတရားကို သူအာရုံပြုလိုက်သည်။

သူ့တစ်ကိုယ်လုံးရှိအားများ ပြန်လည်ဝင်လာသည်။

ဘွားဘွားကစ၍ ဆွေမျိုးသားချင်းတွေအတွက် သူအမှန်တရားကို ရင်ဆိုင်ရပေတော့မည်။

....★....

www.burmeseclassic.com

www.burmeseclassic.com

အမှန်းတရားက သစ္စာ

---

ချန်းယီသည် ပါးနပ်သော လူငယ်တစ်ယောက်ဖြစ်သည်။
ဟန်ကျီသိုင်းကွက်ကလွဲ၍ သူမကြောက်ပါ။
ကျန်ချေ၏ လက်နှစ်ချောင်းထောင်၍ ဝင်လာသောသိုင်းကွက်ကို သူ မည်သို့ရှောင်ရမည်ကို သူစဉ်းစားနေသည်။
ရုတ်တရက် - သတိရ၍...
အင်မတန်လျင်မြန်သောသိုင်းကွက်သမား ဖြစ်လင့်ကစား ကျန်းချေ၏သိုင်းကွက်အား ခုခံကာကွယ်နိုင်ခြင်း မရှိသည်ကို သိလိုက်ရသောအခါ ကပျာကယာ မြေပေါ်သို့ လှဲချကာ နောက်သို့ ဝါးတစ်ရိုက်ခန့်လိမ့်၍ ရှောင်တိမ်းလိုက်လေသည်။



မြေပေါ်တွင်လှိမ့်နေစဉ်....

ကျန်ချေသိုင်းကွက်အား မည်သို့ယှဉ်ပြိုင်ရမည်ကို စဉ်းစားနေသည်။

ချက်ခြင်း...

မြေကြီးပေါ်သို့ မတ်တပ်ရပ်လိုက်သောအခါ ပြိုင်ရမည့်သိုင်းကွက်ကို စဉ်းစားထားပြီးသား ဖြစ်နေသည်။

ထို့ကြောင့်....

ကျန်ချေတိုက်ခိုက်ရန် ထားသောအခါ သူ လက်ဝါးနှစ်ဖက်ကို တွန်းပြီးသားဖြစ်နေသည်။

ကျန်ချေသည်...

မိမိသိုင်းကွက်ကို ချန်းယီရှောင်မည်ထင်ပြီးလာသော်လည်း မရှောင်ဘဲ တွန်းကာန် တိုက်ကွက်ဖြင့် ခုခံသောကြောင့် သူလည်းပြောင်းပြီး ချန်းယီကို အတွင်းအားဖြင့် တွန်းလိုက်သည်။

ထိုလူငယ်၏....

လျှပ်တစ်ပြက် သိုင်းကွက်ပြောင်းနည်းကို ချီးကျူးမိသည်။

တကယ်တော့....

မိမိ၏ တစ်ရာကွက်မှနေ၍ အဆင့်နိမ့်တိုက်ကွက်ဆီသို့ ပြန်လည်ခေါ်ဆောင်သွားသော ချန်းယီကို သူ မချီးကျူးဘဲ မနေနိုင်ပါ။

www.burmeseclassic.com



ယခုကဲ့သို့....

အတွင်းအားယှဉ်ပြိုင်တိုက်ခိုက်မှုတွင် တစ်ဦးကပြောင်းလဲတိုက်ခိုက်ပါက အတွင်းအားပြောင်းလဲသူက သေစတမ်းဖြစ်သည်။

ဒါကြောင့်....

ဒီတိုက်ကွက်ကို ကျွန်ချေဘယ်တော့မှ သုံးဖို့မရည်ရွယ်ပေ။

ခုတော့....

ချန်းယီ စတင် သုံးစွဲနေသောကြောင့် သူလည်း တန်ပြန်သုံးစွဲရတော့သည်။

အချိန်သည် အတော်ကြာသွားသည်။

နှစ်ဦးစလုံးအာရုံ များသည်။

လက်ဖဝါးပေါ်တွင် ရောက်နေကြသည်။

ခန္ဓာကိုယ်တွင် အဆက်မပြတ် တွန်းအားတွေထုတ်ပေးနေရသည်။

အချိန် ထပ်မံ ကုန်လွန်လာပြီး....

သူတို့နှစ်ယောက်၏ ယှဉ်ပြိုင်မှုသည် သူတို့နှစ်ယောက်၏ စွမ်းအားတည်နေသောကြောင့် သူတို့ သေသေကြေကြေတိုက်ပွဲဝင်ရတော့မည်။



ကျွန်ချေသည်....

ဤလူငယ်ကို ဘယ်လိုမှလျှော့တွက်၍ မရမှန်းသိလာသည်။

ချန်းယီအဖို့လည်း....

ယခုလို အဆင့်မြင့်သိုင်းသမားတစ်ဦးနှင့် တစ်ကြိမ်သာယှဉ်ပြိုင်သောကြောင့် တစ်စက်ကလေးမျှ အာရုံနှင့်အတွင်းအားကို မလျှော့ခဲ့တော့ပေ။

ညနေပင် စောင်းလာပြီ....

ဆည်းဆာ၏အလှ ပေါ်လွင်လာသည်။

သူတို့နှစ်ယောက်စလုံး၏ ငယ်ထိပ်များမှ....

အခိုးအငွေ့များထွက်လာပြီး တစ်ယောက်ကိုတစ်ယောက်စိုက်၍ညှိသလိုဖြစ်နေကြသည်။

လက်ဖဝါး လေးဖက်စလုံး....

တစ်ခုတည်းလို ပူးကပ်နေတော့သည်။

အဝေးမှ တိမ်ပန်းချီသည်....

နီဟွာရောင် အုံ့အုံ့ဖက်တိမ်နေသည်။

နှစ်ဦးစလုံး၏ ခြေထောက်တွေက မြေသို့ ကျွံနေနေပေပြီ။

www.burmeseclassic.com



ဤသို့ အတွင်းအား ဆက်လက်သုံးစွဲပါက....

သူတို့နှစ်ယောက်လုံး မြေထဲသို့ရောက်သွားပြီး ဒူးဆစ်အထက်ရောက်ထည့်နှင့် နှစ်ဦးစလုံးမြေဓာတ်ကူး၍ အသက်ဆုံးရှုံးကြပေလိမ့်မည်။

ဗိုအတိုင်းဆိုတစ်ဦးတစ်ယောက်မှ အနိုင်မပေါ်နိုင်ပေ။

ထိုသို့ အနိုင်အရှုံးမရှိသောပွဲဝ....

နှစ်ဦးစလုံး အရှုံးကို ပြိုင်ပွဲအဖြစ်သတ်မှတ်သော ချန်းယီသည် စိတ်မကောင်းဖြစ်မိသည်။

မိမိ၏တာဝန်ကျေပွန်မှုကို ပြန်လည်အမှတ်ရပြီး စိတ်ကိုဖြေဖျောက်လိုက်ရသည်။

နှစ်ဦးစလုံး....

အတွင်းအားသည် မြေပင် မြေမျက်စိ မှုပ်စပြုလာသည်။

လက်လျှော့သောသူ အရှုံးနှင့် အသေပင်။

နေ၏အလင်းရောင်သည် ပျောက်ကွယ်လုချိန်....

အနီးရောင်မိုးကုတ်စက်ဝိုင်း ပျောက်တော့မည်။

အဝေးမှခွေးအူသံပင် ကြားနေရပြီ။

တောခွေးများ မကြာခင်အစာရှာထွက်ချိန် ရောက်တော့မည်။



ငှက်များ အိပ်တန်းတက်ဖို့ သစ်ပင်များရှိရာ ပျံသန်းသွားနေကြပေပြီ။

ညနေမှသည်....

ညအတွက် ချင်းနင်းဝင်ရောက်လာပြီ။

ရုတ်တရက်....

အမှောင်ကို အဖြူအလင်းတန်းတစ်ခု ချန်းယီရှေ့တည့်တည့်လာနေသည်။

ချန်းယီ အလင်းတန်းဆီတစ်ချက် သတိထားပြီး....

အတွင်းအားစိုက်ထုတ်လိုက်ဘည်။

ရန်သူတစ်ယောက်အဖြစ်....

သူ ထပ်မံ ရှင်မဆိုင်ရခင် ကြိုတင်တွက်လိုက်ခြင်းဖြစ်သည်။

တကယ်တော့....

သူမှားသွားသည်။

မြေမျက်စိမြုပ်နေသောသူပင် တစ်လံလောက် မြေမှလွတ်ပြီး လွင့်ထွက်သွားသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ ပြောင်းသွားသည်မို့....

သူ ရန်သူကို အခြေအနေ ပြောင်းလဲတိုက်ခိုက်ရန် မြေပေါ်သို့ ကုန်းဆင်းလိုက်လည်း၊

သူယိုင်သွားပြီး ဖင်ထိုင်လဲသွားသည်၊

ဒါပေမယ့် သူ့မျက်လုံးများက အရောင်မမှိန်သေးပါ၊

ကျွန်ချော မှောက်လျက်လဲနေသည်၊

သူ လောကကြီးကို စွန့်ခွာသွားပြီဖြစ်သည်၊

တစ်ယောက်သောသူက ရပ်လျက်၊

သူကား စုဝေယန်....၊

တဖြည်းဖြည်း ပေါ်လွင်လာသော....

သူမရှုပ်သွင် သူ့ဆီသို့ တစ်လှမ်းချင်း လျှောက်လာသည်၊

မြေပေါ်တွင်လဲနေတောသူအား....

လက်ကမ်းပေးသည်၊

သူ စုဝေယန်၏လက်ကို အားပြုပြီးထလိုက်စဉ်....

'အိုး....'



နှစ်ဦးစလုံး မြေပေါ်သို့ ပြန်ကျသွားသည်၊
သခင်မလေး စုဝေယန်သည်....
ချန်းယိ၏ကိုယ်ပေါ်တွင် မျက်နှာနီမြန်းလျက်ရှိသည်၊
ညဦးယံလည်း....
တဖြည်းဖြည်းအမှောင်သို့ ဦးတည်ရွေ့လျားနေသည်....၊

ပြီး ပါ ပြီ။

တက္ကသိုလ် နေဘုန်းဦး

www.burmeseclassic.com